စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆု

# သူ့ကျွန်မခံ ဆရာစံ




ဖွဲ့သန်းသျှင်း
(သုံးဆယ်)

၂၀၁၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု
သုတပဒေသာ (ဝိဇ္ဇာ)ဆု၊ ဒုတိယဆု

# သူကျွန်မခံ ဆရာစံ

## ဖွဲ့သန်းသျှင်း (သုံးဆယ်)

တည်းဖြတ်သူ - ဒေါ်သဥ္ဇာနွယ်
- စာတည်း
အဖုံးပန်းချီ - ဇော်နိုင်ထွန်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၉ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၅၀၀

တန်ဖိုး ( ၁၂၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
စာပေဗိမာန် စာတည်းမှူးချုပ် ဦးကိုကိုနိုင်က
မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

**ဒို့တာဝန်အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | ကျေးဇူးတင်လွှာ | |
| - | နိဒါန်း | |
| ၁။ | ငယ်စဉ်ဘဝ ဆရာစံ | ... ၁ |
| ၂။ | ဝံသာနုခေါင်းဆောင် ဆရာစံ | ... ၇ |
| ၃။ | သူ့ကျွန်မခံ ဆရာစံ | ... ၂၃ |
| ၄။ | ခုံရုံးရှေ့ရောက် ဆရာစံ | ... ၅၃ |
| ၅။ | စာရေးဆရာ ဆရာစံ | ... ၇၇ |
| ၆။ | ကျမ်းသစ္စာကျိန်ဆိုလွှာများတွင် ထင်ဟပ်သော ဂဠုန်တပ်သားကြီးများ၏ မျိုးချစ်စိတ်ဓာတ် | ... ၈၉ |
| ၇။ | အရေးတော်ပုံကာလ အင်္ဂလိပ်အစိုးရ၏ လိမ်လည်လှည့်ဖြားမှုများ | ... ၁၀၁ |
| ၈။ | အရေးတော်ပုံကာလအတွင်းက အင်္ဂလိပ် အစိုးရ၏ ရက်စက်မှုများ | ... ၁၁၃ |
| ၉။ | သက်သေခံပစ္စည်းများကပြောသော တောင်သူလယ်သမားအရေးတော်ပုံ | ... ၁၂၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၀။ | ဆရာစံနှင့် တောင်သူလယ်သမား အရေးတော်ပုံအား ဝေဖန်ရေးသားကြသူများ | . . . ၁၄၁ |
| ၁၁။ | ဆရာစံနှင့် အရေးတော်ပုံအကြောင်း ဝတ္ထု၊ ရုပ်ရှင်နှင့် ကာတွန်းများ | . . . ၁၅၉ |
| ၁၂။ | နောက်ဆက်တွဲ | |
| | (က) ဆရာစံ၏ဘဝဖြစ်စဉ် ရက်စွဲများ | . . . ၂၆၃ |
| | (ခ) ဆရာစံ၏ ပုံပန်းသဏ္ဌာန် | . . . ၂၇၁ |
| | (ဂ) ဆရာစံ၏ ဇာတာခွင် | . . . ၂၇၂ |
| | (ဃ) သာယာဝတီနယ်အရေးတော်ပုံ ဆိုင်ရာမြေပုံ | . . . ၂၇၅ |
| ၁၃။ | ကျမ်းကိုးစာရင်း | . . . ၂၇၇ |
| ၁၄။ | စာတမ်းများနှင့် စာနယ်ဇင်းဆောင်းပါးများ | . . . ၂၈၃ |


❖❖❖

# ကျေးဇူးတင်လွှာ

သူ့ကျွန်မခံ ဆရာစံ စာအုပ်အား ရေးသားပြုစုရာတွင် အကူအညီပေးခဲ့သော သုံးဆယ်မြို့ မောင်းထောင်ကျောင်းတိုက်မှ ဆရာတော် ဉူးနာဂဝံသအား ကျေးဇူးအထူးတင်ပါသည်။ ဆရာတော်ထံမှ "၁၉၃၀ ပြည့်နှစ်မှ ၁၉၃၂ ခုနှစ်များအတွင်း မြန်မာပြည်တွင် သူပုန်ထကြွမှု ဖြစ်ပွားရင်းအကြောင်းနှင့် မည်သည့်အတွက် ဖြစ်ပွားရသည့် အကြောင်းအရာများ" စာအုပ်သာမရခဲ့ပါက သူ့ကျွန်မခံ ဆရာစံ စာအုပ်အား ရေးသားပြုစုနိုင်မည် မဟုတ်ပါ။

ထို့ပြင် ဆရာစံ အတ္ထုပ္ပတ္တိနှင့်ပတ်သက်သော ဆောင်းပါးတချို့အား စာရေးသူထံသို့ ပေးပို့ကူညီခဲ့သော အမရပူရမြို့မှ ဆရာမောင်သစ်လွင် (လူထု)အားလည်းကောင်း၊ လိုအပ်သောအထောက်အထားများကို မိတ္တူကူးပေးသော ဆရာ ဦးသန်းအုန်း (မောင်ဓေယျာ) အားလည်းကောင်း၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ဝန်ထမ်းများနှင့် အမျိုးသားစာကြည့်တိုက်မှ ဝန်ထမ်းများအားလည်းကောင်း၊ သာယာဝတီမြို့နယ် ရေတိုက်ရွာမှ မောင်ကျော်စိုး (ဆရာစံအောင်မြေကုန်း သာသနာပြု) နှင့် ကွန်ပ်ျူအားပညာသင်ကြားပေးခဲ့သော မိဘနှစ်ပါးနှင့် အစ်ကို ကိုခင်အေး (ခင်ဇေ-စက်မှု) တို့အား အထူးပင် ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ဇွဲသန်းချွင်း (သုံးဆယ်)

# နိဒါန်း

မြန်မာနိုင်ငံတွင် အင်္ဂလိပ်နယ်ချဲ့အစိုးရအား လက်နက်ကိုင်တော်လှန်ပုန်ကန်ခဲ့သည့် တောင်သူလယ်သမားအရေးတော်ပုံကြီးသည် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် သာယာဝတီနယ်မှ စတင်ဖြစ်ပွားခဲ့သည်။ စာရေးသူသည် တောင်သူလယ်သမား အရေးတော်ပုံ စတင်ဖြစ်ပွားရာဒေသမှ ဒေသခံ စာပေသမားတစ်ဦးဖြစ်သည်။ တစ်ချိန်က မိမိဒေသမှ စတင်ဖြစ်ပွားကာ ကမ္ဘာကသိခဲ့သော တောင်သူလယ်သမားအရေးတော်ပုံကြီးနှင့် အရေးတော်ပုံခေါင်းဆောင် ဆရာစံအကြောင်းအား ဖော်ထုတ်မှတ်တမ်းတင်လိုသောဆန္ဒဖြင့် ဆရာစံအကြောင်းနှင့် တောင်သူလယ်သမားအရေးပုံအကြောင်း ရေးသားထားသည့် စာအုပ်စာတမ်းများနှင့် စာနယ်ဇင်းများအား လက်လှမ်းမီသ၍ ရှာဖွေလေ့လာခဲ့ပါသည်။ ထိုအခါ တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင် ဆရာစံ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် ဆရာစံ၏ ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်းတို့ကို လေ့လာခွင့် ရခဲ့သည်။

ဆရာစံ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် ဆရာစံ၏ နေ့စဉ်မှတ်တမ်းတို့တွင်ဖော်ပြထားသော ဖြစ်စဉ်ဖြစ်ရပ်အချို့နှင့် ဆရာစံအကြောင်း၊ တောင်သူလယ်သမားအရေးတော်ပုံအကြောင်း ရေးသားထားကြသည့် စာအုပ်စာတမ်းများပါ ဆရာစံအကြောင်းတို့မှာ အချို့နေရာများ၌ တစ်ခုနှင့်တစ်ခု ကွဲလွဲနေသည်ကို တွေ့ရသည်။ ထို့ကြောင့် မှန်ကန်ပြီး တိကျမှုရှိသော ဆရာစံအတ္ထုပ္ပတ္တိတစ်ခုဖြစ်လာစေလိုသဖြင့်လည်းကောင်း၊ တစ်ဖက်တွင်လည်း တောင်သူလယ်သမားအရေးတော်ပုံ သမိုင်း၌ လိုနေသော ကွက်လပ်တစ်ခုအား ဖြည့်ဆည်းသည့်အနေဖြင့်

လည်းကောင်း ဤစာအုပ်အား ရေးသားပြုစုရန်ဆန္ဒ ဖြစ်ပေါ်လာပါသည်။

သမိုင်းသုတေသီများ၊ စာရေးဆရာများသည် ဆရာစံအကြောင်းနှင့် တောင်သူလယ်သမားအရေးတော်ပုံအကြောင်းတို့ကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း ရေးသားခဲ့ကြသည်။ ဤသို့ဖြင့် ဆရာစံအကြောင်းကိုလည်းကောင်း၊ တောင်သူလယ်သမားအရေးတော်ပုံ အကြောင်းကိုလည်းကောင်း ကမ္ဘာက သိခဲ့ကြသည်။ သို့ရာတွင် ကမ္ဘာကသိခဲ့သော ဆရာစံအကြောင်းတွင် အမှားအယွင်းအချို့ ရှိခဲ့သည့်အပြင် ဆရာစံအတ္ထုပ္ပတ္တိမှာလည်း စာအုပ်အဖြစ် တစ်စုတစ်စည်းတည်း မရှိသေးပါ။ ထို့ကြောင့် မှန်ကန်ပြီးတိကျမှုရှိသော ဆရာစံအတ္ထုပ္ပတ္တိတစ်ခုအား စာအုပ်အဖြစ်ရှိစေချင်သောရည်ရွယ်ချက်ဖြင့် ဤ "သူ့ကျွန်မခံ ဆရာစံ" စာအုပ်အား ရေးသားပြုစုရခြင်းဖြစ်သည်။

ဤနေရာတွင် အတ္ထုပ္ပတ္တိစာပေနှီးနှောဖလှယ်ပွဲစာတမ်းမှ ဆရာဦးလှကြိုင် (ပါရဂူ)၏ အဆိုအမိန့်တစ်ခုကို တင်ပြလိုပါသည်။ အတ္ထုပ္ပတ္တိရေးသားရာ၌ အကြောင်းအရာအချက်အလက်ကို မှန်ကန်တိကျစွာ ရေးဖြစ်ပါသည်။ ပစ္စုပ္ပန်၏အတ္ထုပ္ပတ္တိသည် အနာဂတ်တွင် သမိုင်း၏ အချက်အလက်များ ဖြစ်လာမည်ဖြစ်ရာ အတ္ထုပ္ပတ္တိ၏ မတိကျ မမှန်ကန်မှုသည် သမိုင်းအတွက် အမှားအယွင်း ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် အတ္ထုပ္ပတ္တိရေးသားရာ၌ အကြောင်းအရာ အချက်အလက်များ မှန်ကန်တိကျရေးကို အထူးအလေးပေးသင့်ပါသည်ဟု ဆရာဦးလှကြိုင်က သူ့စာတမ်းတွင် သတိပေးထားပါသည်။

ဆရာဦးလှကြိုင် မိန့်ဆိုသတိပေး တင်ပြထားသည့်အတိုင်း သူ့ကျွန်မခံ ဆရာစံစာအုပ်ကို ရေးသားပြုစုရာတွင် အကြောင်းအရာ အချက်အလက် မှန်ကန်တိကျရေးကို အလေးထားကာ ရေးသားပြုစုထားပါသည်။

ဆရာစံအတ္ထုပ္ပတ္တိနှင့်ပတ်သက်၍ အကြောင်းအရာ အချက်အလက်အချို့ တစ်ခုနှင့်တစ်ခု ကွဲလွဲနေခြင်းမှာ ခိုင်မာသော အရင်းခံအထောက်အထားများကို အခြေပြုကာရေးသားရမည့်အစား တစ်ဆင့်ခံအထောက်အထားများကိုသာ အခြေပြုရေးသားခဲ့သောကြောင့် ဖြစ်ပါသည်။ သမိုင်းဖြစ်ရပ်တစ်ခု၊ အတ္ထုပ္ပတ္တိတစ်ခုကိုရေးသားပြုစုရာတွင် ခိုင်မာသော အရင်းခံအထောက်အထား၊ မငြင်းနိုင်သော သမိုင်းဆိုင်ရာ အထောက်အထားများကို အခြေပြုမရေးသားဘဲ တစ်ဆင့်ခံ အထောက်အထားများဖြင့် ရေးသားမိပါက မှားယွင်းလွဲချော်သွားနိုင်ပါသည်။ နောင်တွင် ဤမှားယွင်းလွဲချော်နေသည့် အကြောင်းအချက်များကိုပင် အမှန်ဟု မှတ်ယူသွားနိုင်ပါသည်။

"သူ့ကျွန်မခံ ဆရာစံ" စာအုပ်ကို ရေးသားပြုစုရာတွင် သမိုင်းပညာရှင်များ၊ သမိုင်းသုတေသီများ၊ စာပေပညာရှင်များ၏ အဆိုအမိန့်များ၊ ရေးသားချက်များကို ရိုသေလေးစားစွာ ခံယူပြီး ဆရာစံ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် ဆရာစံ၏ နေ့စဉ်မှတ်တမ်းများဖြင့် တတ်စွမ်းသမျှ ညှိနှိုင်းကာ ရေးသားပြုစုထားပါသည်။

ထုတ်ဝေခဲ့ပြီးသမျှသော ဆရာစံနှင့် တောင်သူလယ်သမားအရေးတော်ပုံဆိုင်ရာ စာအုပ်စာတမ်းများတွင် ဖော်ပြထားခြင်းမရှိသဖြင့် တိမ်မြုပ်နေသည့် အရေးတော်ပုံဂဠုန်တပ်သားများ သစ္စာဆိုခဲ့ကြသည့် ကျမ်းသစ္စာကျိန်ဆိုလွှာများအကြောင်းကိုလည်းကောင်း၊ ဆရာစံနှင့် အရေးတော်ပုံ ဂဠုန်တပ်သားများအား အင်္ဂလိပ်အစိုးရက တရားစွဲဆိုရာတွင် သက်သေခံအဖြစ် တင်ပြခဲ့သော စာရွက်စာတမ်း သက်သေခံပစ္စည်းများအကြောင်းကိုလည်းကောင်း၊ အရေးတော်ပုံကာလအတွင်းက

အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ မဟုတ်မမှန် လိမ်လည်လှည့်ဖြားမှုများ အကြောင်းကိုလည်းကောင်း၊ အရေးတော်ပုံ ကာလအတွင်းက နယ်ချဲ့ အစိုးရ၏ ရက်စက်မှုများအကြောင်းကို လည်းကောင်း၊ ဆရာစံနှင့် တောင်သူလယ်သမားအရေးတော်ပုံအား အကောင်းအဆိုး ဝေဖန် ရေးသားခဲ့ကြသော ပြည်တွင်းပြည်ပမှ စာရေးဆရာများနှင့် သုတေသီ များ၏ ဝေဖန်စာများအကြောင်းကိုလည်းကောင်း ဤ “သူ့ကျွန်မခံ ဆရာစံ” စာအုပ်၌ တင်ပြထားပါသည်။

နောက်ထပ်တင်ပြလိုသည်မှာ “သူပုန်” ဟူသော အသုံး အနှုန်းနှင့် ပတ်သက်၍ဖြစ်ပါသည်။ ဤစာအုပ်တွင် “သူပုန်” ဟူသော အသုံးအနှုန်းအစား “အရေးတော်ပုံ ဂဠုန်တပ်သား” ဟူသော အသုံးအနှုန်းကို သုံးစွဲထားပါသည်။ သို့ရာတွင် အချို့နေရာ များ၌ မလွှဲမရှောင်သာသဖြင့် ထိုခေတ်ထိုအချိန်က ခေါ်ဝေါ်သုံးစွဲ ခဲ့သည့် အသုံးအနှုန်းအတိုင်း “သူပုန်” ဟူ၍ သုံးစွဲထားပါသည်။

“သူ့ကျွန်မခံ ဆရာစံ” စာအုပ်နှင့်ပတ်သက်သည့် အထောက်အထားများကို ဤစာအုပ်နောက်ပိုင်းတွင် မှတ်စုများဖြင့် ဖော်ပြထားပါသည်။ ဆရာစံ၏ ဘဝဖြစ်စဉ်ရက်စွဲများကို နောက်ဆက်တွဲ (က) တွင်လည်းကောင်း၊ ဆရာစံ၏ ပုံပန်းသဏ္ဌာန်ကို နောက်ဆက်တွဲ (ခ) တွင်လည်းကောင်း၊ ဆရာစံ၏ ဇာတာခွင်ကို နောက်ဆက်တွဲ (ဂ) တွင်လည်းကောင်း သာယာဝတီနယ် အရေးတော်ပုံဆိုင်ရာ မြေပုံကို နောက်ဆက်တွဲ (ဃ) တွင်လည်းကောင်း ဖော်ပြထားပါသည်။

ဤစာအုပ်ပါ တင်ပြချက်မျှလောက်ဖြင့် ဆရာစံ၏အတ္ထုပ္ပတ္တိ သည် ပြီးပြည့်စုံပြီဟု မမှတ်ယူနိုင်ပါ။ သို့ရာတွင် ဤ “သူ့ကျွန် မခံ ဆရာစံ” စာအုပ်သည် မှန်ကန်ပြီး တိကျမှုရှိသော ဆရာစံ၏ အတ္ထုပ္ပတ္တိတစ်ခုဖြစ်သည်ဟုဆိုလျှင် ဤစာအုပ်အား ရေးသားပြုစု ရကျိုးနပ်သည်ဟု ခံယူပါသည်။

ဖွဲ့သန်းသျှင်း (သုံးဆယ်)



တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင် ဆရာစံ

## အခန်း (၁)

# ငယ်စဉ်ဘဝဆရာစံ

မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့တို့ ကျွန်ပြုအုပ်ချုပ်ခဲ့စဉ် အခါက သာယာဝတီနယ်မှ စတင်ကာ တောင်သူလယ်သမားများ လက်နက်စွဲကိုင်ပြီး အင်္ဂလိပ်နယ်ချဲ့အစိုးရကို တော်လှန်ပုန်ကန် ခဲ့ခြင်းဖြင့် တောင်သူလယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက် ခဲ့သည်။ ခေါင်းဆောင်မှာ ဆရာစံ ဖြစ်သည်။

ဆရာစံ (၁၂၃၈-၁၂၉၃) ကို ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ မူချောင်း အနောက်ဘက်ကမ်းရှိ သရက်ကန်အရှေ့ရွာတွင် ၁၂၃၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ အင်္ဂါနေ့ည ၁၁ နာရီ ၅၅ မိနစ်အချိန်တွင် ဖွားမြင်သည်။ ဆရာစံ၏ဖခင်မှာ ဦးကြေး ဖြစ်သည်။ ဦးကြေးသည် အလောင်းမင်းတရားကြီး၏ ဆွေတော်၊

မျိုးတော်များနေရသော မင်းကုန်းရွာ* တွင် သက္ကရာဇ် ၁၁၈၉ ခုနှစ်က ဖွားမြင်သည်။ မင်းကုန်းရွာသည် ရွှေဘိုမြို့၏ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ အပြင်မြို့ရိုးအတွင်း၌ရှိသည်။

ဆရာစံ၏မိခင်မှာ ဒေါ်ဖက် ဖြစ်သည်။ သက္ကရာဇ် ၁၂၀၅ ခုနှစ်တွင် မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ကန်ဖြူရွာ၌ ဖွားမြင်သည်။ ငယ်မည်မှာ မမျှင်ဖြစ်သည်။ ဒေါ်မျှင်သည် ပုဂံမင်း လက်ထက်နှင့် မင်းတုန်းမင်းလက်ထက်တို့တွင် နန်းတော်တွင်း၌ အပျိုတော် ဖြစ်သည်။

ဆရာစံ၏ဖခင် ဦးကြေးသည် ဒေါ်ဖက်နှင့်အကြောင်း မပါမီ ဒေါ်ငွေးဆိုသော အမျိုးသမီးနှင့် ပေါင်းသင်းခဲ့ရာ မရွက် အမည်ရှိ သမီးတစ်ယောက် ဖွားမြင်သည်။ ဦးကြေးသည် ပထမ ဇနီး ဒေါ်ငွေးသေဆုံးပြီးမှ ဒေါ်ဖက်နှင့် အကြောင်းပါခြင်းဖြစ် သည်။ ထိုအချိန်၌ ဒေါ်ဖက်မှာ နန်းတွင်းသူ မဟုတ်တော့ပေ။

ဆရာစံမှာ တောင်သူလယ်သမားကြီး ဦးကြေးနှင့် ဒေါ်ဖက်တို့မှ မွေးဖွားသော သားသမီး ငါးယောက်အနက် အငယ်ဆုံး ဖြစ်သည်။ ဆရာစံ၏အစ်ကိုနှင့် အစ်မများမှာ ကိုရာကြူး၊ ကိုရာဒန် မအေးမြင့်နှင့် မအေးဆင့် တို့ဖြစ်သည်။ ကိုရာကျော်ခေါ် ဆရာစံငယ်စဉ်က ဇာတာထဲတွင် စံရှားဟု မှည့် သည်။ ကြီးလာသောအခါ ဆရာစံဟု ခေါ်ကြသည်။

---

* ဆရာစံ၏ဖခင် ဦးကြေးမွေးဖွားရာရွာကို သရက်ကန်အရှေ့ဘက်ရွာဟု ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ စာ–၅၇ တွင်လည်းကောင်း၊ မြန်မာ့စွယ်စုံကျမ်းအတွဲ–၄၊ စာ–၇၉ တွင်လည်းကောင်း၊ တို့ဗမာအစည်းအရုံး သမိုင်း (ပထမတွဲ) စာ–၁၄၁ တွင်လည်းကောင်း ပြထားပါသည်။ သရက်ကန် ရွာမှာ ဆရာစံမွေးဖွားရာရွာ ဖြစ်သည်။ ဦးကြေးမွေးဖွားရာ ရွာမဟုတ်ပေ။



ဆရာစံ အသက်ငါးနှစ်အရွယ်တွင် ရွှေဘိုနယ်၊ မင်းကုန်း ကျောင်း ဦးမင်္ဂလာဆရာတော်ထံတွင် ပညာစတင်သင်ကြားခဲ့ သည်။ ခုနစ်နှစ်သားအရွယ်တွင် မြင်းသူကြီးရွာ၊ ဘုန်းကြီး ဦးကလျာဏ (လူအမည် ဦးမူဒယ်) ကျောင်း၌ ပညာဆက်လက် သင်ယူသည်။ ၁၂ နှစ်သားအရွယ်တွင် သရက်ကန်ရွာ ဘုန်းတော် ကြီး ဦးသူရိယကျောင်း၌ ပညာသင်ယူခဲ့ပြန်သည်။ ဆရာစံ အသက် ၁၄ နှစ်အရွယ်တွင် ဖခင် ဦးကြေးကွယ်လွန်ခဲ့သည်။ မိခင် ဒေါ်ဖက်သည် ဆရာစံကို အသက် ၁၅ နှစ်သားကျမှ ရှင်ပြုပေး နိုင်ခဲ့သည်။ ဆရာစံသည် ကိုရင်ဝတ်ဖြင့် တစ်နှစ်ကြာ ပညာ သင်ကြားခဲ့ပြီး လူထွက်ခဲ့သည်။

ထို့နောက် ဆရာစံသည် ထိပ်တင်ကြီး ဦးစောဖိတ် (အိမ် ရှေ့မင်းသားကြီး) နှင့်အတူ မိုးကုတ်မြို့သို့ ဆေးကု၊ ဇာတာဖွဲ့ရန် သွားသည်။ မိုးကုတ်မြို့၌ ထိပ်တင်ကြီး ဦးစောဖိတ်နှင့်အတူ တစ်နှစ်ခန့် နေထိုင်ခဲ့သည်။ ထို့နောက် သရက်ကန်ရွာသို့ ပြန်လာ ကာ လယ်ယာလုပ်ငန်းကို နှစ်နှစ်တိုင်တိုင် လုပ်ကိုင်ခဲ့သည်။ ထိုစဉ် အခါက အဆိုပါဒေသတစ်ဝိုက်တွင် မိုးခေါင်ရေရှားသဖြင့် တောင် သူလယ်သမားတို့မှာ အလွန်ဆင်းရဲစွာ လုပ်ကိုင်စားသောက်ခဲ့ကြ ရသည်။ ထို့ကြောင့် ဆရာစံလည်း လယ်ယာလုပ်ငန်းကို စိတ်ပျက် ကာ အောက်ပြည်အောက်ရွာသို့ဆင်းပြီး အလုပ်အကိုင် ရှာဖွေ လုပ်ကိုင်ရန် ရွာမှထွက်လာခဲ့သည်။

ထိုစဉ် သူ့အသက် ၂၀ အရောက်တွင် မိခင် ဒေါ်ဖက် ကွယ်လွန်သွားခဲ့သည်။ ထို့ကြောင့် ဆရာစံသည် စိတ်မကြည်မလင် ဖြစ်သဖြင့် မန္တလေးမြို့သို့သွားကာ မြတောင်တိုက်တွင် သင်္ကန်း စည်းပြီး ပညာသင်သည်။ နှစ်နှစ်အကြာတွင် ဆရာစံသည် လူထွက်

ကာ တောင်ငူဘက်သို့ သွားရောက်နေထိုင်ပြန်သည်။ တောင်ငူဘက်တွင် သူ ကြာကြာမနေခဲ့ပေ။ ထို့နောက် ဆရာစံသည် ဖျူးမြို့အရှေ့ဘက်ရှိ ငါးခေါင်းအင်းရွာသို့ ပြောင်းရွှေ့သွားသည်။ ဆရာစံသည် ထိုသို့ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သွားလာနေထိုင်ရင်း သူတတ်ကျွမ်းထားသော ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း၊ ဇာတာဖွဲ့ခြင်းအလုပ်တို့ကို လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။ ထိုစဉ် ယာဉ်ခြင်းရွာမှ ငါးခေါင်းအင်းရွာသို့ ပြောင်းရွှေ့လာသော မမယ်ကေနှင့်တွေ့ဆုံကာ အိမ်ထောင်ပြုခဲ့သည်။ မမယ်ကေနှင့်အတူနေထိုင်ရင်း မမယ်စိန်နှင့် မောင်ရွှေရင်* အမည်ရှိ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့သည်။

၁၂၇၀ ပြည့်နှစ်တွင် ဆရာစံသည် ဇနီးသည် မမယ်ကေနှင့် အဆင်မပြေဖြစ်ကာ လင်မယား ကွာရှင်းခဲ့သည်။ ထို့နောက် ဆရာစံသည် ဒိုင်းဝန်းကွင်း၊ ထန်းပင်ကုန်းရပ်ရှိ ဒေါ်ဖွား၏နေအိမ်တွင် နေထိုင်ကာ ဆေးဆရာအဖြစ် ဆေးကုသနေသည်။ ၁၂၇၁ ခုနှစ်တွင် ဆရာစံသည် ကော့ကရိတ်မြို့သို့သွားကာ ဆေးကုသနေစဉ် နှစ်နှစ်ခန့် ရဟန်းဝတ်ဖြင့် နေခဲ့သည်။ ထို့နောက် လူထွက်ကာ မော်လမြိုင်၊ ပေါင်၊ ကျွဲခြံနှင့် ဘီလူးကျွန်းတို့တွင် ဆေးဆရာအဖြစ် ဆေးကုသရင်း ဘဝရပ်တည်မှု ရှာခဲ့သည်။ ထိုစဉ်က ဆရာစံသည် ကော့ကရိတ်တွင် ဆေးဆိုင်တစ်ဆိုင်နှင့် မော်လမြိုင်တွင် ဆေးဆိုင်တစ်ဆိုင်စီ ဖွင့်လှစ်ထားသည်။

*** မြန်မာ့စွယ်စုံကျမ်းအတွဲ- ၄၊ စာ-၇၉ တွင် ဆရာစံ၏သားအမည်ကို မောင်ဘိုးသင်းဟု ပြထားပါသည်။**



၁၂၇၄ ခုနှစ်တွင် ပေါင်၊ ကျွဲခြံမှ သူဌေး ဦးဘိုးတင်၊ ဒေါ်သဲရီတို့နေအိမ်တွင် နေထိုင်ကာ ဆေးကုသရင်း တစ်ဖက်တွင်လည်း ဆန်စပါး အရောင်းအဝယ် ပြုလုပ်သည်။ ၁၂၇၆ ခုနှစ်တွင် ကမာမိုရွာသို့ သွားရောက်နေထိုင်ကာ ဆေးကုသနေသည်။ ၁၂၇၈ ခုနှစ်၊ နယုန်လတွင် ဆရာစံသည် ကျိုက်ထီးရိုးဘုရားသို့ သွားကာ ၁၀ ရက်ကြာ ဥပုသ်စောင့်သည်။ ထိုမှတစ်ဖန် ဇင်းကျိုက်ဘုရား၌လည်း ဥပုသ်ရက်ရှည် စောင့်ခဲ့သည်။ ထိုစဉ် ဆရာစံမှာ အသက် ၄၀ ပြည့်ခဲ့သည်။ ဆရာစံသည် အသက် ၄၀ ပြည့်သည့်နေ့မှစ၍ လက္ခဏာဇုကျမ်းကို စတင်ရေးသားခဲ့သည်။[၁]

**၁။ (က) ဦးမြင့်ဆွေ၊ ကိုလိုနီခေတ် စာပေလှုပ်ရှားမှု၊ စာ-၁၉၃-၂၀၄။**
**(ခ) မောင်သစ်လွင် (လူထု)၊ ငါးမည်ရ ဆရာစံ၏ဘဝအထွေထွေ၊ ငွေတာရီ မဂ္ဂဇင်း အမှတ် (၁၀၅)၊ မတ်လ ၁၉၆၉ ခုနှစ်၊ စာ-၂၅-၂၈။**



**တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင် ဆရာစံငယ်စဉ်က ပညာသင်ကြားခဲ့သည့် ဦးသူရိယကျောင်း**

## အခန်း (၂)

## ဝံသာနုခေါင်းဆောင် ဆရာစံ

ဆရာစံသည် ဆေးကုသရင်း တစ်ဖက်တွင်လည်း လူမှုရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ သူသည် ၁၂၇၉ ခုနှစ်တွင် ကမာမိုရွာ၌ ဓမ္မရက္ခိတအသင်းတစ်သင်းကို ဦးစီးဦးဆောင်ပြုကာ ဖွဲ့စည်းခဲ့သည်။ ဆရာစံမှာ ထိုအသင်းတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံခဲ့ရ၏။ ထိုသို့ဆောင်ရွက်နေရင်း အဆိုပါအသင်းအား ငွေစုငွေချေးအသင်းအဖြစ် ပြောင်းလဲဖွဲ့စည်းရန် ဆရာစံ စိတ်ကူးမိပြန်၏။ ထို့ကြောင့် ဆရာစံသည် သမဝါယမအသင်းနှင့် ဆက်သွယ်ကာ ဓမ္မရက္ခိတအသင်းကို ငွေစုငွေချေး အသင်းအဖြစ် ပြောင်း၍ ဖွဲ့စည်းခဲ့ပြန်သည်။[၁] ထိုသို့ ဆောင်ရွက်ရာတွင် စနစ်တကျ ရှိစေရန် ဓမ္မရက္ခိတ ငွေစုငွေချေးအသင်း ဖွဲ့စည်းပုံစည်းမျဉ်း

---

**၁။ မောင်မောင်ကြည်၊ ငါးမည်ရ ဆရာစံ၏ဘဝအထွေထွေ၊ ငွေတာရီမဂ္ဂဇင်း အမှတ် (၁၀၅)၊ (မတ်-၁၉၆၉)၊ စာ-၂၅-၂၈။**

တစ်ခုကိုလည်း ဆရာစံကိုယ်တိုင် ရေးဆွဲကာ စာအုပ်အဖြစ် ပုံနှိပ်ထားသည်။ ဖွဲ့စည်းပုံစည်းမျဉ်းတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ငွေထိန်းတို့ကို ရွေးချယ်ခန့်ထားခြင်းနှင့် ၎င်းတို့၏တာဝန်များကို အခန်းများခွဲကာ ဖော်ပြထားသည်။[၂]

၁၂၈၂ ခုနှစ်တွင် ဆရာစံသည် သူ၏ဆရာရင်းဖြစ်သော ဦးသီလ သီတင်းသုံးရာ ညောင်ကျောင်းဝင်းအတွင်း၌ သိမ်တစ်ဆောင်ကို အများကောင်းမှုအဖြစ် ဆောက်လုပ်လှူဒါန်းရန် စိတ်ကူးရပြန်၏။ ထို့ကြောင့် အလှူငွေကောက်ခံရန် မဟာဒုတ်စာရေးတံမဲများပြုလုပ်ကာ ကောက်ခံခဲ့သည်။ ထိုအခါ အစိုးရက ဆရာစံအား ထီဖွင့်လှစ်သည်ဟု တရားစွဲဆိုကာ ထောင်ဒဏ်အပြစ်ပေးသည်။ ထို့ကြောင့် ဆရာစံသည် မော်လမြိုင်ထောင်တွင် ခုနစ်လခွဲတိတိ ထောင်ကျခဲ့သည်။ ထောင်မှလွတ်ပြီး သိမ်ကို ဆက်လက်အကောင်အထည်ဖော် ဆောက်လုပ်ခဲ့ရာ ထမြောက်အောင်မြင်ခဲ့သည်။[၃]

ဆရာစံသည် ကုသိုလ်ကောင်းမှုပြုရာမှ အကြောင်းမသင့်သဖြင့် ခုနစ်လခွဲတိတိ ထောင်ကျခဲ့သည်။ သို့သော်လည်း ဆရာစံမှာ စိတ်မပျက်ခဲ့ပေ။ သူသည် ရပ်ကျိုးရွာကျိုး၊ ဘာသာ၊ သာသနာအကျိုးများကို ဆောင်ရွက်လာခဲ့ရာ စိတ်အားထက်သန်သည်ထက်

**၂။ မောင်မောင်ကြည်၊ ရာမညရောက် ဆရာစံ၊ မြဝတီမဂ္ဂဇင်း၊ အတွဲ (၁၃)၊ အမှတ် (၅)၊ မတ်၊ ၁၉၆၉၊ စာ–၅၆။**

**၃။ (က) မောင်သစ်လွင် (လူထု)၊ ငါးမည်ရ ဆရာစံ၏ဘဝအထွေထွေ၊ ငွေတာရီ မဂ္ဂဇင်းအမှတ် (၁၀၅)၊ မတ်၊ ၁၉၆၉၊ စာ–၂၅–၂၈။**

**(ခ) မောင်မောင်ကြည်၊ ရာမညရောက် ဆရာစံ၊ မြဝတီမဂ္ဂဇင်း၊ အတွဲ (၁၃)၊ အမှတ် (၅)၊ မတ်၊ ၁၉၆၅၊ စာ–၅၈။**



ထက်သန်လာသဖြင့် တိုင်းကျိုးပြည်ကျိုးများကိုပါ တွဲဖက်ဆောင်ရွက်လာခဲ့သည်။ ထိုအချိန်တွင် ဂျီစီဘီအေခေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီးကိုလည်း မျိုးချစ်စိတ်ဓာတ် ထက်သန်သည့်ပုဂ္ဂိုလ်များက ဖွဲ့စည်းတည်ထောင်ချိန်ဖြစ်ရာ ဆရာစံသည် မျိုးချစ်စိတ်ဓာတ် ထက်သန်သူဖြစ်သဖြင့် အဆိုပါ ဂျီစီဘီအေအသင်းကြီးနှင့် ဆက်သွယ်ကာ အမျိုးဘာသာ၊ သာသနာ အကျိုးအတွက် ရှေ့ရှုကာ ဆောင်ရွက်လာသည်။

ရှေးဦးစွာ ဆရာစံသည် ၁၂၈၅ ခုနှစ်တွင် ကမာမိုရွာ၌ သီရိဥတ္တမအသင်းကို ဖွဲ့စည်းကာ လှိုင်ပုကျော် ဂျီစီဘီအေအသင်းနှင့် ဆက်သွယ်ခဲ့သည်။ ထိုအခါမှအစပြုပြီး ဆရာစံသည် နိုင်ငံရေးလောကသို့ ဝင်ရောက်လာသည်။ ထိုအချိန်က အင်္ဂလိပ်နယ်ချဲ့သည် မြန်မာနိုင်ငံအား ဒိုင်အာခီအုပ်ချုပ်ရေးစနစ် ပေးအပ်ခဲ့ရာ ဒိုင်အာခီရွေးကောက်ပွဲ ဝင်သင့်မဝင်သင့်ကိစ္စတွင် ရွေးကောက်ပွဲကို မဝင်သင့်၊ သပိတ်မှောက်ရမည်ဆိုသော လှိုင်ပုကျော် ဂျီစီဘီအေကို လူအများစုက ထောက်ခံအားပေးနေချိန်လည်း ဖြစ်သည်။

ဆရာစံသည် သီရိဥတ္တမအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေစဉ် တိုက်နယ်အဖွဲ့လူကြီးများ ရွေးကောက်ပွဲ ပေါ်ပေါက်လာ၏။ ထိုအခါ ဆရာစံက ရွေးကောက်ပွဲများတွင် မဲမပေးကြရန် လူထုအား လှည့်လည်၍ တရားဟောသည်။ ထိုအခါ တိုက်နယ်အဖွဲ့လူကြီးမလုပ်ရသောလူစုက လူဆိုးများအား ငွေပေးငှားရမ်းကာ ဆရာစံအား ရိုက်ခိုင်းသည်။ ထို့ကြောင့် ဆရာစံမှာ ကမာမိုရွာ ဒေါ်ခင်၏အိမ် မြင်းစောင်းအနီးတွင် လူမိုက်မောင်ဘိုးသောင်းဆိုသူက ရိုက်သဖြင့် ဆရာစံယာဘက်မျက်ခုံးအထက် နဖူးတစ်လျှောက်တွင် လေးလက်မခန့် ဒဏ်ရာရခဲ့၏။ ဆရာစံမှာ

အရိုက်ခံရသောဒဏ်ရာကြောင့် နှစ်ရက်တိုင်တိုင် သတိမေ့နေသည်။ သို့ရာတွင် စိုးရိမ်ရသောအခြေအနေမှ ကံကောင်းထောက်မသဖြင့် ဆရာစံမှာ အသက်ချမ်းသာရာ ရခဲ့သည်။ ဆရာစံသည် ဆေးရုံတွင် နှစ်လကျော်ကြာ တက်ရောက်ကုသခံခဲ့ရ၏။ ဆရာစံသည် သည်းခံခွင့်လွှတ်တတ်သည့် စိတ်ရှိသူဖြစ်သဖြင့် သူ အရိုက်ခံရခြင်းအတွက် အမှုမလုပ်ခဲ့ပေ။[၄] ဆရာစံရရှိသောဒဏ်ရာမှာ သေရာရှင်ရာပါခဲ့သည်။ နောင်အခါ အင်္ဂလိပ်အစိုးရက ဆရာစံအား ဖမ်းဆီးရမိလျှင် ဆုငွေ ၅၀၀၀ိ/- ပေးမည်ဟု ဆရာစံ၏ ဓာတ်ပုံနှင့်တကွ ပုံပန်းသဏ္ဌာန်ကိုဖော်ပြပြီး ကြော်ငြာထားရာ၌ နဖူးတွင် အရှည်တစ်လက်မခန့် အမာရွတ်ရှိသည်ဟု ထည့်သွင်းကြော်ငြာခဲ့သည်။

ဆရာစံသည် သီရိဥတ္တမအသင်းကိုဖွဲ့စည်းကာ လှိုင်ပုကျော် ဂျီစီဘီအေအသင်းနှင့် ဆက်သွယ်စဉ်အခါက ဘီလူးကျွန်းတိုက်နယ် ဂျီစီဘီအေအသင်းဥက္ကဋ္ဌအဖြစ် တစ်ဆင့်တက်ကာ တင်မြှောက်ခံရသည်။ ထိုမှတစ်ဖန် မော်လမြိုင်ခရိုင် ဂျီစီဘီအေအသင်းဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။ ဦးချစ်လှိုင် ဂျီစီဘီအေနှင့် ဦးစိုးသိမ်း ဂျီစီဘီအေဟူ၍ နှစ်ခြမ်းကွဲသောအခါ ဆရာစံသည် ဦးစိုးသိမ်း ဂျီစီဘီအေနှင့် ဆက်သွယ်ခဲ့၏။[၅]

၄။ (က) ဦးလှကျော် (မော်လမြိုင်)၊ ကျွန်တော်သိခဲ့ရသော ဂဠုန်ဆရာစံ၊ အိုးဝေဂျာနယ်၊ အမှတ် (၃၈)၊ (၁-၃-၇၀)၊ စာ-၁၉။
(ခ) မောင်သစ်လွင် (လူထု)၊ ငါးမည်ရ ဆရာစံ၏ဘဝအထွေထွေ၊ ငွေတာရီမဂ္ဂဇင်းအမှတ် (၁၀၅)၊ မတ်၊ ၁၉၆၉၊ စာ-၂၇။
၅။ စာပေဗိမာန်၊ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၄)၊ ၁၉၆၇၊ စာ-၂၇။



ဆရာစံသည် မော်လမြိုင်ခရိုင် ဂျီစီဘီအေအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည့်ကာလအတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျီစီဘီအေ ညီလာခံကြီးများကို နယ်ကိုယ်စားလှယ်အဖြစ် ငါးကြိမ်တိုင်တိုင် တက်ရောက်ခဲ့သဖြင့် နိုင်ငံရေးအတွေ့အကြုံများ ရရှိလာသည်။ ၁၉၂၄ ခုနှစ် ပေါင်းတည် ဂျီစီဘီအေ ညီလာခံ၊ ၁၉၂၅ ခုနှစ် ရွှေဘိုဂျီစီဘီအေ ညီလာခံ၊ ၁၉၂၆ ခုနှစ် မိတ္ထီလာဂျီစီဘီအေ ညီလာခံ၊ ၁၉၂၈ ခုနှစ် မင်းဘူးဂျီစီဘီအေ ညီလာခံနှင့် ၁၉၂၉ ခုနှစ် တောင်ငူဂျီစီဘီအေ ညီလာခံကြီးများသို့ ဆရာစံ တက်ရောက်ခဲ့သည်။ သို့ဖြင့် ဆရာစံသည် နိုင်ငံရေးမျက်စိပွင့်လာသည်။[၆]

ဆရာစံသည် မော်လမြိုင် ဂျီစီဘီအေအသင်းချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေစဉ် ၁၉၂၄ ခုနှစ်၊ မေလ ၁၀ ရက်မှ ၁၃ ရက် (၁၂၈၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်မှ ၁၀ ရက်) အထိ ပေါင်းတည်မြို့၌ ကျင်းပပြုလုပ်သော ၁၁ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ဂျီစီဘီအေ နှစ်ပတ်လည်ညီလာခံကို မော်လမြိုင်ခရိုင်ကိုယ်စားလှယ်အဖြစ် ဆရာစံပထမဦးဆုံး တက်ရောက်ခဲ့သည်။ ပေါင်းတည်ညီလာခံကြီးကို ပေါင်းတည်ဘူတာရုံအရှေ့ဘက် လယ်ကွင်းကြီးအတွင်း ကျင်းပသည်။ အစည်းအဝေးကြီးသို့ စုစုပေါင်း ရဟန်းရှင်လူ နှစ်သိန်းကျော် တက်ရောက်ကြသည်။

ခရိုင်ကိုယ်စားလှယ်အဖြစ် ဆရာစံဒုတိယမြောက်တက်ရောက်ခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျီစီဘီအေညီလာခံကြီးမှာ ရွှေဘိုမြို့တွင် ကျင်းပပြုလုပ်သော ၁၂ ကြိမ်မြောက် ဂျီစီဘီအေ

၆။ မောင်သစ်လွင် (လူထု)၊ ငါးမည်ရ ဆရာစံ၏ဘဝအထွေထွေ၊ ငွေတာရီမဂ္ဂဇင်းအမှတ် (၁၀၅)၊ မတ်၊ ၁၉၆၉၊ စာ-၂၇။

ညီလာခံကြီးဖြစ်သည်။ ညီလာခံကို ၁၉၂၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်မှ ၁၈ ရက် (၁၂၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်မှ ၁၃ ရက်) အထိ ကျင်းပ၏။

ဆရာစံ တတိယမြောက်ခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သော နိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ညီလာခံမှာ ၁၉၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်မှ ၁၀ ရက်အထိ မိတ္ထီလာမြို့၌ ကျင်းပပြုလုပ်သည့် ၁၃ ကြိမ်မြောက် ဦးစိုးသိမ်းခေါင်းဆောင်သော ဂျီစီဘီအေ အသင်းချုပ်ညီလာခံဖြစ်သည်။ ညီလာခံကြီးကို မိတ္ထီလာကန်တော်ကြီး အရှေ့တောင်ဘက် ရွှေမြင်တင် စေတီတော် အနီး ကွက်လပ်ကြီးတွင် ကျင်းပ၏။ အဆိုပါ မိတ္ထီလာညီလာခံကြီး၏ တတိယမြောက်နေ့တွင် မြင်းခြံခရိုင် အသင်းချုပ် ကိုယ်စားလှယ် ဆရာစံက ထောက်ခံဆွေးနွေးခဲ့သည်။

ဆရာစံထောက်ခံခဲ့သော ဦးဘခင်၏အဆိုမှာ သဿမေဓ အခွန်နှင့် လူခွန်တော်ပေးဆောင်ရသော စနစ်ကို တိုင်းသူပြည်သားတို့က အတန်တန်ကန့်ကွက်သည့်ကြားမှ တိုင်းသူပြည်သားတို့၏ဆန္ဒကို အစိုးရကအလေးမပြု ဂရုမထားဘဲ ဆောင်ရွက်နေသမျှကာလပတ်လုံး တိုင်းသူပြည်သားတို့က တရားသဖြင့် ဆူပူရန်၊ သဿမေဓအခွန်နှင့် လူခွန်အစား အခြားအခွန်တစ်ခုခုဖြင့် တိုးတက်ကောက်ခံရန် ကြံရွယ်ခြင်းကိုလည်း ဤအစည်းအဝေးကြီးက လုံးဝ သဘောမတူကြောင်းဟူသည့်အဆို ဖြစ်ပေသည်။ ယင်းအဆိုကို ဆရာစံက ထောက်ခံရာ ညီလာခံကြီးက ကန့်ကွက်သူမရှိ အတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။[၇]

၇။ **ဦးလေးမောင်၊ မြန်မာနိုင်ငံရေးသမိုင်း (ပထမတွဲ)၊ ၁၉၇၃၊ စာ–၂၅၇–၂၇၃–၂၈၁–၂၈၃။**



၁၉၂၇ ခုနှစ်၊ မတ်လ (၁၂၈၈ ပြည့်နှစ်၊ တပေါင်းလ)တွင် ပဲခူးမြို့၌ ကျင်းပပြုလုပ်ခဲ့သော ဦးစိုးသိမ်းဂျီစီဘီအေ အသင်းချုပ်ကြီး၏ ၁၄ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ကွန်ဖရင့် အစည်းအဝေးကြီးကို မကျန်းမမာသဖြင့် မတက်ရောက်နိုင်ပေဟု ဆရာစံက သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိ၌ ရေးထားသည်။

ဤတွင် အလျဉ်းသင့်သဖြင့် ဆိုပါဦးမည်။ ဆရာစံသည် ပဲခူးမြို့တွင် ပြုလုပ်သော ၁၄ ကြိမ်မြောက် ဂျီစီဘီအေအသင်းချုပ်ကြီး၏ နှစ်ပတ်လည်ကွန်ဖရင့်သို့ မကျန်းမာသဖြင့် မတက်ရောက်နိုင်ခြင်း မဖြစ်နိုင်ပေ။ ဆရာစံသည် လူသတ်မှုတစ်ခုတွင် တရားစွဲဆိုခြင်း ခံရသဖြင့် မတက်ရောက်နိုင်ခြင်းဖြစ်မည်ဟု ယူဆရပေသည်။ ဆရာစံမှာ လူသတ်မှုတွင် မသင်္ကာမှုဖြင့် တရားစွဲဆိုခြင်း ခံနေရသဖြင့် ပဲခူးကွန်ဖရင့်သို့ မတက်ရောက်နိုင်သည့် အထောက်အထား တွေ့ရပါသည်။

အကြောင်းမှာ ဤသို့ ဖြစ်ပေသည်။ ဆရာစံအား တစ်နေ့တွင် လူသတ်မှုတစ်ခု၌ မသင်္ကာသဖြင့် ပုလိပ်တို့က ဖမ်းဆီးကြသည်။ ထို့နောက် ဆရာစံအား မော်လမြိုင်တရားရုံးတွင် တရားစွဲဆိုခဲ့ကြ၏။ အမှုဖြစ်ပွားပုံမှာ ကမာမိုရွာသား ဦးအုံးဖူး ဆိုသူသည် တစ်ညတွင် ဓားထိုးခံရပြီး ကောက်ရိုးပုံပေါ်တင်ကာ မီးရှို့အသတ်ခံခဲ့ရသည်။ ထိုအမှုတွင် ဆရာစံနှင့်အပေါင်းပါတို့က သတ်သည်ဟု စွပ်စွဲသဖြင့် ဆရာစံမှာ တရားရုံးတွင် အမှုရင်ဆိုင်ထုချေခဲ့ရ၏။ သို့ရာတွင် ဆရာစံသတ်ကြောင်း သက်သေမခိုင်လုံသဖြင့် အမှုမှ လွတ်ခဲ့ရသည်။ ထိုအမှုမှာ ငွေရှင်ကြေးရှင်များနှင့် အာဏာပိုင်တို့ ပူးပေါင်းပြီး မတရားအမှုဆင်ကာ ဆရာစံအား နိုင်ငံရေးသိက္ခာ

ချခြင်းဖြစ်သည်ဟု အချို့က ဆိုကြသည်။[၈] ဆရာစံမှာ အမှုမှလွတ်ခဲ့သော်လည်း ထိုအမှုကို နှစ်အတန်ကြာသည်အထိ ဖြေရှင်းနေရသည်။

ဆရာစံ မကျန်းမာသဖြင့် ပဲခူးကွန်ဖရင့်သို့ မတက်ရောက်နိုင်ခြင်းနှင့် ပတ်သက်၍ လေ့လာကြည့်ခဲ့ပါသည်။ ဆရာစံ သာယာဝတီသို့ ရောက်မလာမီက သာယာဝတီ၊ အင်းရွာမှ ဆရာစံညွှန့်ဆိုသူထံ ရေးသည့်စာထဲတွင် သူ့အား စွဲဆိုထားသောအမှု မပြီးပြတ်သေးသည်နှင့် စပ်လျဉ်း၍ စာရေးသားခဲ့သည်။ ဆရာစံ၏စာထဲတွင်ပါသောသူအား စွဲဆိုထားသောအမှုနှင့်ပတ်သက်၍ မပြီးပြတ်သေးကြောင်းဆိုသောစကားနှင့် ဆရာစံမှာ လူသတ်မှုတွင် မသက်သာ၍ တရားရုံးတွင် ဖြေရှင်းနေရကြောင်းဆိုသော စကားနှစ်ရပ်အားဆက်စပ်ကြည့်သော် ဆရာစံသည် ပဲခူးညီလာခံသို့ မတက်ရောက်နိုင်ခြင်းမှာ မကျန်းမာသဖြင့် မတက်ရောက်ခြင်းမဟုတ်ဘဲ တရားရုံးတွင် သူ့အားစွဲဆိုထားသောအမှုအား ရင်ဆိုင်ထုချေနေရသဖြင့် မတက်ရောက်နိုင်ခြင်းသာ ဖြစ်မည်ဟု ယူဆရခြင်းဖြစ်ပေသည်။

ထို့ကြောင့် ဆရာစံသည် သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိ၌ သူ့အားစွဲဆိုထားသော အမှုကြောင့် ပဲခူးညီလာခံကြီးကို မတက်ရောက်နိုင်ကြောင်း မရေးသားလိုသဖြင့် ကျန်းမာရေးကို အကြောင်းပြကာ မတက်ရောက်နိုင်ကြောင်း ရေးသားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ဂျီစီဘီအေအသင်းချုပ် နှစ်ပတ်လည်ညီလာခံကြီးများသို့ ဆရာစံ တက်ရောက်ခဲ့သည့်အကြောင်း ပြန်ကောက်ပါဦးမည်။

၈။ မောင်မောင်ကြည်၊ ရာမညရောက် ဆရာစံ၊ မြဝတီမဂ္ဂဇင်း၊ အတွဲ (၁၃)၊ အမှတ် (၅)၊ (မတ်-၁၉၆၉)၊ စာ-၅၇။



ဦးစိုးသိမ်း ခေါင်းဆောင်သော ဂျီစီဘီအေ အသင်းချုပ်ကြီး၏ ၁၅ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ညီလာခံကြီးကို မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲ စေတီတော်ကြီးအနီး၌ ၁၉၂၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂၈၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော်) တွင် ကျင်းပသည်။ အဆိုပါ မင်းဘူးညီလာခံကြီးမှာ စတုတ္ထမြောက် ဆရာစံ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျီစီဘီအေ နှစ်ပတ်လည်ညီလာခံကြီးဖြစ်ပေသည်။ မင်းဘူးညီလာခံမှ လူခွန်နှင့် သဿမေဓအခွန်တော်များ ကောက်ခံခြင်းမပြုရန်နှင့် ကျေးရွာသူ၊ ကျေးရွာသားများအား မတရားညှဉ်းဆဲနေခြင်းများကို ရပ်ဆိုင်းရန် စသည့်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။ အဆိုပါ ဆုံးဖြတ်ချက်များနှင့်အတူ ဒီစတြိတ်နယ်ပယ်များတွင် လူခွန်တော်နှင့် သဿမေဓအခွန်တော်များ ကောက်ခံရာ၌ အစိုးရအရာရှိများနှင့် စစ်ဘက်ဆိုင်ရာအရာရှိများက နှိပ်စက်ခြင်းများကိုပါ စုံစမ်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့ စုံစမ်းရန်အတွက် စုံစမ်းရေးကော်မတီကို ဖွဲ့စည်းရာတွင် ဆရာစံအား ထိုအဖွဲ့၏ဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးခဲ့သည်။[၉] မင်းဘူးညီလာခံကြီးသို့ တက်ရောက်ခဲ့ပြီးနောက် ဆရာစံသည် ရန်ကုန်မြို့ ဂျီစီဘီအေအသင်းတိုက်၌ နေထိုင်ကာ စုံစမ်းစစ်ဆေးရေးကိစ္စအတွက် လုံးပမ်းခဲ့သည်။

ဆရာစံ ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းထားသော အဆိုပါ စုံစမ်းရေးကော်မတီတွင် ပါဝင်ခဲ့သူများမှာ အင်းစိန်ခရိုင် အသင်းချုပ်ဥက္ကဋ္ဌဦးထွန်းလှိုင်၊ သာယာဝတီခရိုင် အသင်းချုပ်ဥက္ကဋ္ဌ ဦးမြ၊

၉။ ဒဂုန်ရွှေမျှား၊ ဆရာစံ (၁၉၃၀ ပြည့်နှစ်၊ အရေးတော်ပုံမှတ်တမ်း) စာ-၃၆။

သရက်ခရိုင် အသင်းချုပ်ဥက္ကဋ္ဌ ဦးသာညိုတို့ဖြစ်ကြသည်။[၁၀] စုံစမ်းရေး ကော်မတီသည် နှိပ်စက်ခံရသဖြင့် တိုင်ကြားခဲ့ကြသော အရပ်ဒေသများဖြစ်ကြသည့် သာယာဝတီခရိုင်၊ ပြည်ခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ သရက်ခရိုင်၊ အင်းစိန်ခရိုင်များ အတွင်းရှိ ကျေးရွာများသို့ ၁၂၈၉ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် (၁၉၂၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် ) မှ ၁၂၉၀ ပြည့်နှစ်၊ ဝါခေါင်လ (၁၉၂၈ ခုနှစ်၊ ဇူလိုင်လ ) အထိ ငါးလကြာ လှည့်လည် သွားလာကာ စုံစမ်းစစ်ဆေးခဲ့သည်။

စုံစမ်းရေးကော်မတီဥက္ကဋ္ဌ ဆရာစံသည် လိုအပ်သည်များကို စုံစမ်းစစ်ဆေးကာ မှတ်သားခဲ့ပြီးနောက် စာမျက်နှာ ၃၀၀ ရှိ အစီရင်ခံစာတစ်ခုကိုလည်း ပြုစုခဲ့၏။ ထိုအစီရင်ခံစာတွင် အရာရှိများက တရားဥပဒေနှင့်မညီညွတ်ဘဲ ကျူးလွန်စော်ကားမှုများကို သက်သေအထောက်အထားများဖြင့် ဖော်ပြကာ ဗဟိုဌာနချုပ်သို့ အစီရင်ခံခဲ့သည်။ ယင်းအစီရင်ခံစာနှင့်အတူ သစ်တောဥပဒေများကို အကြမ်းမဖက်ခုခံတိုက်ဖျက်ရန် စသည့်အချက်များ ပါဝင်သော အကြံပေးအစီရင်ခံစာတစ်ခုကိုလည်း တင်သွင်းခဲ့သည်။ သို့ရာတွင် ဗဟိုဌာနချုပ်က ဆရာစံ၏ အကြံပေးချက်များကို လက်မခံချေ။

ဤတွင် အလျဉ်းသင့်၍ ရှင်းပြပါဦးမည်။ ပေါင်းတည်မြို့၌ ကျင်းပပြုလုပ်သော ၁၁ ကြိမ်မြောက် ဂျီစီဘီအေနှစ်ပတ်လည်ညီလာခံကြီးက လူခွန်တော်နှင့် သဿမေဓ အခွန်တော်များကောက်ခံရာ၌ အစိုးရစစ်တပ်များက လယ်သမားများအား

၁၀။ ဦးလေးမောင်၊ မြန်မာနိုင်ငံရေးသမိုင်း (ပထမတွဲ)၊ ၁၉၇၃၊ စာ-၃၁၇။



အဓမ္မနှိပ်စက်ခြင်းများကို စုံစမ်းရန်အတွက် စုံစမ်းရေးကော်မတီဖွဲ့စည်းကာ ဆရာစံအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးသည်ဟု မြန်မာ့စွယ်စုံကျမ်းအတွဲ - ၄ ၊ စာ - ၈၀ တွင် ဖော်ပြထားသည်။

သို့ရာတွင် ဆရာကြီး ဒဂုံရွှေမျှား၏ "ဆရာစံ (၁၉၃၀ ပြည့်နှစ် အရေးတော်ပုံမှတ်တမ်း)" စာ-၃၆ ၌ဖော်ပြထားသော ဆရာစံ၏ ထုချေလွှာထဲတွင်မူ မင်းဘူးမြို့၌ ကျင်းပပြုလုပ်သော ဂျီစီဘီအေအသင်းချုပ်ကြီး၏ နှစ်ပတ်လည်ကွန်ဖရင့်က ဆရာစံအား စုံစမ်းရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးခဲ့သည်ဟု တွေ့ရပါသည်။

တစ်ဖန် သခင်ဘမောင်၏ "ဝံသာနုအရေးတော်ပုံသမိုင်း" စာ-၃၁၃ ၌ ၁၉၂၈ ခုနှစ်တွင် ဦးစိုးသိမ်းဂျီစီဘီအေ အသင်းချုပ်မှ တောင်သူလယ်သမားများအခြေအနေကို စုံစမ်းအစီရင်ခံရန် ဆရာစံခေါင်းဆောင်သည့် စုံစမ်းရေးကော်မတီ တစ်ခုဖွဲ့စည်းကာ တာဝန်ပေးအပ်သည်ဟု တွေ့ရသည်။ ၁၉၂၈ ခုနှစ်က ကျင်းပခဲ့သော နိုင်ငံလုံးဆိုင်ရာ ဂျီစီဘီအေအသင်းချုပ် ညီလာခံကြီးမှာ မင်းဘူးညီလာခံကြီးသာ ဖြစ်ပေတော့သည်။

မူရင်းအထောက်အထားဖြစ်သည့် ဆရာစံကိုယ်ရေးအတ္ထုပ္ပတ္တိတွင် "မင်းဘူးကွန်ဖရင့်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့သောအခါ ထိုအဖွဲ့တွင် ဥက္ကဋ္ဌတာဝန်ကို ယူရသည်" ဟု ဆရာစံက ရေးထားသည်။

ထို့ကြောင့် အထက်ဖော်ပြပါ စကားရပ်များကို ဆက်စပ်နှိုင်းယှဉ်ကြည့်သော် ပေါင်းတည်မြို့၌ ကျင်းပပြုလုပ်သော ဂျီစီဘီအေ နှစ်ပတ်လည်ကွန်ဖရင့်က ဆရာစံအား စုံစမ်းရေးကော်မတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးခြင်း မဟုတ်ပေ။

မင်းဘူးမြို့၌ ကျင်းပပြုလုပ်သော ဂျီစီဘီအေနှစ်ပတ်လည် ကွန်ဖရင့်ကသာ ဆရာစံအား စုံစမ်းရေး ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးခြင်း ဖြစ်ပေသည်။

မော်လမြိုင်ခရိုင်ကိုယ်စားလှယ်အဖြစ် ၅ ကြိမ်မြောက် ဆရာစံတက်ရောက်ခဲ့သော တောင်ငူကွန်ဖရင့်အကြောင်း ဆက်ပါဦးမည်။ ဦးစိုးသိမ်းခေါင်းဆောင်သော ဂျီစီဘီအေ အသင်းချုပ်ကြီး၏ ၁၆ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ကွန်ဖရင့်ကြီးကို ၁၉၂၉ ခုနှစ်၊ မတ်လ ၂၄ ရက်မှ ၂၇ ရက်နေ့ (၁၂၉၀ ပြည့်နှစ်၊ တန်ခူးလပြည့်နေ့မှ လပြည့်ကျော် ၃ ရက်) အထိ တောင်ငူမြို့ ထီးလှိုင်ရှင်စေတီတော်အနီးတွင် ကျင်းပခဲ့သည်။

အလျဉ်းသင့်၍ဆိုရပါလျှင် ဂျီစီဘီအေ အသင်းချုပ်ကြီး၏ နှစ်ပတ်လည် ညီလာခံများ ကျင်းပပြုလုပ်သည့်အခါတိုင်းတွင် နှစ်ပတ်လည် ညီလာခံကြီးသို့ တင်သွင်းမည့် အဆိုများနှင့် ပတ်သက်၍ ဂျီစီဘီအေအမှုဆောင်များက အဆိုရွေးချယ်ရေး ကော်မတီကို သီးခြားဖွဲ့စည်းကာ ဆောင်ရွက်လေ့ရှိကြမြဲ ဖြစ်သည်။ ထိုရွေးချယ်ရေးကော်မတီကလည်း ညအချိန်များတွင် တိတ်တဆိတ် လျှို့ဝှက်စွာ အစည်းအဝေးလုပ်ကာ တင်သွင်းမည့် အဆိုများကို ရွေးချယ်လေ့ရှိပေသည်။ ၁၆ ကြိမ်မြောက် ဂျီစီဘီအေအသင်းချုပ် အစည်းအဝေး၌ တင်သွင်းမည့် အဆိုများကိုလည်း ဂျီစီဘီအေ အမှုဆောင်များက လျှို့ဝှက်စွာ စည်းဝေးပြီး ရွေးချယ်ကြရာ ဆရာစံကလည်း အဆိုပါရွေးချယ်ရေးကော်မတီထဲတွင် ပါဝင်ခဲ့ ပေသည်။

တောင်ငူကွန်ဖရင့်၌ တင်သွင်းမည့်အဆိုများအတွက် အတွင်းရေးများ၊ လျှို့ဝှက်ဆွေးနွေးရာသို့ တရုတ်ပြည် ပီကင်း



မြို့မြောက်ဘက်၊ဖရူမန်ကျောင်းတွင် သီတင်းသုံးနေတော်မူသော ဗုဒ္ဓဘာသာ မဟာယာနသာသနာပိုင်ဆရာတော်တစ်ပါးလည်း တက်ရောက်ခဲ့သည်။ အဆိုပါ ဆရာတော်က အစည်းအဝေးသို့ တင်ပြရာ၌ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေး မည်မဟုတ်သဖြင့် လက်နက်ကိုင်တော်လှန်ရမည် ဖြစ်ကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၌ စစ်ရေးစစ်ရာ ကျွမ်းကျင်သူများ မရှိသေး သဖြင့် မြန်မာလူငယ်များအား စစ်ပညာလေ့ကျင့်ရန် တရုတ်ပြည် သို့ ရှမ်းပြည်နယ်မြောက်ပိုင်းမှတစ်ဆင့် နယ်ခြားကိုဖြတ်ကာ စေလွှတ်မည်ဆိုပါက တရုတ်ပြည်ဘက်မှ သူက တာဝန်ယူစီမံ ပေးမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် မြန်မာပြည်၌လည်း အပျော်တမ်းစစ်တပ်သဘောဖွဲ့၍ လေ့ကျင့်ထားရန်တို့ ဖြစ်သည်။ ထိုအခါ ဆရာစံက လက်နက်ကိုင်တော်လှန်ရေးနှင့် စစ်ပညာ သင်ကြားရေးအစီအစဉ်များကို အဆိုပါ တရုတ်ပြည်မှ သာသနာ ပိုင် ဆရာတော်အား စိတ်အားထက်သန်စွာ ပြန်လည်ဆွေးနွေး မေးမြန်းခဲ့သည်။[၁၁]

အဆိုပါတောင်ငူကွန်ဖရင့်အတွက် အကြိုညှိနှိုင်းစည်းဝေး ကျင်းပသော အတွင်းရေးလျှို့ဝှက်အစည်းအဝေးအား ညီလာခံ မကျင်းပမီ ၁၉၂၉ ခုနှစ်၊ မတ်လ ၁၈ ရက်ညက ပြုလုပ်သည်။ အတွင်းရေး လျှို့ဝှက်အစည်းအဝေးတွင် ဆရာစံက တစ်ဖက်ပါ အတိုင်း တင်ပြဆွေးနွေးခဲ့သည်။ ဂျီစီဘီအေအဖွဲ့ကြီး၏အမှုဆောင် အစည်းအဝေး ဆုံးဖြတ်ချက်အရ စုံစမ်းရေးကော်မတီအဖွဲ့က

**၁၁။ ဦးလေးမောင်၊ မြန်မာနိုင်ငံရေးသမိုင်း (ပထမတွဲ)၊ ၁၉၇၃၊ စာ- ၁၁၆ - ၁၁၇။**

တောင်သူလယ်သမားများ၏ အခြေအနေကို ကိုယ်တိုင်စုံစမ်းခဲ့ကြောင်း၊ အစိုးရစစ်သား၊ စစ်ဘာရီကုလားများ၏ မတရားပြုလုပ်ချက်များကို တွေ့ရသဖြင့် သက်သေခံများနှင့်တကွ ပြည်ထဲရေးဝန်ကြီးထံ တိုင်ကြားခဲ့ရာ အရေးမယူခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ ပါးစပ်ဖြင့် ဆုံးဖြတ်ချက်များချနေခြင်းသည် လုံးဝ အကျိုးမရှိတော့သည်ကို ကိုယ်တွေ့ဖြစ်သဖြင့် နိုင်ငံခြားအဆက်အသွယ်ယူကာ လက်နက်စွဲကိုင်၍ ပုန်ကန်မှသာ လွတ်လပ်ရေး ရနိုင်မည်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရရန် ဤနည်းလမ်းတစ်ခုသာ ရှိတော့ကြောင်း[၁၂] စသည်ဖြင့် တင်ပြခဲ့သည်။

တောင်ငူမြို့၌ ကျင်းပသော ဂျီစီဘီအေ နှစ်ပတ်လည်ညီလာခံကြီးတွင် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြရာ နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းရန်အဆိုကိုလည်း ထည့်သွင်းဆုံးဖြတ်ခဲ့ကြ၏။ နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းရန်အဆိုကို တင်သွင်းသူမှာ ဆရာစံဖြစ်သည်။[၁၃] သို့ရာတွင် ညီလာခံကြီးက နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းရေးအဆိုကို ဆုံးဖြတ်ခဲ့သော်လည်း ဦးစိုးသိမ်း ဂျီစီဘီအေအဖွဲ့ကြီးက အကောင်အထည်မဖော်ခဲ့ပေ။

ဆရာစံသည် တောင်ငူကွန်ဖရင့်ကြီးပြီးသည့်နောက် ဝံသာနုခေါင်းဆောင်အချို့၏ ပျော့ညံ့မှု၊ အင်္ဂလိပ်အစိုးရအား အလျော့ပေးစေ့စပ်လိုမှု၊ ရာထူးဂုဏ်ထူးမက်မှုတို့ကို တစ်နေ့တခြား တွေ့မြင်လာခဲ့သည်။ ထို့ကြောင့် လက်နက်ကိုင် လမ်းစဉ်ကို

၁၂။ ဦးလေးမောင်၊ မြန်မာနိုင်ငံရေးသမိုင်း (ပထမတွဲ)၊ ၁၉၇၃၊ စာ-၃၁၈။
၁၃။ သခင်ဘမောင်၊ ဝံသာနုအရေးတော်ပုံသမိုင်း (၁၉၀၆-၁၉၃၆)၊ ၁၉၇၅၊ စာ-၂၈၈။



ကိုယ်တိုင်ဆင်နွှဲရန် ဦးစိုးသိမ်း ဂျီစီဘီအေနှင့် အဆက်အသွယ်ဖြတ်တောက်ခဲ့သည်။

ထို့နောက် ဆရာစံသည် အကြမ်းမဖက်သောနည်းထက် အကြမ်းဖက်ကာ တိုက်ခိုက်ရေးအတွက် လျှို့ဝှက်စွာ ပြင်ဆင်ခဲ့သည်။ သူသည် လက်နက်ကိုင်ပုန်ကန်မှုအတွက် စတင်ပြုလုပ်ရမည့်နေရာဒေသကိုလည်း ရွေးချယ်တတ်သည်ဟု ဆိုနိုင်ပေသည်။ အကြောင်းမှာ သူသည် မော်လမြိုင်ခရိုင်၊ ဘီလူးကျွန်း ကမာမိုရွာတွင် နှစ်ပေါင်း ၂၀ ကျော် နေလာခဲ့သည့်အပြင် ဂျီစီဘီအေအသင်း ခရိုင်ကိုယ်စားလှယ်အဖြစ် နှစ်အတန်ကြာ ဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။ သို့သော်လည်း မော်လမြိုင်မှစတင်ကာ အင်္ဂလိပ်အစိုးရအား တော်လှန်ပုန်ကန်မှုကို ဆရာစံမပြုလုပ်ပေ။ အင်္ဂလိပ်အစိုးရက အပြင်းအထန်ဖိနှိပ်သဖြင့် အစိုးရအား နာကြည်းနေသော သာယာဝတီနယ်မှ စတင်ကာ တော်လှန်ပုန်ကန်မှုပြုလုပ်ပါက အောင်နိုင်မည်ဟု ဆရာစံ ယုံကြည်ထား၏။ ထို့ပြင် သာယာဝတီနယ်သည် အခွန်မပေးရေး တိုက်ပွဲဝင်နေကြသော ဦးစိုးသိမ်း ဂျီစီဘီအေအဖွဲ့ဝင် အများအပြားနေထိုင်သည့် နယ်လည်းဖြစ်သည်ကို ဆရာစံ သိထား၏။ ထို့ကြောင့် ဆရာစံခေါင်းဆောင်၍ သူပုန်ထလျှင် ထိုသူများသည် သူ့နောက်မှလိုက်ရန် အသင့်ရှိသည်ဟု ဆရာစံက ယုံကြည်၏။ တစ်ဖန် ၁၅ ကြိမ်မြောက် ဂျီစီဘီအေအသင်းချုပ်အစည်းအဝေးက စုံစမ်းရေးကော်မတီဖွဲ့စည်းကာ တာဝန်ပေးအပ်စဉ်အခါကလည်း သူနှင့်လုပ်ဖော်ကိုင်ဖက် ကော်မတီအဖွဲ့ဝင်များမှာ သာယာဝတီခရိုင် အသင်းချုပ်ဥက္ကဋ္ဌ ဦးမြ၏နယ်ဖြစ်သည့်အပြင် အင်းစိန်ခရိုင် အသင်းချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ သရက်ခရိုင် အသင်းချုပ်ဥက္ကဋ္ဌ

ဦးသာညို၏နယ်များနှင့် ဆက်စပ်နေသော နယ်ဖြစ်သဖြင့်လည်း သူ့အတွက် တော်လှန်ရေးစတင်ရမည့်နေရာအတွက် သာယာဝတီ နယ်သည် အခြေအနေကောင်းများရှိနေသော နယ်တစ်နယ်ဖြစ် နေသည်။ ထို့ကြောင့် ဆရာစံသည် အင်္ဂလိပ်အစိုးရအား စတင် တော်လှန်ပုန်ကန်ရမည့်နေရာအတွက် သာယာဝတီနယ်ကို ရွေးချယ်ခဲ့ခြင်း ဖြစ်မည်ဟု ယူဆရပေသည်။

၀၀၀

## အခန်း (၃)

## သူ့ကျွန်မခံ ဆရာစံ

ဆရာစံသည် သာယာဝတီသို့ ရောက်မလာမီကပင် သာယာဝတီအင်းရွာမှ ဝံသာနုလယ်သမားခေါင်းဆောင်အချို့နှင့် အဆက်အသွယ်ရနေပြီ ဖြစ်သည်။ သူသည် သာယာဝတီ အင်းရွာ ဘုန်းကြီးကျောင်းမှ ဘုန်းကြီး၏ ဒကာရင်းဖြစ်သူ ဆရာစံညွှန့်ထံ စာသုံးစောင်ရေးကာ အဆက်အသွယ်ပြုလုပ်ခဲ့သည်။ ဆရာစံညွှန့် အပြင် အင်းရွာအုန်းပင်စုရွာသား၊ ဦးပန်းစိန်နှင့် ဦးပန်းချိန်တို့ ညီအစ်ကိုနှင့်လည်း သိကျွမ်းနေပြီ ဖြစ်သည်။ ၁၉၂၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်က ဆရာစံညွှန့်ထံရေးသည့်စာထဲတွင် ဆရာစံက သူ့အားစွဲဆိုထားသောအမှု မပြီးပြတ်သေးကြောင်း၊ ဦးပန်းစိန်နှင့် ဦးပန်းချိန်တို့ ညီအစ်ကိုနှစ်ဦးအား သစ်စေ့များရနိုင် သလောက် စုဆောင်းထားပေးရန် ပြောကြားပေးဖို့မှာကြောင်းနှင့်

ဆေးများစီရင်ပြီးပါက သာယာဝတီသို့ သူလာလျှင် ယူလာမည် ဖြစ်ကြောင်း ရေးထားသည်။

ဆရာစံညွှန့်ထံ ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ ရေးသားသည့် ဒုတိယစာတစ်စောင်တွင် "ဒိုမီနီယံ ဟုမ္မရူးကို အိန္ဒိယ ပြည်အား ၁၉၃၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် ပေးရန် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ မြန်မာပြည်က မရလျှင် နောင်နှစ်ခါ မရလျှင် တန်ဆောင်မုန်း ပွဲကြည့်ပါဦး ဆိုသည့် တဘောင်စကားနှင့်အညီ ရအောင်ကြိုးစားအားထုတ်ကြပါ" ဟု ပါရှိသည်။ တတိယရေးသော စာတစ်စောင်တွင် "အိန္ဒိယလူမျိုး တို့မှာ တညီတညွတ်တည်း ယခုပြာသိုလ (၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလ) ကစ၍ အသက်စွန့်လိမ့်မည်၊ အဖွဲ့က အိန္ဒိယနှင့် မခွဲတမ်းဆုံးဖြတ်ချက် ရှိသည်၊ ကိုကြီးကလျှင် ကခြင်း၊ ကိုကြီး ထိုင်လျှင် ထိုင်ခြင်း၊ သို့မှသာ မခွဲတမ်းဆုံးဖြတ်ချက်နှင့် ညီမည်" ဟု ပါရှိသည်။[1] ဆရာစံသည် တတိယမြောက် စာကို ၁၉၂၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် နေ့စွဲဖြင့် ရေးခဲ့သည်။

ဆရာစံသည် သူ့အားစွဲဆိုထားသော အမှုပြီးပြတ်သဖြင့် ၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၈ ရက် (၁၂၉၁ ခုနှစ်၊ ပြာသိုလ ဆုတ် ၅ ရက်) တွင် သာယာဝတီသို့ ထွက်ခွာလာခဲ့သည်။ ဆရာစံ

---

**၁။ ၁၉၃၀–၃၂ ခုနှစ်များအတွင်း မြန်မာပြည်တွင် သူပုန်ထကြွမှု ဖြစ်ပွားရင်း အကြောင်းနှင့် မည်သည့်အတွက် ထိုသို့ဖြစ်ပွားရသည့်အကြောင်းအရာများ၊ စာ–၈။ (နောင်ဤစာအုပ်ကို ကိုးကားလျှင် သူပုန်ထကြွမှုဖြစ်ပွားရင်း အကြောင်းဟု ဖော်ပြပါမည်။)**



သာယာဝတီသို့ ရောက်သည့်အချိန်တွင် သာယာဝတီနယ်အတွင်းရှိ စီနှစ်ခွ၊ ဇိမ်ဇာ၊ စမ်းတွင်း၊ အင်းကောက်၊ ရေတိုက် စသည့် ကျေးရွာများမှာ အခွန်တော်မပေးသဖြင့် အစိုးရက အကြမ်းနည်းဖြင့် ကောက်ခံနေချိန်လည်း ဖြစ်သည်။

တောင်သူလယ်သမားများမှာ စီးပွားရေးကျပ်တည်းနေသည့်အထဲတွင် အစိုးရက အမျိုးမျိုးနှိပ်စက် ညှဉ်းပန်းကာ အခွန်တော်များကို အတင်းအဓမ္မကောက်ခံနေသဖြင့် မခံမရပ်နိုင်ဖြစ်ကာ အင်္ဂလိပ်အစိုးရအား လက်နက်ကိုင်တော်လှန်ပုန်ကန်ရန် စီစဉ်ကြိုးပမ်းနေကြသည်။ သို့ရာတွင် လက်နက်အင်အားကြီးမားသည့် အင်္ဂလိပ်နယ်ချဲ့အစိုးရအား တောင်သူလယ်သမားအနေဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ရန်မှာ လွယ်ကူမည်မဟုတ်သည်ကို ၎င်းတို့က သိကြပြီးဖြစ်သည်။

ထိုစဉ် ဆရာစံသည် တောင်သူလယ်သမားခေါင်းဆောင်ကြီးများနှင့် အစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ကာ အင်အားစုနေသည်။ ဆရာစံနှင့် တောင်သူလယ်သမားကြီးများ၏ ခံယူချက်မှာ ၎င်းတို့အနေဖြင့် အသက်ရှင်၍ဆင်းရဲငတ်ပြတ်ကာနေရခြင်းထက် မိမိတို့ထက် အစစအရာရာ အင်အားကြီးမားသော အင်္ဂလိပ်အစိုးရအား ရှိသည့်လက်နက်များဖြင့် တော်လှန်ကာ တစ်ပွဲတစ်လမ်းယှဉ်ပြိုင်ပြီး သေရခြင်းက မြတ်သည်ဟုခံယူကာ တိုက်ပွဲဝင်ရန် ပြင်ဆင်ခဲ့ကြသည်။

ဤကဲ့သို့သော အခြေအနေနှင့်ပတ်သက်၍ ယစ်မျိုးမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အင်္ဂလန်နိုင်ငံသား အိုင်းရစ်လူမျိုး စာရေးဆရာကြီး မစ္စတာမောရစ်ကောလစ်က

မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများစာအုပ်တွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့သည်။

“အောက်မြန်မာပြည်ရှိ လယ်သမားများအား ရှေးအခါကပင် အင်္ဂလိပ်စာရေးဆရာတို့က သိမ်မွေ့သည်၊ ယဉ်ကျေးသည်၊ စိတ်ကောင်းရှိသည်၊ သနားကရုဏာရှိသည် စသည်ဖြင့် ချီးကျူးရေးသားရလောက်သည့် လူများဖြစ်ကြပါလျက် ယခုမူ အဘယ်ကြောင့် စက်သေနတ်များရှေ့တွင် အသေခံခဲ့ကြရှာပါသနည်း၊ အဘယ်အကြောင်းတရားသည် သူတို့အား တစ်ပါးသူ ကျွန်ဘဝထက် သေရသည်က မြတ်သည်ဟု ထင်မှတ်ကြကာ ပြုခဲ့ကြပါသနည်း၊ သို့ရာတွင် ကျွန်တော်ရှိစဉ်က ကိုယ်တွေ့အဖြစ်အပျက် တချို့သည် အဖြေထွက်လျက် ရှိပေသည်၊ ကျွန်တော်တို့ အင်္ဂလိပ်များသည် မြန်မာပြည်ကို သိမ်းပိုက်ကြပြီးနောက် မပြုအပ်သော အကြောင်းနှစ်ခုကို ပြုလုပ်မိကြသည်၊ ပထမအကြောင်းမှာ မြန်မာများအတွက် ရှေးဆုံးကထားပြီး မစဉ်းစားဘဲ အင်္ဂလိပ်တို့အတွက် ရှေ့ဆုံးကထား၍ စဉ်းစားကြခြင်းပင်ဖြစ်သည်၊ ဒုတိယအကြောင်းမှာ မြန်မာများကို တန်းတူသဘောထား၍ မဆက်ဆံဘဲ အောက်ဆုံးကထား၍ ဆက်ဆံမိခြင်းဖြစ်သည်”[၂]

**၂။ လူထုဒေါ်အမာ၊ မြန်မာပြည်တွင်စစ်ဆေးခဲ့သော အမှုအခင်းများ (ဘာသာပြန်)၊ စာ–၂၅၅–၂၅၆။**



ဆရာစံ သာယာဝတီရောက်လာပြီး ၁၉၃၀ ပြည့်နှစ်၊ မေလတွင် အင်းရွာ မန်ကျီးကုန်းဘုန်းကြီးကျောင်း၌ ဦးပန်းစိန်၊ ဦးပန်းချိန် တို့ဦးဆောင်ပြီး စုဆောင်းထားသော သစ်စေ့များကို ဆရာစံက မော်လမြိုင်ကယူလာသော ဆေးများဖြင့် ရော၍နယ်ကာ ဆေးလုံးလေးများဖြစ်အောင် လုံး၏ ။ ထို့နောက် သစ်စေ့ စုဆောင်းသူများနှင့် ဝံသာနုလယ်သမားခေါင်းဆောင်ကြီးများအား ပေး၏။ တစ်နေ့တစ်လုံးကျဖြင့် ၁၅ ရက်ကြာ ဆေးမျိုရန်ကိုလည်း ဆရာစံက မှာကြားသည်။ ဆေး၏အာနိသင်မှာ ဆေးကိုစားသည့်ရက်အတွင်း ရေမချိုးဘဲနေလျှင် ရှိန်းပြီးစေသည်ဟု ဆရာစံက ဆိုသည်။[၃]

ဆရာစံသည် အစိုးရအား လက်နက်ကိုင်တော်လှန်ပုန်ကန်ရန် အသင်းတစ်သင်းကိုလည်း စနစ်တကျဖွဲ့စည်းရလိမ့်မည်ဟု နားလည်သဘောပေါက်ထားသည့်အတိုင်း ဂဠုန်အသင်းတစ်သင်းကို ဖွဲ့စည်းရန် ပြင်ဆင်ခဲ့သည်။ အသင်းသားများအတွက်လည်း အသင်းဝင်ဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်များကို ကြိုတင်စီစဉ်ခဲ့သည်။ ထို့ကြောင့် ဆရာစံသည် ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် ဝံသာနုခေါင်းဆောင် ကိုထွန်းဦးအား ဂဠုန်အသင်းဝင်ဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်နမူနာပုံစံပေးကာ ပုံနှိပ်ခိုင်းသည်။ ပုံနှိပ်ရမည့် လက်မှတ်ကတ်ပြားပေါင်းမှာ ငါးသောင်းဖြစ်သည်။ ဆရာစံ ပုံနှိပ်ခိုင်းသော အသင်းဝင်လက်မှတ်နမူနာပုံစံမှာ -

**၃။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၂၂။**

နံပါတ် -------------- ဂဠုန်အဖွဲ့ကြီးဥပဒေကို လိုက်နာပါမည်ဟု သစ္စာခံသောကြောင့် အသက် (        ) နှစ်ရှိသူ --------------------- သို့ (          ) အသင်းသား အဖြစ် အသိအမှတ်ပြုတော်မူလိုက်သည်။

သမတ ---------------------.

ဟူ၍ ဖြစ်သည်။

ဆရာစံသည် ဂဠုန်အသင်းဝင်ဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်များ အဆင်သင့်ဖြစ်သောအခါ အင်းရွာဘုန်းကြီးကျောင်းတွင် အစည်းအဝေးတစ်ခုကို ၁၉၃၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် ပြုလုပ်ကာ အသင်းတစ်သင်းကို စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ အဆိုပါ ဂဠုန်အသင်းမှာ တောင်သူလယ်သမားများက အင်္ဂလိပ်အစိုးရအား လက်နက်ကိုင်တော်လှန်ပုန်ကန်ရန် ပထမဦးဆုံးဖွဲ့စည်းသည့် ဂဠုန်အသင်းဖြစ်သည်။ ထိုစဉ်က ဆရာစံသည် အစည်းအဝေးသို့ တက်ရောက်လာကြသူ အသင်းသားများ၏ လက်မောင်းအရေပြားအောက်တွင် ရှိန်းပြီးစေရန် ဆေးအပ်များကိုလည်း ထည့်သွင်းမြှုပ်နှံပေးခဲ့သည်။

ဆရာစံသည် အင်းရွာ မန်ကျီးကုန်း ဘုန်းကြီး၏ဒကာရင်းဖြစ်သူ ဆရာစံညွှန့်ထံရေးသည့် စာထဲတွင်ပါသည့်အတိုင်း နောင်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါဦးဆိုသည့် စကားနှင့်အညီ တောင်သူလယ်သမားများက အင်္ဂလိပ်အစိုးရအား လက်နက်ကိုင်တော်လှန်သည့် အချိန်အခါကို တန်ဆောင်မုန်းလတွင် စတင်နိုင်ရန် ပြင်ဆင်ခဲ့သည်။

ဆရာစံသည် ၁၉၃၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက် (၁၂၉၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်) အင်္ဂါနေ့ည ၁၁ နာရီ ၃၃ မိနစ်အချိန်တွင် အင်းစိန်ခရိုင် မြစိမ်းတောင်ဘုရားရှိ ဇရပ်တွင် ဘိသိက်မင်္ဂလာပွဲ ဆင်ယင်ကျင်းပကာ သုပဏ္ဏကဂဠုန်ရာဇာဟူသော ဘွဲ့ကို ခံယူခဲ့သည်။ ထိုနေ့ည သန်းခေါင်မကျော်မီ ည ၁၁ နာရီ၊ မိနစ် ၅၀ အချိန်တွင် ဆရာစံနှင့် ဝံသာနုခေါင်းဆောင်ကြီးများသည် မြစိမ်းတောင်ဘုရားခြေတော်ရင်း၌ ဆေးမျှိုခဲ့ကြသည်။ ထိုနေ့မှစတင်ကာ ဆရာစံနှင့် ဝံသာနုလယ်သမားခေါင်းဆောင်ကြီးများသည် ၁၀ ရက်ကြာ ဥပုသ်ဝင်ကြပြီး ၁၉၃၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက် (၁၂၉၂ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂ ရက်) တွင် ဥပုသ်ထွက်ခဲ့ကြသည်။[၄]

ဆရာစံနှင့်အတူ ဘိသိက်မင်္ဂလာပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ဝံသာနုခေါင်းဆောင်ကြီးများမှာ ထားဝယ်မြို့မှ ဦးပဥ္ဇင်းတစ်ပါး၊ ဆရာဒိုင်ကြီးခေါ် ဦးရွှေဒိုင် (ထားဝယ်မြို့မှ ကျောင်းဆရာ)၊ အင်းရွာ အုန်းပင်စုရွာမှ ဦးပန်းစိန်၊ ဦးပန်းချိန်၊ ဦးကြက်တော (အင်းရွာ အလယ်စု)၊ ဦးထွန်းလင်း၊ ဦးရန်လင်း (ဇိမ်ဗာရွာ)၊ ဦးထွန်းသွယ် (စီနှစ်ခွ)၊ ဦးဘိုးဆင်၊ ရွှေချုံကြီး၊ ဦးဘိုထွန်း၊ ဆရာစ (ရွှေနားကွင်းရွာ ဝံသာနုအသင်းဥက္ကဌ)တို့ ဖြစ်ကြသည်။[၅] ဘိသိက်မင်္ဂလာပွဲ အခမ်းအနားကို ညသန်းခေါင်မကျော်မီ အချိန်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဘိသိက်မင်္ဂလာပွဲ အခမ်းအနားတွင် ဦးထွန်းလင်းနှင့် ဦးရန်လင်းတို့က မတ်တတ်ရပ်လျက်ဆေးခြယ်ထားသော ဂဠုန်ရုပ်နှင့် နဂါးရုပ်ပါသော အလံဖြူတစ်ခုစီ

၄။ သူပုန်ထကြွမှု ဖြစ်ပွားရင်းအကြောင်း၊ စာ–၉–၁၀။
၅။ သာယာဝတီမြို့နယ် (၁၈၇၈ မှ ၁၉၈၇) နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာတမ်း (လက်နှိပ်စက်မူ)၊ ဒီဇင်ဘာလ ၁၉၇၈၊ စာ–၂၄။

ကို ကိုင်ထားကြ၏။ ဆရာစံအပါအဝင် ကျန်လူများအားလုံးက စီတန်းကာ ထိုင်နေကြရသည်။ ထိုအချိန်တွင် ထားဝယ်မြို့မှ ကျောင်းဆရာ ဆရာဒိုင် ခေါ် ဦးရွှေဒိုင်က မင်္ဂလာသြဘာစကား ရွတ်ဖတ် သည်။ ထို့နောက် ၎င်းက အောင်စေသား၊ အောင်စေသား၊ အောင်စေသား ဟုဆိုကာ အခမ်းအနားကို ရပ်နားခဲ့၏။[၆] ထိုအချိန်မှစတင်ကာ ဆရာစံနှင့်အပေါင်းပါ ခေါင်းဆောင်ကြီးများသည် တောင်သူလယ်သမားများအား ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ခဲ့ကြသော အင်္ဂလိပ်နယ်ချဲ့အစိုးရအား လက်နက်ကိုင်တော်လှန်ပုန်ကန်ရန် သစ္စာဆိုကာ သန္နိဋ္ဌာန် ချခဲ့ကြသည်။

ဤတွင် ရှင်းပြစရာ အနည်းငယ်ရှိပေသည်။ ပထမ ရှင်းပြစရာတစ်ခုမှာ ဆရာစံနှင့် အပေါင်းပါခေါင်းဆောင်ကြီးများ ဥပုသ်စောင့်သည့်နေရာလည်း ဖြစ်သည့်အပြင် ဆရာစံ ဘိသိက်မင်္ဂလာပွဲကျင်းပကာ သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ ခံယူသည့်နေရာလည်းဖြစ်သည့် နေရာနှင့်ပတ်သက်၍ လွဲမှားနေခြင်းဖြစ်သည်။ ဒုတိယရှင်းပြစရာတစ်ခုမှာ ဆရာစံနှင့် ခေါင်းဆောင်ကြီးများ ဥပုသ်စောင့်သည့် ရက်ကာလရှည်အကြောင်းနှင့် ပတ်သက်၍ လွဲမှားနေခြင်းတို့ ဖြစ်သည်။ ဘိသိက်မင်္ဂလာပွဲ ကျင်းပကာ ဆရာစံ သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံယူပြီး အပေါင်းပါခေါင်းဆောင်ကြီးများနှင့်အတူ ဥပုသ်စောင့်သည့်နေရာမှာ သာယာဝတီခရိုင်နှင့် အင်းစိန်ခရိုင် (ယခု ရန်ကုန်တိုင်းဒေသကြီး) နယ်စပ်ရှိ မြစိမ်းတောင်ဘုရားတွင် ဖြစ်သည်။ အဆိုပါ မြစိမ်းတောင်မှာ သာယာဝတီမြို့အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာတွင်ရှိပြီး အင်းစိန်ခရိုင် (ယခု ရန်ကုန်တိုင်း

၆။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၉–၁၀။



ဒေသကြီး) တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၏ မြောက်ဘက်တွင် ရှိသည်။ ထိုနေရာတွင် တောင်ညိုတောင်လည်း ရှိသေးသည်။ တောင်ညိုတောင်မှာ မြစိမ်းတောင်နှင့် လျှိုမြောင်တစ်ခုသာ ခြား၏။ ယင်းတောင်နှစ်တောင်ကိုပေါင်းကာ မြစိမ်းတောင်ညိုဟု ခေါ်သည်။ သို့ရာတွင် မြစိမ်းတောင်နှင့်တောင်ညို တောင်တို့မှာ တစ်တောင်နှင့်တစ်တောင် မတူကြပေ။ မြစိမ်းတောင်ပေါ်တွင် ဉာဏ်တော် ၁၈ ပေခန့်ရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိသည်။ တောင်ညိုတောင်ပေါ်တွင် ဉာဏ်တော် ၁၆ ပေခန့်ရှိ စေတီတစ်ဆူရှိသည်။ တောင်ညိုတောင်မှာ မြစိမ်းတောင်၏ မြောက်ဘက် လျှိုတစ်ခုသာခြားသော နေရာတွင် ရှိသည်။ ၎င်း အရပ်ဒေသမှလူများကမူ မြစိမ်းတောင်ညိုအား တောင်ညိုလေးဟု နှုတ်ကျိုးကာ အဖျားဆွတ်ခေါ်နေကြသည်။ ထို့ကြောင့် ယခုအခါ မြစိမ်းတောင်အမည်ပျောက်ကာ တောင်ညိုလေးဟု လူသိများသောကြောင့် မြစိမ်းတောင်ဟူသော အခေါ်အဝေါ်ပင် ပျောက်ကွယ်သလို ရှိနေပြီဖြစ်သည်။

ထိုအချိန်က မြစိမ်းတောင်မှာ သစ်ပင်ကြီးများ ထူထပ်စွာပေါက်နေကာ တောထူထပ်နေသဖြင့် လူသူအရောက်အပေါက်အလွန်နည်းသော နေရာဖြစ်သည်။ တောင်ညိုတောင်မှာ ရွာများနှင့်နီးသဖြင့် လူသူအရောက်အပေါက်များသည့်အပြင် တောင်ပေါ်တွင် ဘုန်းကြီးကျောင်းတစ်ကျောင်းလည်း ရှိသည်။ တောင်ခြေတွင် ယာခင်းများရှိသဖြင့် ယာစောင့်တဲများလည်း ရှိကြသည်။ ဆရာစံသည် အစည်းအဝေးများပြုလုပ်ခြင်းမှအစ သူဆောင်ရွက်မည့် ကိစ္စအဝဝကို အလွန်လျှို့ဝှက်သိုသိပ်စွာ ပြုလုပ်လေ့ရှိသည်။ သူ့လုပ်ငန်းမပေါက်ကြားစေရန် တောင်ညိုတောင်ထက်စာလျှင် လူသူအရောက်အပေါက်နည်းပြီး တောထူထပ်သည့် မြစိမ်းတောင်အား

သူ့လုပ်ငန်းအတွက် အသုံးပြုရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ဆရာစံ သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ ခံယူသည့်နေရာလည်း ဖြစ်သည့်အပြင် ၁၀ ရက်ကြာ ဥပုသ်ဝင်သည့်နေရာလည်း ဖြစ်သည်။ ထိုနေရာနှင့်ပတ်သက်၍ အောက်တွင် အမျိုးမျိုး မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။

၁၂၉၂ ခုနှစ် တောင်သူလယ်သမားအရေးတော်ပုံ စာ-၁၉၂ တွင် တောင်ညိုဘုရားရှိ ဇရပ်တစ်ခုပေါ်တွင် ရာဇဘိသေက တင်မြှောက်ခြင်းကို ခံယူကြောင်းဟူ၍လည်းကောင်း၊ သန်းဝင်းလှိုင်၏ရုပ်တုမှပြောသော သမိုင်းဝင်ပုဂ္ဂိုလ်ထူးများစာအုပ် စာ-၁၅၈ တွင် တောင်ညိုဘုရားရှိ ဇရပ်တစ်ခုပေါ်တွင် တည်းခိုပြီးလျှင် ညအခါ ရာဇဘိသေက တင်မြှောက်ခြင်းကို ခံယူသည်ဟူ၍ လည်းကောင်း၊ မြန်မာပြည်တွင် သူပုန်ထကြွမှု ဖြစ်ပွားရင်း အကြောင်း စာ-၉ တွင် ဆရာစံ၏ ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်း တွင် သာယာဝတီအရှေ့ အင်းစိန်နယ် မြစိမ်းတောင်ဘုရားတွင် ပထမအကြိမ် ရာဇဘိသေသတင်မြှောက်၊ သုပဏ္ဏကဂဠုန်ရာဇာ ဘွဲ့ကို လက်ခံသည်ဟူ၍လည်းကောင်း၊ ဦးဘဦး၏ ကျွန်ုပ်၏မြန်မာ နိုင်ငံစာအုပ်တွင် အင်းစိန်ခရိုင်အတွင်းရှိ မြစိမ်းတောင်ညိုဘုရား၌ သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံယူကာ ဘုရင်အဖြစ် ကြေညာခဲ့သည် ဟူ၍လည်းကောင်း အသီးသီး ရေးထားပါသည်။

ရဲဘော် ဖိုးဖြူ၏ဗြိတိသျှစိုးမိုးသူအား ကျွန်ုပ်တို့တော်လှန် ကြစဉ်က စာ- ၄၈၊ ၄၉ တွင် "တောင်ညိုဘုရား ကုန်းတော်၏ တောင်ဘက်ရှိ လျှိုမြောင်တစ်ခုသာခြားသော မြစိမ်းတောင်ကို လှမ်းကြည့်မိရာ ဇရပ်တစ်ဆောင်ကို လှမ်းမြင်လိုက်စဉ် ဆရာစံ



ဥပုသ်ကြီးဝင်သည်ဆိုသော အကြောင်းကိုပြလျှက် အနယ်နယ် အရပ်ရပ်မှ ခေါင်းဆောင်များ အစည်းအဝေးကျင်းပရာ မြစိမ်း တောင်မှ ဇရပ်တစ်ဆောင်ဖြစ်ကြောင်း သိမှတ်ပြီးဖြစ်သော ကျွန်ုပ် သည်" စသည်ဖြင့် ရဲဘော်ဖိုးဖြူက မှတ်တမ်းတင်ထားလေသည်။ ဂဠုန်ဗိုလ် ဗိုလ်ဖိုးဖြူသည် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၅ ရက်၊ နံနက်က ၎င်းတို့၏ဂဠုန်တပ်ခရီး တစ်ထောက်ခေတ္တနားရာ တောင်ညိုတောင်ပေါ်ရှိ ဘုရားကုန်းတော်မှနေ၍ မြစိမ်းတောင်သို့ လှမ်းမျှော်ကြည့်သောအခါ သူ့အမြင်နှင့် သူသိရသော သူ့အသိကို မှတ်တမ်းတင်ထားခြင်း ဖြစ်ပေသည်။

အထက်ဖော်ပြပါ အကြောင်းအချက်များကို ထောက်ရှု ကြည့်လျှင် ဆရာစံသည် တောင်ညိုတောင်ပေါ်ရှိစေတီတွင် သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ကို ခံယူခြင်း၊ ဥပုသ်စောင့်ခြင်း မဟုတ် ပေ။ မြစိမ်းတောင်ပေါ်ရှိ ဘုရားတွင်သာ သုပဏ္ဏကဂဠုန်ရာဇာ ဘွဲ့ကို ခံယူခြင်း၊ ဥပုသ်စောင့်ခြင်း ဖြစ်ပေသည်။

မြစိမ်းတောင်ဘုရားရှိ ဇရပ်တွင် ဆရာစံနှင့် သူ၏ အပေါင်းအပါခေါင်းဆောင်ကြီးများ ဥပုသ်စောင့်သည့်ရက်ကာလ ရှည် အကြောင်းကိုလည်း အောက်တွင် အမျိုးမျိုးမှတ်တမ်းတင် ထားခဲ့ကြသည်။

၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ စာ- ၇၀ တွင် ဆရာစံသည် ရင်းနှီးသည့် ခေါင်းဆောင်များနှင့်အတူ ၄၅ ရက် ဥပုသ်ကြီးဝင်သည် ဟူ၍လည်းကောင်း၊ စိန်စိန်၏ နှင်းသက်ဆယ်ပြန် စာ- ၁၆၀ တွင် ခေါင်းဆောင်ကြီးဆရာစံသည် ၄၅ ရက်မျှ ဥပုသ်ကြီးဝင်ပြီးနောက် တဲနန်းကို ပန္နက်ရိုက်လေ သည် ဟူ၍လည်းကောင်း၊ သာယာဝတီမြို့နယ် (၁၈၇၈-၁၉၇၈)

နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်စာတမ်း စာ-၄၂ တွင် ဆရာစံသည် တောင်ညို၌ လက်ရင်းတပည့် ခေါင်းဆောင်ကြီးများနှင့်အတူ ၄၅ ရက် ဥပုသ်ကြီးဝင်လေသည် ဟူ၍လည်းကောင်း စသည်ဖြင့် တွေ့ရသည်။

ဆရာစံက သူ့ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်းတွင် ၁၉၃၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် မြစိမ်းတောင်ညိုဘုရားတွင် ပထမအကြိမ် သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ကို ခံယူကာ နိုဝင်ဘာလ ၆ ရက်တွင် ဥပုသ်ထွက်သည်ဟု ဖော်ပြထားပေရာ ဆရာစံနှင့်အပေါင်းအပါ ခေါင်းဆောင်ကြီးများသည် ၁၀ ရက်ကြာ ဥပုသ်စောင့်သည်ဟု ဆိုရမည်ဖြစ်ပေသည်။ ထို့ကြောင့် ဆရာစံသည် ၄၅ ရက်ကြာ ဥပုသ်ကြီးဝင်ခြင်းမဟုတ်ဘဲ ၁၀ ရက်ကြာ ဥပုသ်စောင့်ခြင်းသာ ဖြစ်ပေသည်။

ဆရာစံသည် ၁၉၃၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက် မတိုင်မီကပင် ဥပုသ်ဝင်လေမည်လားဟု လေ့လာကြည့်ရာ အောက်တိုဘာလ ၂၆ ရက်က ဆရာစံသည် သာယာဝတီ အင်းရွာ မန်ကျီးကုန်း ဘုန်းကြီးကျောင်းတွင် အစည်းအဝေးပြုလုပ်ခဲ့ပြီး ဂဠုန်အသင်းတစ်သင်းကို တည်ထောင်ဖွဲ့စည်းခဲ့သည်ဟူသော အချက်ကိုတွေ့ရသဖြင့် အောက်တိုဘာလ ၂၈ ရက်မတိုင်မီက ဥပုသ်ဝင်သည်မှာလည်း မဖြစ်နိုင်ပေ။

ဆရာစံသည် ဥပုသ်ထွက်ပြီးနောက် နိုဝင်ဘာလ တစ်လလုံး ဟင်္သာတနှင့် ဖျာပုံခရိုင်၊ ဒေးဒရဲနယ်များသို့ သွားရောက်ကာ အစိုးရအား လက်နက်ကိုင်ပုန်ကန်ရန် တောင်သူလယ်သမား ဝံသာနုခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ သူသည် ဒေးဒရဲနယ် ဝံသာနုအသင်းချုပ် ဥက္ကဋ္ဌဦးအောင်လှ



အိမ်တွင် တည်းခိုကာ တော်လှန်ရေးကိစ္စအရပ်ရပ်ကို လျှို့ဝှက်ဆွေးနွေးခဲ့သည်။ ၎င်းအပြင် ဆရာစံသည် ကျေးရွာများအထိ သွားကာ တောင်သူလယ်သမားများအား စည်းရုံးခဲ့သည်။ ထိုမှ တစ်ဖန် ဟင်္သာတနယ်ဘက်သို့ စည်းရုံးရေးအတွက် ထွက်ခဲ့ပြန်သည်။ သူသည် ဟင်္သာတမြို့ပြင်ဘက်ရှိ မီးနင်းရွာ ကျောင်းထိုင်ဘုန်းကြီး ဦးစန္ဒကျောင်းတွင် တည်းခိုကာ အင်္ဂပူမြို့နယ်ကွင်းကောက်ဘက်သို့ သွားရောက်ပြီး တောင်သူလယ်သမားများအား စည်းရုံးခဲ့ပြန်၏။

ဆရာစံသည် ဒေးဒရဲနှင့် ဟင်္သာတနယ်တို့မှ ပြန်ရောက်လာပြီးနောက် ဒီဇင်ဘာလဆန်းပိုင်းတွင် အင်းရွာ မန်ကျီးကုန်း ဘုန်းကြီးကျောင်း၌ အစည်းအဝေးပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် ဆရာစံ ဂဠုန်အသင်း၏ ရည်ရွယ်ချက်ကို ပြောခဲ့သည်။ ဂဠုန်အသင်း၏ ရည်ရွယ်ချက်မှာ မြန်မာပြည်ကို ဗြိတိသျှအစိုးရတို့လက်မှ စစ်မက်အင်အားဖြင့်ရယူရန် ဖြစ်ကြောင်းပြော၏။ ထို့နောက် အစည်းအဝေး တက်ရောက်သူများအား အလံတောင်သို့ စုရုံးရောက်ရှိရန်ပြောကာ အစည်းအဝေးကို ရပ်နားလိုက်သည်။

ဆရာစံသည် အစည်းအဝေးများကို အခွင့်အခါသင့်သလို ပြုလုပ်ခဲ့သည်။ တောင်သူလယ်သမားအရေးတော်ပုံ မဖြစ်ပွားမီ ၁၀ ရက် အလိုက ကျင်းပသည့် ရွှေနားကွင်းရွာ အစည်းအဝေးသည် ဆရာစံနောက်ဆုံးပြုလုပ်သည့် အစည်းအဝေးဖြစ်ပေသည်။ ၎င်းအစည်းအဝေးသည် အင်္ဂလိပ်အစိုးရအား တော်လှန်ပုန်ကန်

ရန် သူ၏အကြံအစည်များကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုသည့် အစည်းအဝေးလည်း ဖြစ်သည်။

အဆိုပါ အစည်းအဝေးကို ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၂ ရက်၌ အင်းစိန်ခရိုင်၊ ရွှေနားကွင်းရွာ ဝံသာနုအသင်းဥက္ကဋ္ဌ ဆရာစံအိမ်တွင် ပြုလုပ်ခဲ့သည်။ (ရွှေနားကွင်းရွာသည် တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ အရှေ့တောင်ဘက် သုံးမိုင်ခန့် အကွာတွင်ရှိသည်။) အစည်းအဝေးသို့ အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ် ၂၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။ ရှေးဦးစွာ အစည်းအဝေး တက်ရောက်သူများက ငါးပါးသီလခံယူကာ သစ္စာရေသောက်ကြသည်။

အစည်းအဝေးတွင် ဆရာစံက သဘာပတိအဖြစ် မိန့်ခွန်းပြောကြားခဲ့သည်။ ဆရာစံ မိန့်ခွန်းပြောကြားရာတွင် သူပုန်ထကြွမှုကို ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် စတင်ပြုလုပ်ရမည်ဖြစ်ကြောင်း စပါးဈေးအရပ်ရပ် လျော့ကျခြင်းအကြောင်း၊ လူခွန်တော်မပေးဆောင်ဘဲ သူပုန်ထကြွရန် ရွာသူကြီးများ၏ သေနတ်များကို လုယူရန်၊ ကြေးနန်းကြိုးများဖြတ်ရန်၊ မီးရထားလမ်းများကို ဖျက်ဆီးရန်၊ အစိုးရစစ်တပ်များကို ကိုယ်ထိလက်ရောက် တိုက်ခိုက်ရန် ဗုဒ္ဓရာဇာဟူသော မြို့တစ်မြို့ကို တောင်ထူထပ်သည့်တော၌ တည်ထောင်ရမည်။ ပြာသိုလဆန်း ၄ ရက် (၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်) ညတွင် ရွှေနားကွင်းရွာသို့ မပျက်မကွက် လာရောက်ကြရန် ကိုယ်စားလှယ်များအား မှာကြားခဲ့သည်။ ရွှေနားကွင်းရွာ အစည်းအဝေးပြီးလျှင်ပြီးချင်း ဆရာစံသည် ခေါင်းဆောင်အချို့နှင့်အတူ အလံတောင်သို့ သွားကြကာ အလံတောင်တွင် သူ၏တဲနန်းဆောက်လုပ်ရန်



နေရာကို ရွေးချယ်ခဲ့သည်။ ဒီဇင်ဘာလ ၂၁ ရက် ရောက်သောအခါ ဆရာစံသည် တဲနန်းဆောက်လုပ်ခဲ့သည်။[၇]

ဆရာစံသည် သူနေထိုင်ရန် တဲနန်းအပြင် အရေးတော်ပုံတပ်သားများ စခန်းချမည့်တဲများကိုလည်း ဆောက်လုပ်ခဲ့သည်။ အဆိုပါ တဲများအနီးရှိ သစ်ပင်များတွင်လည်း ကျေးရွာအလိုက် တပ်ခွဲများဖွဲ့စည်းထားသည့်အတိုင်း ဝဲရွာ၊ ရေတိုက်ရွာ၊ အင်းကောက်ရွာ၊ ဖြူကလေးရွာ စသည်ဖြင့် ကျေးရွာအမည်များကိုလည်း ရေးထားသည်။ ဆရာစံ၏တဲနန်းအတွင်းရှိ တိုင်များလိုလိုပင် တိုင်ကပ်နာရီကြီးများ ချိတ်ဆွဲထား၏။ မောင်းကြီးများ၊ ငွေဖလားများ၊ အပ်ချုပ်စက်များ၊ ကော်ဇောများနှင့် အင်္ဂလိပ် လက်နှိပ်စက်များကိုလည်း ဆရာစံ အသုံးပြုခဲ့သည်။[၈]

ဤတွင် အလျဉ်းသင့်သဖြင့် ဆိုစရာများ ရှိပေသည်။ အင်္ဂလိပ်အစိုးရ မှိုင်းမိသူများ တာဝန်မဲ့ ခနရှင်နိုင်ငံရေးခေါင်းဆောင်များ၊ အင်္ဂလိပ်အလိုတော်ရိများက ဆရာစံ၏လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအား သေးသိမ်မှေးမှိန်သွားစေရန် မဟုတ်မမှန် ရေးသားခဲ့ကြသည်။ ဆရာစံသည် ဘုရင်အဆောင်အယောင်များဖြင့် အလံတောင်ပေါ်တွင် မိဖုရားများနှင့် နေသယောင်ယောင် မဟုတ်မမှန် ရေးသားခဲ့ကြသည်။ ဤသို့ မဟုတ်မမှန်ဝါဒဖြန့် ရေးသားခဲ့သည်ကို နောင်အခါ သမိုင်းဆရာများ၊ စာရေးဆရာ

၇။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၅–၆။

၈။ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမား အရေးတော်ပုံမှတ်တမ်း၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၁၀၅)၊ စာ–၁၀၃–၁၀၄။

များက ဖြစ်ရပ်မှန်များဟု မှတ်ထင်ယူဆကာ မှတ်တမ်းတင်ခဲ့ကြသည်။

သာဓကအဖြစ် တင်ပြရလျှင် ပျော်ဘွယ် သခင်ဗဆွေက သူ၏ ဗမာ့ပုန်ကန်မှုများစာအုပ် စာ- ၁၃၀၊ ၁၃၁ တွင် "၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် သုပဏ္ဏကဂဠုန်ရာဇာသည် သာယာဝတီ ဒီစတြိတ်ရှိ အလံတောင်ပေါ်တွင် မိဖုရားငါးပါး၊ ဝန်ကြီးလေးပါးတို့နှင့်အတူ နံနက်စာ ပွဲတော်တည်ပြီးလျှင် သီဟာသနပလ္လင်ပေါ်တွင် ထိုင်၍ ဗိုလ်မှူးကြီး သီရိနေ်ာရထာ အုပ်ချုပ်သော ဂဠုန်တပ် လေးတပ်ကို ကြည့်ရှုစစ်ဆေးလေသည်" ဟု မှတ်တမ်းတင်ထားပါသည်။

ဆရာစံ၏ ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်းတွင် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက် (၁၂၉၂ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်) တွင် တဲနန်းဆောက်လုပ်သည်ဟု ဖော်ပြထားသည်။ အဆိုပါ ဆရာစံ၏ ဒိုင်ယာရီတွင် ဖော်ပြထားသော တဲနန်းဆောက်သည့် နေ့ရက်နှင့် ပျော်ဘွယ် သခင်ဗဆွေ၏ ဗမာ့ပုန်ကန်မှုများစာအုပ်တွင် ဖော်ပြထားသည့် ဆရာစံ နံနက်စာပွဲတော်တည်သည့် နေ့ရက်တို့ကို ဆက်စပ်နှိုင်းယှဉ်ကြည့်သော် ဆရာစံသည် အလံတောင်ပေါ်တွင် တဲနန်းမဆောက်လုပ်မီအချိန်ကပင် မိဖုရားငါးပါး၊ ဝန်ကြီး လေးပါးတို့နှင့်အတူ နံနက်စာ ပွဲတော်တည်ပြီး သီဟာသနပလ္လင်ပေါ်တွင်ထိုင်ကာ ဂဠုန်တပ်လေးတပ်ကို ကြည့်ရှုစစ်ဆေးသလို ဖြစ်နေပေသည်။ ဤသို့ဖြင့် ဆရာစံ၏လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအား သေးသိမ်မှေးမှိန်သွားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားပေသည်။



ထို့အတူပင် မစ္စတာမောရစ်ကောရစ်က သူ၏မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများစာအုပ်၌ ဒီဇင်ဘာလ ၂၁ ရက်တွင် သုပဏ္ဏကဂဠုန်ရာဇာသည် သာယာဝတီ ဒီစတြိတ်တွင်ရှိသော အလံတောင်၌ မိဖုရားငါးပါး၊ ဝန်ကြီးလေးပါးတို့နှင့်အတူ နံနက်စာ ပွဲတော်တည်သည်။ ထို့နောက် သီဟာသနပလ္လင်ပေါ်မှ နေ၍ ဗိုလ်မှူးသီရိနေ်ာရထာ အုပ်ချုပ်ကွပ်ကဲသော တပ်မကြီးလေးတပ်ကို ရှုစားတော်မူသည်ဟု မှတ်တမ်းတင်ထားခဲ့ပေသည်။ အဆိုပါစာအုပ်တွင် ဖော်ပြထားသော ဒီဇင်ဘာလ ၂၁ ရက်တွင် ဆရာစံ ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်းတွင် ဖော်ပြထားသော ဆရာစံ တဲနန်းဆောက်သည့်နေ့ရက်ဖြစ်သည့် ဒီဇင်ဘာလ ၂၁ ရက်တို့ကို ဆက်စပ်နှိုင်းယှဉ်ကြည့်သော် ဆရာစံတဲနန်းဆောက်သည့်နေ့၌ပင် ဆရာစံသည် မိဖုရားငါးပါး၊ ဝန်ကြီးလေးငါးတို့နှင့်အတူ နံနက်စာ ပွဲတော်တည်ကာ သီဟာသနပလ္လင်ပေါ်မှနေ၍ တပ်မကြီးလေးတပ်ကို ရှုစားသလို ဖြစ်နေပေသည်။ ဤသည်မှာလည်း ဆရာစံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအား သေးသိမ်မှေးမှိန်သွားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားခြင်း ဖြစ်ပေသည်။

တစ်ဖန် သတိပြုစရာတစ်ခု ရှိသေး၏။ ၎င်းမှာ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်တွင် ခေတ္တဘုရင်ခံ ဆာဂျေအေမောင်ကြီးသည် သာယာဝတီမြို့တွင် ဒါဘာပွဲကျင်းပကာ အခွန်တော်ကိစ္စနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောခဲ့သည်။ ထိုနေ့၌ ဆရာစံသည် မိဖုရား ငါးပါး၊ ဝန်ကြီးလေးပါးတို့နှင့်အတူ နံနက်စာ ပွဲတော်တည်နိုင်မည် မဟုတ်ပေ။ အကြောင်းမှာ အခွန်တော်ကိစ္စနှင့်ပတ်သက်၍ အင်္ဂလိပ်အစိုးရအား နာကြည်းနေသော တောင်သူ

လယ်သမားခေါင်းဆောင် ဆရာစံသည် သူ့အတွက် သေရေးရှင်ရေးတမျှ အရေးကြီးသည့် အခွန်တော်နှင့်ပတ်သက်သော ဘုရင်ခံမိန့်ခွန်းအား ရင်တမမဖြင့် မျှော်လင့်စောင့်ဆိုင်းနေရသောကြောင့် ဖြစ်ပေသည်။ ဤကဲ့သို့သော အခြေအနေတွင် ဆရာစံသည် မိဖုရားများနှင့်အတူ နံနက်စာ ပွဲတော်တည်သည်ဟု နယ်ချဲ့အလိုတော်ရိများနှင့် အင်္ဂလိပ်အစိုးရ မှိုင်းမိနေသူများက မဟုတ်မမှန် လုပ်ကြံရေးသားခဲ့ကြသည်။ ဤသည်မှာ ဆရာစံ၏ လွတ်လပ်ရေး ကြိုးပမ်းမှုအား သေးငယ်သိမ်ဖျင်းသွားစေရန် ရည်ရွယ်ရေးသားခြင်းသာ ဖြစ်သည်။

တစ်ဖန် ပျော်ဘွယ်သခင်ဗဆွေနှင့် စာရေးဆရာ မစ္စတာ မောရစ်ကောရစ်တို့၏စာအုပ်တို့တွင် "သုပဏ္ဏကဂဠုန်ရာဇာသည် သာယာဝတီ ဒီစတြိတ်တွင်ရှိသော အလံတောင်ပေါ်ရှိ အောင်ချမ်းသာမြို့တွင် စံနေတော်မူလျက်" ဟု အသီးသီးမှတ်တမ်းတင်ထားပါသည်။ ဆရာစံကမူ သူ၏ ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်းတွင် ဗုဒ္ဓရာဇာမြို့ဟူသော မြို့သစ်တစ်မြို့ကို အလံတောင်ပေါ်၌ သမုတ်ကာ တဲနန်းဆောက်လုပ်ခဲ့သည်ဟု ရေးထားပါသည်။ စင်စစ်တွင်မူ ဆရာစံသည် သာယာဝတီနယ်၊ အလံတောင်ပေါ်တွင် ဗုဒ္ဓရာဇာမြို့ကိုတည်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်နယ် ပါဝိုင်းစခန်းတွင် အောင်ချမ်းသာမြို့ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဤကဲ့သို့ မြို့တည်နေရာ ကွဲလွဲနေသည်ကို သတိမပြုမိဘဲ အင်္ဂလိပ်အစိုးရ မှိုင်းမိနေသူများနှင့် နယ်ချဲ့အလိုတော်ရိများက မဟုတ်မမှန် လုပ်ကြံလိုစိတ်ဖြင့် အလံတောင်ပေါ်တွင် အောင်ချမ်းသာမြို့ ရှိသယောင်ယောင်ဖြင့် ဗုဒ္ဓရာဇာမြို့နှင့် အောင်



ချမ်းသာမြို့တို့ကို အလွဲလွဲအချော်ချော် ရေးသားခဲ့ကြသည်။ ထို့ပြင် တကယ်မရှိသည့် မိဖုရားများ၊ ဝန်ကြီးများကို ဖန်တီးကာ ဆရာစံ ဘုရင်ရူး ရူးနေသယောင် ရေးသားခဲ့ကြသည်။ ဤသည်ကို ပျော်ဘွယ် သခင်ဗဆွေနှင့် မစ္စတာ မောရစ်ကောရစ်တို့က အမှန်ဟု ထင်မှတ်ကြကာ မှတ်တမ်းတင်ခဲ့ကြသည်။ စင်စစ်တွင်မူ ဆရာစံသည် အလံတောင်ပေါ်တွင် ၁၀ ရက်ကြာသာ နေထိုင်သွားခဲ့သည်။ အဆိုပါ ၁၀ ရက် အတောအတွင်း ဆရာစံမှာ အင်္ဂလိပ်အစိုးရအား မည်သို့မည်ပုံ တိုက်ပွဲဝင်ရမည်ကို စဉ်းစားကာ စီစဉ်နေရသဖြင့် မအားလပ်ခဲ့ပေ။ ထို့ကြောင့် ဆရာစံသည် အလံတောင်ပေါ်တွင် မင်းမြောက်တန်ဆာ ငါးပါးကိုလည်း မဝတ်ဆင်ခဲ့ပေ။ မိဖုရားငါးပါး၊ ဝန်ကြီးလေးပါးတို့နှင့်လည်း နံနက်စာ ပွဲတော်မတည်ခဲ့ပေ။ သီဟာသနပလ္လင်ပေါ်တွင်လည်း ဆရာစံ မထိုင်ခဲ့ပေ။

ဆရာစံသည် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၌ အလံတောင်ပေါ်တွင် တဲနန်းဆောက်လုပ်ကာ အင်္ဂလိပ်အစိုးရအား လက်နက်ကိုင်တော်လှန်ပုန်ကန်ရန်အတွက် ဗဟိုစခန်းချုပ်ပြုလုပ်ခဲ့သည်။ ဆရာစံတဲနန်းဆောက်သည့်နေ့၌ပင် မြန်မာလူမျိုး ခေတ္တဘုရင်ခံ ဆာဂျိုးဇက်ဩဂတ်စတင် မောင်ကြီးသည် သာယာဝတီမြို့၌ကျင်းပသော ဒါဘာပွဲသို့တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ တောင်သူလယ်သမားခေါင်းဆောင်များက လူခွန်၊ လယ်ခွန်များ လျှော့ကောက်ရန်၊ ငွေကြေးအခက်အခဲကြောင့် ခေတ္တရွှေ့ဆိုင်းပေးရန်နှင့် အမတော်ကြေး ပိုမိုတိုးမြှင့်ပေးပါရန် တောင်းဆိုကြသည်။ သို့သော် ဘုရင်ခံက မလိုက်လျောနိုင်ကြောင်း ငြင်းပယ်လိုက်သည်။ ထိုအခါ ဒီဇင်ဘာလ ၁၂ ရက်က ဆရာစံ

ကြေညာထားသည့်အတိုင်း ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် အင်္ဂလိပ်အစိုးရအား စတင်တော်လှန်ခဲ့သည်။

ဆရာစံသည် ဦးစိုးသိမ်း ဂျီစီဘီအေအဖွဲ့ကြီး၏ အမှုဆောင်ဟောင်းတစ်ဦးဖြစ်ပြီး ခရိုင်ဂျီစီဘီအေကိုယ်စားလှယ်အဖြစ် နိုင်ငံလုံးဆိုင်ရာ ဂျီစီဘီအေနှစ်ပတ်လည်ညီလာခံကြီးများကို (၅) ကြိမ် တက်ရောက်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် သူသည် နိုင်ငံရေးအတွေ့အကြုံ အတော်အတန် ရှိသူလည်း ဖြစ်သည်။ ထို့ကြောင့် ခေတ္တဘုရင်ခံ ဆာဂျေအေမောင်ကြီး သာယာဝတီမြို့၌ ပြုလုပ်မည့် ဒါဘာပွဲသို့ တက်ရောက်မိန့်ခွန်းပြောမည့်သတင်းကိုလည်း ဆရာစံကြိုတင်ရထားပြီး ဖြစ်လိမ့်မည်ဟု ယူဆရပေသည်။ ဘုရင်ခံ ဆာဂျေအေမောင်ကြီးအနေဖြင့် သူ့သဘော၊ သူ့ဆန္ဒ တစ်ခုတည်းဖြင့် လူခွန်၊ လယ်ခွန်များအား လျှော့ကောက်ရန်နှင့် ခေတ္တရွှေ့ဆိုင်းပေးနိုင်စွမ်းမရှိသည်ကိုလည်း ဆရာစံသိသင့်သ၍ သိထားပေသည်။ ထို့ကြောင့် နိုင်ငံရေးကို အတော်အတန်နားလည်ပြီဖြစ်သော ဆရာစံသည် ဘုရင်ခံ ဆာဂျေအေမောင်ကြီး သာယာဝတီမြို့သို့ မလာမီကပင် ၁၀ ရက် ကြိုတင်က ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် အင်္ဂလိပ်အစိုးရအား တော်လှန်ပုန်ကန်မှု စတင်ပြုလုပ်ရမည်ဟု ကြေညာထားခြင်းဖြစ်သည်ဟု ဆိုရပေမည်။

ဤတွင် အလံတောင်အကြောင်း ဆိုပါဦးမည်။ အလံတောင်သည် သာယာဝတီမြို့ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ ပဲခူးရိုးမတောင်တန်းတွင်ရှိပြီး ဘုရင်အဖြစ် ဆရာစံ ပထမဆုံးကြေညာသည့် မြစိမ်းတောင်ညို၏မြောက်ဘက် ၇ မိုင်ခန့်အကွာတွင် ရှိသည်။ မြစိမ်းတောင်ညိုမှာ သာယာဝတီမြို့၊ အရှေ့ဘက် ၇



မိုင်ခွဲခန့်အကွာ အင်းစိန်ခရိုင် (ယခု ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်) အတွင်း၌ ရှိသည်။*

ဆရာစံသည် သာယာဝတီထောင်တွင် အချုပ်ခံနေကြရသော တောင်သူလယ်သမားကြီးများနှင့် ဝံသာနုကြီးများ လွတ်မြောက်ရေးအတွက် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက် ညတွင် သာယာဝတီထောင်ကို သွားရောက်ဖွင့်ရန် အရေးတော်ပုံဂျူန်တပ်သားများအား အမိန့်ပေးခဲ့သည်။ အရေးတော်ပုံတပ်သားများအား အမိန့်ပေးခဲ့သည်။ အရေးတော်ပုံတပ်သားများ သာယာဝတီထောင်သို့ သွားကြသည့်လမ်းတွင် ဇိမ်ဇာသူကြီး ဦးဘိုးညွန့်နှင့် နောက်ပါ သုံးလေးယောက်တို့နှင့်တွေ့ကာ အချင်းများကြသည်။

---

***** **အလံတောင်နှင့် မြစိမ်းတောင်ညိုတို့အား ရောထွေးပြီး မှားယွင်းကာ ရေးထားသည်ကို အောက်တွင် အမျိုးမျိုးတွေ့ရသည်။**

**ချစ်ကြည်ရေးကြည်ညွန့်၏ သူရိယ၊ မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး စာ–၁၄၉ တွင် ဆရာစံသည် သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ကို ခံယူပြီး သာယာဝတီမြို့အရှေ့ဘက် ပဲခူးရိုးမရှိ အလံတောင် (မြစိမ်းတောင်ညို) တွင် ဗဟိုစခန်းဖွဲ့ထားလေသည် ဟူ၍လည်းကောင်း၊ မောင်စိုးထိုက် (သုံးဆယ်)၏ နယ်ချဲ့တို့ ဖိန့်ဖိန့်တုန်ခဲ့ရသည့် ဂဠုန်ဆရာစံ စာ–၄၈ တွင် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် တောင်ညိုခေါ် အလံတောင်ပေါ်မှဆင်းလာသော တောင်သူလယ်သမားအရေးတော်ပုံ ဂဠုန်တပ်ဖွဲ့ဟူ၍လည်းကောင်း၊ ဒဂုန်ရွှေမျှား၏ ဆရာစံ (၁၉၃၀ ပြည့်နှစ်၊ အရေးတော်ပုံမှတ်တမ်း) စာ–၆ တွင် ဂဠုန်အဖွဲ့ကို ဦးစီးခေါင်းဆောင်ပြီးလျှင် သာယာဝတီခရိုင်၊ အလံတောင်ခေါ် တောင်ညိုကို ဗဟိုစခန်းပြုကာ အဖွဲ့၏စည်းဝေးရာဌာန ပြုလုပ်ခဲ့၏ ဟူ၍လည်းကောင်း၊ ဒါရိုက်တာ ဆရာမြင့်၏ ဆရာစံတော်လှန်ရေး၊ မြဝတီမဂ္ဂဇင်း အတွဲ–၇၊ အမှတ် (၃) (ဇန်နဝါရီလ ၁၉၅၉) စာ– ၃၂ တွင် ဆရာစံက သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံယူ၍ အလံတောင်ခေါ် တောင်ညိုကို ဗဟိုစခန်းပြုကာ နယ်ချဲ့ဗြိတိသျှကို တော်လှန်လေ၏ ဟူ၍လည်းကောင်း ရောထွေးပြီး မှားယွင်းကာ ရေးထားကြသည်။**

ဤတွင် အရေးတော်ပုံတပ်သားများက ဦးဘိုးညွန့်အားသတ်ပြီး နိမိတ်မကောင်းဟုယူဆကာ သာယာဝတီထောင်သို့ ဆက်မသွားတော့ဘဲ နောက်သို့ ပြန်ဆုတ်ခဲ့ကြသည်။ ဒီဇင်ဘာလ ၂၃ ရက်တွင် အင်းရွာဘူတာကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ဒီဇင်ဘာလ ၂၄ ရက်တွင် စစ်ပွဲထပ်မံဖြစ်သဖြင့် အစိုးရဘက်မှ ရာဇဝတ်ဝန် ဦးမောင်ကလေး ကျဆုံးခဲ့သည်။ တော်လှန်ရေးအစတွင် အင်္ဂလိပ်အစိုးရ အထိနာ၍ ဆရာစံတို့ဘက်မှ အနိုင်ရခဲ့သည်။ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် အလံတောင်တိုက်ပွဲဖြစ်ပွားပြီး ဆရာစံ တိမ်းရှောင်ခဲ့ရသည်။

အစိုးရသည် အလံတောင်တိုက်ပွဲမှ သိမ်းဆည်းရမိသော စာရွက်စာတမ်းများအရ အရေးတော်ပုံ ခေါင်းဆောင်လုပ်သူမှာ သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံသူဖြစ်ကြောင်း သိခဲ့ရ၏။ သို့သော် အဆိုပါ သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံသူမှာ မည်သူမည်ဝါဟူ၍ အသအချာမသိသေးပေ။ ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်ရောက်မှ အဖမ်းခံရသော သူပုန်ဗိုလ် ဗိုလ်တိုးလွင် (ဂဠုန် 'က' အမှတ်- ၁၃၅) က ပြောပြသဖြင့် အရေးတော်ပုံခေါင်းဆောင်သူမှာ ဆရာစံဖြစ်ကြောင်း အစိုးရက သိရတော့သည်။[၉]

အလံတောင်စခန်း ပြိုကွဲသွားသောအခါ ဆရာစံသည် ရန်ကုန်-ပြည် မီးရထားဖြင့် ဝက်လှေကလေးဘူတာမှတစ်ဆင့် ပြည်သို့ ခရီးဆက်ခဲ့သည်။ ထို့နောက် ပြည်မြို့မှတစ်ဆင့် မြင်းခြံသို့ ခရီးဆက်ခဲ့သည်။ ဆရာစံသည် ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် မြင်းခြံရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ကိုရင်အဖြစ်

**၉။ စိုးရှိန်၊ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမား အရေးတော်ပုံမှတ်တမ်း၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၁၀၅)၊ (မတ်-၁၉၆၉)၊ စာ-၁၇၂-၁၇၃။**



သက်န်းစည်းခဲ့သည်။* ဆရာစံသည် သာယာဝတီနယ်မှ ထွက်ပြေးတိမ်းရှောင်ပြီးနောက် အင်္ဂလိပ်အစိုးရက ဆရာစံခေါ် စံရှားခေါ် ဆရာမြိုင်ကို ဖမ်းဆီးရမိလျှင်ဖြစ်စေ၊ ဖမ်းဆီးရမိအောင် သတင်း

*** ဆရာစံသည် အမရပူရမြို့တွင် သင်္ကန်းဝတ်သည်ဟု ဆရာစံအကြောင်း ရေးသားထားသည့် စာအုပ်စာတမ်းများတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။**

**- ဒေါ်စန်းရွှေ၏ တောင်သူလယ်သမားအရေးတော်ပုံ၊ ပညာလောကစာစောင် အတွဲ-၉၊ အမှတ်-၃ (ဇူလိုင်လ ၁၉၇၀) စာ-၃၄ တွင် ဆရာစံက အမရပူရမြို့တွင် ရဟန်းဝတ်ပြီးလျှင် ဦးဥာဏဘွဲ့ကို ခံယူသည်ဟူ၍ လည်းကောင်း၊**

**- ဒါရိုက်တာ ဆရာမြင့်၏ ဆရာစံတော်လှန်ရေး၊ မြဝတီမဂ္ဂဇင်း အတွဲ ၇၊ အမှတ်-၃ (ဇန်နဝါရီလ ၁၉၅၉) စာ- ၃၂ တွင် အမရပူရမြို့ရှိ ၎င်း၏ဆရာဘုန်းကြီးကျောင်းတွင် သင်္ကန်းစီးကာ ဘုန်းကြီးဦးဥာဏဘွဲ့ကို ခံယူသည်ဟူ၍လည်းကောင်း၊**

**- ဒဂုန်ရွှေမျှား၏ ဆရာစံ (၁၉၃၀ ပြည့်နှစ်၊ အရေးတော်ပုံမှတ်တမ်း) စာ-၁၆ တွင် အမရပူရမြို့ရှိ ၎င်း၏ဆရာဘုန်းကြီးကျောင်းတွင် သင်္ကန်းဝတ်သည်ဟူ၍ လည်းကောင်း၊**

**- ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ စာ-၁၄၄ တွင် အမရပူရမြို့ရှိ ဆရာဘုန်းကြီးကျောင်းတွင် သင်္ကန်းဝတ်နှင့်နေထိုင်ပြီး ဦးဥာဏ ဟူသောဘွဲ့ကို ခံယူသည်ဟူ၍လည်းကောင်း ဖော်ပြထားကြပါသည်။**

**- ဆရာစံ၏ နေ့စဉ်မှတ်တမ်းတွင် ၁၉၃၁ နှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် မြင်းခြံရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ကိုရင်အဖြစ် သင်္ကန်းစီးသည်ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ဆရာစံသည် မြင်းခြံမြို့တွင် ကိုရင်ဝတ်ခြင်းဖြစ်သည်။ အမရပူရမြို့တွင် သင်္ကန်းဝတ်ခြင်း မဟုတ်ပေ။**

**- ထို့ပြင် အချို့က ဆရာစံသည် ရဟန်းဝတ်သည်ဟူ၍ ရေးသားခဲ့ကြသည်။ စင်စစ်တွင်မူ ဆရာစံသည် ကိုရင်အဖြစ် သင်္ကန်းစီးခြင်းဖြစ်သည်။ ရဟန်းဝတ်ခြင်း မဟုတ်ပေ။**

ပေးနိုင်လျှင်ဖြစ်စေ ဆုငွေ ၅၀၀၀ိ/- ပေးမည်ဟု ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ (၁၉၃၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ၅၀၀၀ိ/- မှ ၁၀၀၀၀ိ/- ဟု နောက်ထပ် ထုတ်ပြန်ကြေညာခဲ့သည်။) ဆရာစံအား ဖမ်းဆီးပေးနိုင်သူအား ဆုငွေထုတ်ထားသည့်အကြောင်းကို ရန်ကုန်မြို့တွင် ခေတ္တရောက်ရှိနေသော စင်ကာပူလေတပ်မှ ရေယာဉ်ပျံ (အက်စ် ၁၁၂၈) ၏ အကူအညီဖြင့် ထကြွသောင်းကျန်းလျက်ရှိသည့် သာယာဝတီနယ်တွင် ကောင်းကင်မှပျံဝဲကာ ကြေညာစာတမ်း များအား ဇန်နဝါရီလ ၁၀ ရက်တွင် ကြဲချခဲ့ကြသည်။ ယင်းကြေညာ စာတမ်းတွင် ဆရာစံအား ဖမ်းဆီးပေးနိုင်သူအား ဆုငွေ ၅၀၀၀ိ/- ပေးမည့် အကြောင်း၊ ထကြွသောင်းကျန်းသော သူပုန်များကိုလည်း နှိမ်နင်းရန် အစိုးရ၌ လက်နက်အင်အား၊ စစ်တပ်အင်အား အပြည့်အစုံ ရှိကြောင်း စသည်ဖြင့် ဖော်ပြထားပေသည်။[၁၀]

ထို့နောက် ဆရာစံသည် သက်န်းဝတ်ဖြင့် မြင်းခြံမှ တစ်ဆင့် မန္တလေးသို့ ထွက်လာသည်။* ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ၊

**၁၀။ (က) စိုးရှိန်၊ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံမှတ်တမ်း၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၁၀၅)၊ (မတ်–၁၉၆၉)၊ စာ–၁၇၃။**
**(ခ) ဒဂုန်ရွှေမျှား၊ ဆရာစံ (၁၉၃၀ ပြည့်နှစ်၊ အရေးတော်ပုံမှတ်တမ်း)၊ စာ–၁၄။**

*** ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ၊ စာ–၁၄၄ တွင် ဆရာစံသည် အလံတောင်တိုက်ပွဲပြီး၍ ၁၀ ရက်ခန့်အကြာတွင် သာယာဝတီမှ ထွက်ခွာရန် စီစဉ်ရလေသည်ဟု ဖော်ပြထားပါသည်။ ဆရာစံ၏နေ့စဉ် မှတ်တမ်းတွင် ဖော်ပြထားချက်အရ အလံတောင်တိုက်ပွဲအပြီး ၈ ရက် အကြာတွင် ဆရာစံသည် မြင်းခြံမြို့ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ကိုရင် အဖြစ် သက်န်းစီးနေပြီဖြစ်သည်။**



၁၃ ရက်တွင် မန္တလေး၌ရှိစဉ် ဆရာစံသည် ရေဦးဆရာတော် ခေါင်းဆောင်သော ဂျီစီဘီအေအဖွဲ့မှ အကျိုးဆောင် အင်းဝ ဦးစံတင်၊ မန္တလေးမြို့ ဘဏ်မန်နေဂျာ ဦးဆောင်မှုနှင့် အမရပူရ မြို့မှ ဥပဒေပြုလွှတ်တော်အမတ် ဦးဘသီ စသည့်နိုင်ငံရေး ခေါင်းဆောင်တချို့နှင့် တိတ်တဆိတ် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် ဆရာစံသည် မန္တလေးမှ တစ်ဖန် ရှမ်းပြည်သို့ ခရီးဆက်ခဲ့ရာ ၁၉၃၁ ခုနှစ်၊ မတ်လ ၄ ရက်တွင် မက်ချင်းနုသို့ ရောက်လာခဲ့သည်။ မက်ချင်းနု ဘုန်းကြီးကျောင်း၌ ဆရာစံရှိနေစဉ် အစိုးရက သတင်းရသဖြင့် စစ်တပ်ကလာပြီးဝိုင်းရာ ဆရာစံသည် ကျောင်းပြာသာဒ်ပေါ်သို့တက်၍ ခိုအောင်းနေသဖြင့် လွတ်သွားခဲ့သည်။ ထိုမှတစ်ဆင့် ဆရာစံသည် ရပ်စောက်နယ်၊ ပါဝိုင်းစခန်းသို့ ပြောင်းရွှေ့လာသည်။ ၁၉၃၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်တွင် ပါဝိုင်းစခန်းတွင် အောင်ချမ်းသာမြို့ဟူသော အမည်ဖြင့် မြို့သစ်တစ်မြို့တည်ပြီး တဲနန်းဆောက်ခဲ့၏။ ထို့နောက် ကိုရင်ဝတ်ဖြင့် ရှမ်းအမျိုးသား တောင်သူလယ်သမားကြီးများအား စည်းရုံးနေ၏။ ထိုအချိန်၌ ရှမ်းပြည်နယ်တွင် ပဒေသရာဇ်စော်ဘွားများ တန်ခိုးထွားလျှက်ရှိပြီး ရှမ်းအမျိုးသား တောင်သူလယ်သမားတို့အား အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းခြင်း၊ လယ်ခွန်ယာခွန်များကို အဓမ္မစည်းကြပ်တောင်းခံခြင်း၊ အမျိုးသမီးများကို ဖျက်ဆီးခြင်း အစရှိသော မတရားမှုများကို ပြုလုပ်နေကြသည်။ ဆရာစံသည် ပဒေသရာဇ်အုပ်ချုပ်ရေးအောက်တွင် အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းခြင်း ခံနေကြရသော ရှမ်းအမျိုးသား တောင်သူလယ်သမားများအား မြေခွန်၊ ယာခွန်များ မပေးရန် လယ်ယာမြေများ ပိုင်ဆိုင်ခွင့်ရရန်နှင့် မျက်နှာဖြူအင်္ဂလိပ်များ၊ ပဒေသရာဇ်စော်ဘွားများ

နှင့် ၎င်းတို့၏ အလိုတော်ရိမျာ းကို တော်လှန်တိုက်ခိုက်ရန် ဟောပြော စည်းရုံးခဲ့သည်။

ဆရာစံ၏ စည်းရုံးမှုကြောင့် ရှမ်းအမျိုးသားများသာမက မြန်မာ၊ ပလောင်၊ ဓနု၊ တောင်သူအမျိုးသားများလည်း ဆရာစံ၏ ဂဠုန်တပ်ဖွဲ့သို့ ဝင်ရောက်လာကြသည်။ ဆရာစံသည် ဂဠုန်တပ်ဖွဲ့ အင်အား များပြားလာသည့်အခါ ၁၉၃၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်တွင် သက်န်းချွတ်ပြီး လူဝတ်လဲကာ ဘုရင်ဖြစ်ကြောင်း ဒုတိယအကြိမ် ကြေညာခဲ့၏။ ဆရာစံသည် ပါဝိုင်းစခန်းတွင် အရေးတော်ပုံတပ်သားများနှင့်အတူ တဲကြီးများဆောက်လုပ်ကာ နေထိုင်ရင်း အင်အားစုဆောင်းနေ၏။ ထိုစဉ် အစိုးရတပ်များက သိရှိပြီး ချီတက်တိုက်ခိုက်ရာ ဆရာစံလည်း စစ်ကြောင်း သုံးကြောင်းဖြန့်၍ ဆီးကြိုတိုက်ခိုက်သည်။ သို့ရာတွင် လူအင်အား၊ လက်နက်အင်အား ကွာခြားသဖြင့် ဆရာစံတို့သည် ပါဝိုင်းစခန်းကို စွန့်ခွာခဲ့ရသည်။

ဆရာစံသည် အဖော် ၁၇ ဦးနှင့်အတူ နောင်ပိန်နယ်မှ ဂုတ်တွင်းကိုဖြတ်၍လည်းကောင်း၊ နောင်ချိုမြောက်ဘက် တောတောင်အထပ်ထပ်ကိုလည်းကောင်း ဖြတ်ကာခရီးနှင်ခဲ့ကြသည်။ ဇူလိုင်လ ၃၀ ရက်တွင် လမိုင်းတောင်ခြေသို့ ရောက်လာ၏။ ထိုညတွင် လမိုင်းတောင်ပေါ်သို့တက်ခဲ့ရာ တောင်ထိပ်အရောက်တွင် ဆရာစံ ဖနောင့်ကို ငြောင့်စူးခဲ့သည်။ ဆရာစံမှာ ငြောင့်စူးသောကြောင့် ခရီးမဆက်နိုင်ဖြစ်ကာ နောင်ကွမ်းရွာအနီး တောထဲတွင် ခိုအောင်းနေရ၏။ ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်တွင် ဆရာစံတို့မှာ စားနပ်ရိက္ခာပြတ်လပ်သဖြင့် အဖော်တစ်ဦးကို နောင်ကွမ်းရွာထဲသို့လွှတ်ကာ ရိက္ခာများယူခိုင်းရာ ထိုသူမှတစ်ဆင့် ဆရာစံ ခိုအောင်းသည့်နေရာအား အစိုးရဘက်တော်သားများသိပြီး



ဆရာစံတို့ကို ဝိုင်းဝန်းဖမ်းဆီးကြသည်။ ညနေ ၃ နာရီအချိန်တွင် ဆရာစံသည် နောင်ချိုနယ် ကုလားကွဲဒိုင်၊ ဟိုနောင်ကွမ်းရွာအနီး တောထဲတွင် အဖမ်းခံရသည်။ ဆရာစံကို မိသောအခါ ပုလိပ်တို့က ဝါးညှပ်ခြေထိပ်ခတ်ပြီး နောင်ချိုအချုပ်ထောင်သို့ ပို့လိုက်ကြသည်။ ဆရာစံအား နောင်ချိုအချုပ်ထောင်သို့ပို့စဉ် သီပေါထောင်ပိုင် သံတော်ဆင့် ဦးရင်မောင်က သူ၏နေ့စဉ်မှတ်တမ်းတွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်။

“ဆရာစံအား နောင်ချိုအချုပ်ထောင်သို့ပို့ရာ၌ ဆရာစံကို လှည်းပေါ်တွင် ပက်လက်လှန်အိပ်စေပြီး ခြေထောက်ကို ဝါးပိုးဝါးထိပ်တုံးခတ်ထား၏။ ထိပ်တုံးကိုလည်း လှည်းရံတိုင်တွင် လျှိုထား၏။ ထို့နောက် လှည်းရံတိုင်နှစ်ဖက်အပေါ် ကန့်လန့်ဖြတ်ပြီး ဝါးကပ်ကျဲဖြင့် ဆရာစံကို အုပ်ထားသေး၏။ လှည်းရံတိုင်မှာ နိမ့်နိမ့်ကလေးဖြစ်ပြီး အပေါ်ဘက်မှလည်း ဝါးကပ်ကျဲအုပ်ကာ ထိပ်တုံးကို ခတ်ထားရာ လှည်းဆောင့်တိုင်း ဆရာစံခြေထောက်များမှာ ဝါးပိုးဝါးထိပ်တုံးနှင့် ထိရှမိ၏။ နောင်ချိုရောက်သည့်အခါ ဆရာစံကို လှည်းပေါ်မှချပြီး ထောင်ခြေကျင်း နှစ်ဆင့်ခတ်သည်။ ဤကဲ့သို့ ပြုလုပ်ရသည်မှာ ဆရာစံ၏တပည့်များက ဆရာစံကို ဝင်ပြီး လုသွားမှာစိုး၍ ဖြစ်သည်။ ထောင်ရောက်သည့်အခါ ဆရာစံ ခြေထောက်မှ ဝါးရှမိသည့်ဒဏ်ရာကို ဆေးထည့်ပြီး ပတ်တီးစည်း ပေးထားရသည်။ ဩဂုတ်လ ၄ ရက်တွင် ဆရာစံကို နောင်ချိုမှ သီပေါထောင်သို့ ပို့လိုက်သည်။ ဆရာစံနှင့်တကွ နောက်ပါရှစ်ဦးသည်လည်း သီပေါထောင်သို့ ညနေ ၄ နာရီရထားနှင့် ရောက်လာကြသည်။ သီပေါထောင်တွင် ဆရာစံကို ၁၀ ရက် ချုပ်ထား၏။ ထိုအတောအတွင်း သီပေါထောင်စာရေး ဦးတင့်က အဆောင်

လက်ဖွဲ့များ၊ အင်းများ ကောင်းသည်ဟု သတင်းကြီးပြီး လူအများကပြောနေသဖြင့် ဆရာစံအား ဝင်တွေ့ပြီးမေးကြည့်ရာ ဆရာစံက သူ့တွင် ဘာအဆောင်လက်ဖွဲ့မှ မရှိကြောင်း၊ သူ့မှာ အင်းအိုင်လက်ဖွဲ့ကောင်းရှိသည်၊ စွမ်းသည်ဟု သတင်းကြီးနေသည်မှာ ဘေးပတ်ဝန်းကျင်က ပုံကြီးချဲ့ပြီးပြောသဖြင့် နာမည်ကြီးနေခြင်းဖြစ်ကြောင်း ပြောပြလေသည်"[၁၁]

ဆရာစံကို ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက်တွင် စစ်တပ်အစောင့်အရှောက်ဖြင့် သီပေါအချုပ်ထောင်သို့ ပို့လိုက်ပြီး သီပေါထောင်တွင် ၁၀ ရက် ချုပ်ထား၏။ ထို့နောက် မီးရထားဖြင့် သာယာဝတီသို့ နယ်ပုလိပ်၊ စစ်ပုလိပ်အစောင့်အရှောက်များဖြင့်ပို့ရာ ဩဂုတ်လ ၁၄ ရက် ည ၈ နာရီ ၅၀ မိနစ်အချိန်တွင် သာယာဝတီသို့ ရောက်လာသည်။ ထိုအချိန်တွင် ဆရာစံမှာ ငှက်ဖျားဝင်ပြီး ခြေထောက်တွင်လည်း ပြောင့်စူးသော ဒဏ်ရာအပြင် ဖမ်းမိစဉ်အခါက ခြေထိပ်ခတ်ရာ၌ ဝါးပိုးဝါးထိပ်တုံးနှင့် အညှပ်ခံရသောကြောင့် ခြေကျင်းဝတ်နှစ်ဖက်စလုံး နာကျင်နေသဖြင့် လမ်းမလျှောက်နိုင်ပေ။ ထို့ကြောင့် ပုလိပ်အရာရှိကြီးများက ဖေးမတွဲယူ၍ မော်တော်ကားပေါ်တင်ကာ သာယာဝတီထောင်သို့ ပို့လိုက်လေသည်။ ထောင်သို့ရောက်သောအခါတွင်လည်း ဆရာစံမှာ မော်တော်ကားပေါ်မှ မဆင်းနိုင်သဖြင့် ပွေ့၍ယူရသည်။

၀၀၀

---

၁၁။ မောင်သစ်လွင် (လူထု)၊ သီပေါရောက် ဆရာစံ၊ ဟံသာဝတီသတင်းစာ၊ (၂-၁-၇၇)။





**ဆရာစံ သုပဏ္ဏက ဂဠုနရာဇာဘွဲ့ ခံယူကာ ဘုရင်အဖြစ် ကြေညာခဲ့သော မြစိမ်းတောင်ပေါ်မှ ဘုရားပုံတော်**



**ဂဠုန်အသင်းဝင်ဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်**

## အခန်း (၄)

## ခုံရုံးရှေ့ရောက် ဆရာစံ

ဆရာစံအား စစ်ဆေးရန် အထူးတရားခုံရုံးကို ဖွဲ့စည်းခဲ့သည်။ တရားသူကြီးများမှာ ဥက္ကဋ္ဌအဖြစ် တရားဝန်ကြီး ဂျေ-အာ-အီး မစ္စတာ ကန်းလစ်ဖ်၊ အဖွဲ့ဝင်များအဖြစ် အငြိမ်းစား တရားသူကြီး ဝတ်လုံတော်ရ မစ္စတာဒါဝုဒ်၊ ဒီစတြိတ်စက်ရှင် တရားသူကြီး ဝတ်လုံတော်ရ ဦးဘဦး (နောင်တွင် ပြည်ထောင်စု မြန်မာနိုင်ငံသမ္မတဟောင်း) တို့ ဖြစ်ကြသည်။

ဆရာစံဘက်မှ အခမဲ့လိုက်ပါသည့် ရှေ့နေများမှာ ဒေါက်တာဘမော်၊ ဦးထွန်းအောင်ကျော်နှင့် သာယာဝတီ ဦးပုတို့ ဖြစ်ကြသည်။ ၎င်းတို့ သုံးဦးမှာ ဆရာစံဘက်မှ အခမဲ့ကူညီကြခြင်း ဖြစ်သည်။ ဆရာစံအတွက် အစိုးရကငှားပေးသော ရှေ့နေများမှာ ဝတ်လုံ ဦးဘတင် (လက်ပံတန်းမြို့မှ ဂျပန်သူလျှိုစာအုပ်

ဘာသာပြန်သူ)၊ ဝတ်လုံဦးမောင်ကြီး၊ ဝတ်လုံ ဦးမြ (အာဇာနည် ခေါင်းဆောင်ကြီး သခင်မြ) တို့ ဖြစ်ကြသည်။

ဆရာစံအား ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် (၁၂၉၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်) စနေနေ့တွင် အထူးတရားခုံရုံးအဖွဲ့၊ ရုံးထိုင်ရာ သာယာဝတီခရိုင် ရာဇဝတ်တရားသူကြီးရုံး (ယခု သာယာဝတီခရိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်း)၌ အိန္ဒိယရာဇသတ် ပုဒ်မ ၁၂၀-၁၂၁ (က) နှင့် ၁၂၂ အရ ကျူးလွန်ကြောင်း စွဲချက်တွင် ဖော်ပြကာ တင်သွင်းခဲ့သည်။ ထိုအမှုတွင် အစိုးရကိုယ်စား သာယာဝတီခရိုင် ရာဇဝတ် ဝန်ကြီး ဦးအုန်းကျော်က စွဲချက်များကို ဖတ်ပြပြီး တရားလိုအစိုးရဘက်မှ ရှေ့နေမစ္စတာ ဟက်ဗော့က ဆရာစံအား စွဲချက် ၁၄ ချက်ဖြင့် စွဲချက်တင်ကာ အမှုကို ဩဂုတ်လ ၂၀ ရက်သို့ ချိန်းဆိုလိုက်သည်။

ဆရာစံအား စတင်စစ်ဆေးမည့်နေ့တွင် တရားရုံး ဝန်းကျင်၌ ဆရာစံအား တရားစစ်ဆေးသည်ကို လာရောက်ကြည့်ရှုကြသော ပရိသတ်မှာ တိုး၍မပေါက်အောင် များပြားနေ၏။ ရန်ကုန်မြို့မှ အသင်းအဖွဲ့များ တစ်ဦးချင်းကြည့်ရှုလိုသူများကလည်း သာယာဝတီအထိ တကူးတက လာကြည့်ကြသည်။ ရန်ကုန်မြို့ရှိ သတင်းစာတိုက်များမှ သတင်းထောက်များလည်း ထိုနေ့တွင် အစုံအညီရောက်လာကြသည်။ မြန်မာအဆွေ ရုပ်ရှင်ကုမ္ပဏီကလည်း ဆရာစံသတင်းအား ရိုက်ကူးခွင့်ရသဖြင့် ရုပ်ရှင်ရိုက်ကြသည်။

## အစိုးရသက်သေများကို စစ်ဆေး

ရှေးဦးစွာ အစိုးရသက်သေဖြစ်သူ လူအမည် ဖိုးအောင် ရဟန်းအမည် ဦးအာစရအား စတင်စစ်ဆေး၏။ ဦးဖိုးအောင်မှာ



ဆရာစံနှင့်အတူ နှစ်အတန်ကြာကတည်းက သိကျွမ်းနေသော မိတ်ဆွေဖြစ်သည်။ ကျိုက္ခမီမြို့တွင် နေထိုင်သည်။

ဦးဖိုးအောင်က အထူးတရားခုံရုံးတွင် -

"ဆရာစံသည် အင်းစိန်ခရိုင် ရွှေနားကွင်းရွာ ဆရာစံအိမ်တွင် ပြုလုပ်သည့် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ဤအစည်းအဝေးသို့ တက်ရောက်ရန် ဆရာစံက စာရေးမှာသဖြင့် ကျိုက္ခမီက လာကာ အစည်းအဝေး တက်ရောက်ခဲ့ကြောင်း၊ အခွန်တော် ကောက်ခံခြင်းကို ခုခံရမည်ဟု အစည်းအဝေးတွင် ဆုံးဖြတ်ကြကြောင်း အဆိုပါအစည်းအဝေးပြီးသည့်နောက် ဆရာစံက သူ့အား အပ်အချောင်း ၁၀၀ နှင့် လက်မှတ်တစ်ခုကိုပေးပြီး ကျိုက္ခမီနယ်၌ လူအများကို စုဆောင်းရန်ဖြစ်ကြောင်း၊ စုဆောင်း၍ ရသည့် လူများ၏ လက်မောင်းများတွင် အပ်တစ်ချောင်းစီမြုပ်ရန် မှာကြားကြောင်း၊ ၎င်းအပ်များမှာ ဓားနှင့်သေနတ်ဒဏ်ရာများမှ ကာကွယ်တားဆီးမည်"[၁] ဟု ထွက်ဆိုသည်။

သက်သေဦးဖိုးအောင်ကို စစ်ဆေးပြီးသောအခါ တရားဝန်ကြီး ဦးဘဦးက ဆရာစံအား မေးစရာရှိကမေးရန် ပြော၏။ ဆရာစံက မမေးလိုကြောင်း ပြောသည်။ အခြား သက်သေ သုံးယောက်ကို တရားရုံးက စစ်ဆေးပြီးနောက် ဆရာစံအား မေးစရာရှိက မေးရန်ပြော၏။ ထိုအခါ၌လည်း ဆရာစံက မမေးဘဲ နေလေသည်။ မနက်ပိုင်း တရားရုံးတွင် အစိုးရသက်သေများကို

၁။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ-၉။

စစ်ဆေးပြီး ညနေပိုင်းတွင် အစိုးရက သက်သေ မောင်ထွန်း၊ မောင်ချို၊ မောင်ဖုန်းတို့ကို ဆက်လက်စစ်ဆေးကြသည်။[၂] အဆိုပါ အစိုးရသက်သေများအနက် မောင်ချိုက -

> "၁၉၃၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဆရာစံသည် အင်းရွာဘုန်းကြီးကျောင်းတွင် ဂဠုန်အသင်းတစ်သင်းကို ဖွဲ့စည်းကြောင်း၊ မြစိမ်းတောင်ညိုဘုရားတွင် ဆရာစံ၏ ဘိသိက်မင်္ဂလာပွဲသို့ မိမိပါတက်ရောက်ခဲ့ကြောင်း၊ ဘိသိက်မင်္ဂလာပွဲနှင့် ဆင်ဆင်တူသည့်လက္ခဏာရှိသော မင်္ဂလာပွဲတစ်ခု ဆင်ယင်ကျင်းပပြီးနောက်တွင် ဆရာစံက သူ့အား သုပဏ္ဏကဂဠုန်ရာဇာဟု ခေါ်ဆိုသမုတ်ရမည်ဟု ပြောကြောင်း၊ ဆရာစံနှင့်အတူ ဘုရားသို့လိုက်ပါသူတို့အနက် ဘုန်းကြီးတစ်ပါးပါကြောင်း၊ ဆရာစံနှင့် လိုက်ပါသူအားလုံးမှာ ထွန်းလင်းနှင့် ရန်လင်းမှတစ်ပါးစီတန်း၍ ဆရာစံပါ ရောထိုင်ကြောင်း၊ ထွန်းလင်းနှင့် ရန်လင်းတို့မှာ မတ်တတ်ရပ်ပြီး ဂဠုန်ရုပ်နှင့် နဂါးရုပ်တို့ဖြင့် ဆေးခြယ်ထားသော အလံဖြူတစ်ခုစီကိုင်ထားကြောင်း၊ ထို့နောက် ဆရာဒိုင်က တစ်စုံတစ်ခုကို ရွတ်ဖတ်ကြောင်း၊ ရွတ်ဆိုပြီးနောက် အောင်စေသား၊ အောင်စေသား၊ အောင်စေသား ဟု ဆရာဒိုင်က ဆိုကြောင်း"[၃] တရားရုံးတွင် ထွက်ဆိုသည်။

---

၂။ ကြီးမောင်၊ သေသည်အထိ တော်လှန်ခဲ့သော လယ်သမား ခေါင်းဆောင်ကြီး၊ ရှုမဝမဂ္ဂဇင်း၊ အတွဲ (၁၇)၊ အမှတ် (၂၀၂)၊ (မတ်–၁၉၆၄)၊ စာ–၁၆၂။

၃။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၉–၁၈။



## ဆရာစံ၏ ထုချေလွှာ

ဆရာစံသည် အင်္ဂလိပ်နယ်ချဲ့အစိုးရက ဖွဲ့စည်းထားသော တရားရုံးနှင့်တကွ အမှုစစ်ဆေးနေခြင်း၊ သက်သေများ ထွက်ဆိုနေခြင်း စသည်များကို အနည်းငယ်မျှ စိတ်ဝင်စားခြင်း မရှိပေ။ ထို့ကြောင့် ဆရာစံသည် တရားရုံးတွင် မည်သည့်သက်သေကိုမျှ မပြခဲ့ပေ။

အစိုးရသည် ဆရာစံအား အထူးတရားရုံးတွင် စစ်ဆေးရာ၌ ဆရာစံက မည်သို့မျှ မထုချေဘဲနေမည်ကိုလည်းကောင်း၊ ထုချေပြန်လျှင်လည်း အင်္ဂလိပ်အစိုးရ၏ ကျွန်ဘဝမှလွတ်မြောက်ရန် တော်လှန်ပုန်ကန်ရပါသည်ဟုလည်းကောင်း ထုချေမည်ကို အထူးစိုးရိမ်နေသည်။ အကယ်၍ တရားရုံးပေါ်တွင် ဆရာစံက မည်သို့မျှမထုချေဘဲ ရေငုံနှုတ်ပိတ်နေပါက ဆရာစံအား သေဒဏ် အပြစ်ပေးရမည်မှာလည်း အစိုးရအတွက် အခက်အခဲဖြစ်နေ၏။ ထိုနည်းတူ ဆရာစံအား အပြစ်မှလွှတ်ပေးရမည်မှာလည်း မဖြစ်နိုင်ပေ။ ထိုသို့ အစိုးရမှာ ဘေးကျပ်နံကျပ်ဖြစ်နေစဉ် ဆရာစံအား ရုံးတင်စစ်ဆေးသောအခါတွင် ဆရာစံသည် တရားရုံးပေါ်၌ ရေငုံနှုတ်ပိတ်ပြီး မထုချေဘဲ မနေခဲ့ပေ။ ဆရာစံ ထုချေသည့် ထုချေချက်၌လည်း အင်္ဂလိပ်အစိုးရအဖို့ အရှက်ရစေမည့် စကားလုံးများလည်း မပါလာပေ။ ထို့ကြောင့် အစိုးရမှာ ဆရာစံအား သေဒဏ်ပေးရန် အထူးစိုးရိမ်စရာမလိုတော့ပေ။ ထို့အတူ တရားသူကြီးများမှာလည်း ဆရာစံအား အလွယ်တကူ စီရင်ချက်များ ချမှတ်နိုင်သည်။

ဆရာစံထုချေသည်ဆိုသော ထုချေလွှာမှာလည်း ဆရာစံ၏ သဘောအရ ဆရာစံကိုယ်တိုင် ရေးသားထားသော ထုချေလွှာ မဟုတ်ပေ။ ဆရာစံဘက်မှ အခမဲ့လိုက်ပါဆောင်ရွက်ခဲ့ကြသော

ဒေါက်တာဘမော်နှင့် သာယာဝတီ ဦးပုတို့က အင်္ဂလိပ်လိုရေးသား ထားသည့် ထုချေလွှာကို ဆရာစံအား လက်မှတ်ရေးထိုးစေပြီး ဆရာစံက တင်သွင်းသည့်အနေဖြင့် ရေးသားတင်သွင်းခြင်း ဖြစ်ပေသည်။[၄]

ဆရာစံဘက်မှ အခမဲ့ လိုက်ပါဆောင်ရွက်ခဲ့ကြသော ရှေ့နေကြီးများ၏ဆန္ဒအရ ဆရာစံကိုယ်တိုင် လက်မှတ်ရေးထိုး သည့် ထုချေလွှာတွင် -

စစ်ဘက်နယ်ဘက်အရာရှိများက တောင်သူလယ်သမား များအပေါ် သဿမေခွန်နှင့် လူခွန်ကို မတရားနှိပ်စက်ကောက်ခံ ကြသည်ဟူ၍လည်းကောင်း၊ အလံတောင်ကို စည်းဝေးရာဌာန အဖြစ် ရွေးချယ်ရခြင်းမှာ ဂဠုန်အဖွဲ့၏အခြားရည်ရွယ်ချက်ဖြစ် သော သစ်တောဥပဒေကို အနုနည်းသက်သက်ဖြင့် ခုခံရန် အလံ တောင်နှင့်နီးစပ်သော ကြိုးဝိုင်းများရှိခြင်းကြောင့် ဖြစ်ပါသည် ဟူ၍ လည်းကောင်း၊ ဂဠုန်အသင်းဝင်၊ အသင်းသားများသည် အဖွဲ့၏ ရည်ရွယ်ချက်နှင့် သွေးထွက်သံယို အကြမ်းဖက်မှုများ မလုပ်ရန် အတိအလင်း ကျွန်ုပ်က ထုတ်ပြန်သည့်အမိန့်တို့ကို မနာခံဘဲ အကြမ်းဖက်မှုများ ပြုလုပ်ကြရန် ဆုံးဖြတ်ခဲ့ကြသည်ဟူ၍ လည်းကောင်း၊ အကြမ်းဖက်ရန် တိုက်တွန်းကြသည့် ခေါင်းဆောင် များက မိမိတို့ဘက်၌ လူအများပါသည်ကို သိရှိကြသည့်အတိုင်း ကျွန်ုပ်ထံ အမိန့်များကိုမလိုက်နာဘဲ ငြင်းဆန်ခဲ့ကြသည်ဟူ၍ လည်းကောင်း၊ ဂဠုန်အဖွဲ့ဝင် အသင်းသားတို့သည် ကျွန်ုပ်၏အမိန့် နှင့် အဖွဲ့၏ရည်ရွယ်ချက်များကို ဆန့်ကျင်လျက် ပြုလုပ်နေကြခြင်း

၄။ ပျော်ဘွယ်သခင်ဗဆွေ၊ ဗမာ့ပုန်ကန်မှုများ၊ (ရွှန်-၁၉၄၀)၊ စာ-၁၄။



များကို ကျွန်ုပ်တွေ့သောအခါ ထိုအသင်းသားများအပေါ်၌ မအုပ်ချုပ်နိုင်တော့ဘဲ အလံတောင်မှထွက်ခွာလာသဖြင့် ကျွန်ုပ် သည် ထိုအသင်းသားများနှင့် တစ်စုံတစ်ရာ မသက်ဆိုင်တော့ပါ။ အသင်း၏ အချို့လူကြီးများ အကြမ်းအတမ်းပြုလုပ်ခြင်းကို ကျွန်ုပ်က မနှစ်သက်ကြောင်း၊ ထိုအမှုများသည် ကျွန်ုပ်နှင့် ဘာမျှ မသက်ဆိုင်တော့ကြောင်း စသည်ဖြင့် ထုချေခဲ့သည်။[၅]

၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် (၁၂၉၃ ခုနှစ်၊ ဝါခေါင် လဆန်း ၁၅ ရက်) သောကြာနေ့ နံနက် ၉ နာရီခွဲ အချိန်တွင် အထူးခုံရုံးဥက္ကဋ္ဌ တရားဝန်ကြီး မစ္စတာကန်းလစ်ဖ်က ဆရာစံ အပေါ်၌ အိန္ဒိယရာဇသတ်ပုဒ်မ ၁၂၁ အရ ရှင်ဘုရင်နှင့် ဘုရင်၏ အစိုးရတို့အား ပုန်းစားပုန်ကန်ပြုလုပ်ကြောင်း ထင်ရှားခြင်း၊ ဤသို့ ပြုလုပ်ခြင်းများကြောင့် တိုင်းပြည်တွင် လူအမြောက်အမြား သေကျေကြရပြီးလျှင် ဥစ္စာစီးပွားများလည်း ပျက်ပြားကြောင်း၊ ဤသို့ ပျက်ပြားသော်လည်း ဆရာစံသည် ဝမ်းနည်းခြင်းမရှိသည့်အပြင် ဝမ်းနည်းသည့်လက္ခဏာလည်း မပြခဲ့ကြောင်း စသည်ဖြင့် အမိန့် ကို ဖတ်ကြားကာ ဆရာစံအား သေဒဏ်အမိန့် ချမှတ်ခဲ့သည်။

စီရင်ချက်ကို ဥက္ကဋ္ဌတရားဝန်ကြီး မစ္စတာ ကန်းလစ်ဖ်က အင်္ဂလိပ်ဘာသာဖြင့် ပြန်ကြားပြောဆိုခဲ့သည်။ ထိုအခါ ဆရာစံ သည် သိထားပြီးဖြစ်သော အကြောင်းအရာတစ်ခုကို ထပ်မံ နားထောင်နေရသကဲ့သို့ မည်သို့မျှ ထူးခြားမှုမပြဘဲ ခပ်ပြုံးပြုံးပင် နားထောင်နေခဲ့သည်။

၅။ ဒဂုန်ရွှေမျှား၊ ဆရာစံ (၁၉၃၀ ပြည့်နှစ်၊ အရေးတော်ပုံမှတ်တမ်း)၊ စာ-၄၀ -၄၁-၄၃။

ဆရာစံသည် အင်္ဂလိပ်အစိုးရအား လူစုကာ တော်လှန်ပုန်ကန်ခဲ့သည့်အတွက် မည်သည့်နည်းနှင့်မျှ အစိုးရက သူအားအသက်ချမ်းသာပေးမည်မဟုတ်သည်ကို နားလည်ပြီးဖြစ်ပေသည်။ သို့သော်လည်း ဆရာစံသည် ၎င်း၏ရှေ့နေကြီးများ၏ ဆန္ဒအရ ထုချေလွှာကို လက်မှတ်ရေးထိုးခဲ့ရပေသည်။ အကယ်၍ ဒေါက်တာဘမော်နှင့် ၎င်းတို့၏အင်အားစုတို့ကြောင့်သာ မဟုတ်ခဲ့လျှင် ဆရာစံသည် အဆိုပါထုချေလွှာကို လက်မှတ်ရေးထိုးပြီး အင်္ဂလိပ်အစိုးရထံ အညံ့ခံသည့်အနေဖြင့် ထုချေလွှာ တင်သွင်းလိမ့်မည်မဟုတ်ချေ။

"ဤကိစ္စနှင့်ပတ်သက်၍ ဆရာစံအတွက် ထုချေလွှာတင်သွင်းသော ဒေါက်တာဘမော်နှင့် သာယာဝတီ ဦးပု အစရှိသော ပုဂ္ဂိုလ်ကြီးများက ဆရာစံအတွက် အဘယ်ကြောင့်ထုချေလွှာကို ရေးသားရသနည်း၊ ဆရာစံ ကြိုးဒဏ်ကလွတ်မည်ဟုမည်သည့်အကြောင်းများဖြင့် ထင်မြင်သနည်း၊ ဆရာစံမှာသေခါနီး အကြံကောင်း၊ ဉာဏ်ကောင်းပေးမည့်သူ မရှိသဖြင့်ဝမ်းနည်းဖွယ်ပင်" ဟု ရှေ့နေကြီးများ၏ဆန္ဒအရ ထုချေလွှာကိုဆရာစံ လက်မှတ်ထိုးရခြင်းနှင့်ပတ်သက်၍ ဦးဘခိုင် (ဖေဘီယန်)က မြန်မာပြည် နိုင်ငံရေးရာဇဝင် စာ-၁၃၉ ၊ ၁၄၀ တွင် မှတ်ချက်ထားပေသည်။

"ကျွန်ုပ်တို့၏တာဝန်ဝတ္တရားမှာ ရှင်းလှပါသည်၊ မငြိမ်သက်မှုမှန်သမျှကို အစွမ်းကုန် ချေမှုန်းပစ်ရပေမည်၊ ဤပုန်ကန်ထကြွမှုတွင် ခေါင်းဆောင်ခဲ့သူများကိုလည်း ကြီးမားသော အပြစ်ဒဏ်များကို ပေးရပေမည်" ဟု ဘုရင်ခံ ဆာချားလ်အင်းနစ်၏ ထုတ်ဖော်ကြေညာခဲ့သော ကြေညာချက်ကို အဆိုပါရှေ့နေကြီးများက သတိပြုသင့်ပေသည်။ ယခုမူ ထိုသို့မဟုတ်ပေ။ ဘုရင်ခံက အထက်ဖော်ပြပါအတိုင်း ထုတ်ဖော်ကြေညာထားပြီးဖြစ်ပါလျက် ရှေ့နေကြီးများ ရေးသားပေးသော ထုချေလွှာဖြင့် ဆရာစံအား ထုချေစေရုံမျှဖြင့် သေဒဏ်မှ လွတ်လိမ့်မည်ဟု ယူဆကာ ထုချေခဲ့ပါလျှင် ထိုအယူအဆသည် မှားယွင်းသော အယူအဆသာ ဖြစ်ပေလိမ့်မည်။



ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဒေါက်တာဘမော်အကြောင်း ဆိုပါဦးမည်။ ဒေါက်တာဘမော်သည် အထူးခုံရုံးဥက္ကဋ္ဌတရားဝန်ကြီး မစ္စတာကန်းလစ်ဖ်၏ မိတ်ဆွေရင်းတစ်ဦး ဖြစ်သည်။ မစ္စတာ ကန်းလစ်ဖ်က ဒေါက်တာဘမော်အား အခွင့်ကောင်းကြုံကြိုက်စဉ် တရားခံများဘက်မှ လိုက်ပါဆောင်ရွက်ခြင်းဖြင့်နိုင်ငံရေးနယ်ပယ်ထဲ ဝင်ရောက်ရေးအတွက် အခွင့်အရေးကောင်းတစ်ခု ရရှိနိုင်ကြောင်း ပြောဆို၏။ ထိုအချိန်က ဒေါက်တာဘမော်မှာ နာမည်မထွက်သေးသော ဝတ်လုံတော်ရကလေး ဖြစ်သည်။[၆] ဒေါက်တာဘမော်ကလည်း ဤသို့ အခွင့်အရေးရစဉ် နိုင်ငံရေးနယ်ပယ်တွင် ပေါ်လွင်အောင်လုပ်ရန် စိတ်ကူးဖြင့် ဆရာစံအတွက်လိုက်ပါဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

ဒေါက်တာဘမော်သည် တောင်သူလယ်သမားအရေးတော်ပုံကြီးအား အခွင့်ကောင်းယူကာ ကိုယ်ကျိုးရှာခဲ့သူတစ်ယောက်ဖြစ်သည်ကို အရေးတော်ပုံကြီး ပြီးဆုံးပြီးနောက် ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်တွင် မန္တလေးမြို့၌ကျင်းပသော တတိယအကြိမ်မြောက် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာ

၆။ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ (၁၉၆၅)၊ စာ-၁၇၂။

အစည်းအရုံးကြီး၏ အမှုဆောင်အစည်းအဝေးမှ အမှုဆောင်များ၏ တင်ပြချက်များက ထင်ရှားစေခဲ့ပေသည်။ ဆင်းရဲသား ဝံသာနု အဖွဲ့ခေါင်းဆောင် ဒေါက်တာဘမော်သည် သာယာဝတီ တောင်သူ လယ်သမား အရေးတော်ပုံကြီးကို အခွင့်ကောင်းယူပြီး နိုင်ငံရေး နယ်ပယ်တွင် ပေါ်လွင်မှုဖန်တီးလျက် အရေးတော်ပုံခေါင်းဆောင် ဆရာစံကို နယ်ချဲ့အစိုးရထံ အညံ့ခံစေပြီး အရေးတော်ပုံကြီးကို သိမ်ငယ်အောင် ဖန်တီးခဲ့သူ ဖြစ်သည်ဟု နိုင်ငံလုံးဆိုင်ရာ အမှုဆောင်များက အကြောင်းပြခဲ့သည်။[၇] ဗမာ့ထွက်ရပ်ဂိုဏ်း ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဒေါက်တာဘမော်အပေါ် ဤကဲ့သို့ အမှုဆောင်အဖွဲ့က ဝေဖန်ဆွေးနွေးတင်ပြကြခြင်း ဖြစ်သည်။

ဆရာစံအကြောင်း ပြန်ကောက်ပါဦးမည်။ အကယ်၍ ဆရာစံမှာ သေဒဏ်မှလွတ်မြောက်ဖွယ်မရှိဟု ဒေါက်တာဘမော် ထင်မြင်မိပါကလည်း နောင်လာနောက်သားများအတွက် သမိုင်း တွင်ရစ်စေရန် ရာဇဝင်ပြောင်မည့် စကားလုံးများဖြင့် အစိုးရ၏ အပြစ်များကို တရားခွင်တွင် ဖော်ထုတ်ဖွင့်ချရန် ဆရာစံအား အကြံကောင်း၊ ဉာဏ်ကောင်းပေးရမည့်အစား ဒေါက်တာဘမော် သည် နိုင်ငံရေးခုတုံးလုပ်ကာ ကိုယ်ကျိုးရှာခဲ့ပြီး ဆရာစံအား နယ်ချဲ့ အစိုးရထံ အညံ့ခံစေခြင်းဖြင့် ဆရာစံ၏ ဇာတိသွေး ဇာတိမာန်ကို သေးသိမ်မှေးမှိန်စေရန် ပြုလုပ်ခဲ့ပေသည်။

"ဆရာစံ ကြိုးဒဏ်ခံရခြင်းနှင့်ပတ်သက်၍ အချို့ ဆောင်းပါးရှင်များနှင့် စာအုပ်စာတမ်းရေးသူတို့က ဒေါက်တာ ဘမော်နှင့် ဦးပုတို့၏ ထုချေလွှာတင်သွင်းခြင်းကြောင့်သာ အပြစ်

၇။ တို့ဗမာအစည်းအရုံးသမိုင်း (ဒုတိယတွဲ) (၁၉၇၆)၊ စာ–၄၈၄။



ပေးခြင်းကို ခံရသည်။ ဆရာစံသည် မည်သို့မျှ မထုချေဘဲ ငံ့ခံ နေပါက ဤကဲ့သို့ ကြိုးဒဏ်ပေးခြင်းကို ခံရဖို့မရှိချေ။ ကြိုးဒဏ်ကို ခံရပါစေဦး၊ အင်္ဂလိပ်တို့အုပ်ချုပ်ခြင်းကို မနှစ်သက်၍ ခုခံတိုက်ခိုက် ရသည်ဟု ထုချေပါကလည်း စိတ်သက်သာဖွယ် ရှိပေသေးသည်" ဟု ဆိုကြကြောင်း ပျော်ဘွယ် သခင်ဗဆွေက "ဗမာ့ပုန်ကန်မှုများ" စာ-၁၄၄ တွင် သုံးသပ်ထားပေသည်။

ဆရာစံသည် အင်္ဂလိပ်နယ်ချဲ့အစိုးရက သူ့အား မည်သည့်နည်းနှင့်မဆို သေဒဏ်ပေးမည်ကို သိထားပြီးဖြစ်သော ကြောင့် အစိုးရထံ အယူခံဝင်ခြင်း၊ အသနားခံခြင်းတို့ကို မလုပ်လို ပေ။ သို့ရာတွင် ထောင်အရာရှိများနှင့် သူ၏ရှေ့နေများက တိုက် တွန်းသဖြင့် ဆရာစံသည် တရားလွှတ်တော်သို့ အယူခံဝင်ခဲ့သည်။ တရားလွှတ်တော်သည် အစိုးရဘက်နှင့် ဆရာစံဘက်မှ ဝတ်လုံ နှစ်ဦး၏ တင်ပြလျှောက်ထားချက်များအား စဉ်းစားပြီးနောက် ၁၉၃၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်၊ အင်္ဂါနေ့ နံနက် ၁၁ နာရီအချိန်တွင် တရားဝန်ကြီးများက ဆရာစံ၏ အယူခံကိုပယ်ပြီး သေဒဏ်ကို အတည်ပြုခဲ့သည်။

တရားလွှတ်တော်မှ အယူခံကိုပယ်ပြီးနောက် ဆရာစံ ဘက်မှ လိုက်ပါဆောင်ရွက်ခဲ့ကြသော ဝတ်လုံတော်ရ ဒေါက်တာ ဘမော်၊ ဦးဘဟန်၊ ဦးထွန်းအောင်ကျော်၊ သာယာဝတီဦးမြ၊ ဥပဒေ ပြုအမတ် ဦးမောင်ကြီး အစရှိသော ဝတ်လုံတော်ရများနှင့် တိုင်းပြည်လူကြီးများက ဆရာစံအသက်ဘေးမှ လွတ်မြောက်ရေး အတွက် ပုဂ္ဂိုလ်ကြီးကိုးဦးပါဝင်သည့် ဆရာစံအမှု အယူခံကော်မတီ ကို ၁၉၃၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်တွင် ဖွဲ့စည်းကာ ဘီးလပ်ပရီဗီကောင်စီ နောက်ဆုံးအယူခံလွှတ်ရုံးကြီး၌ အယူခံ

ဝင်ရန် ပြင်ဆင်ခဲ့ကြသည်။ အလားတူပင် မျိုးချစ်ခေါင်းဆောင် တစ်စုကလည်း ဆရာစံ ကယ်ဆယ်ရေးကော်မတီအဖွဲ့ကို ဖွဲ့စည်းကာ ဘီးလပ်ပရီဗီကောင်စီသို့ အယူခံဝင်ရန် ကြိုးပမ်းခဲ့ကြသည်။

ဆရာစံ ကယ်ဆယ်ရေးကော်မတီသည် ဘီးလပ်ပရီဗီကောင်စီသို့ အယူခံဝင်ရန် ငွေလိုခဲ့သည်။ လိုသောငွေအတွက် ဆရာစံ ကယ်ဆယ်ရေးကော်မတီမှ တိုင်းပြည်သို့ ဆရာစံအတွက် ရန်ပုံငွေလှူဒါန်းရန် နှိုးဆော်ပန်ကြားသည့် တောင်းပန်ချက် စာတမ်း ထုတ်ပြန်ခဲ့သည်။ ဆရာစံအမှု အယူခံကော်မတီနှင့် ဆရာစံ ကယ်ဆယ်ရေးကော်မတီက ဆရာစံအား အသက်ဘေးမှ လွတ်မြောက်ရေးအတွက် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် နယ်ချဲ့အစိုးရက ပုန်ကန်ထကြွမှုတွင် ခေါင်းဆောင် ခဲ့မှုများကို မညှာမတာ အပြစ်ဒဏ်များကိုပေးရမည်ဟု ဥပဒေပြု လွှတ်တော်၌ ပြောကြားခဲ့သော ဘုရင်ခံ၏စကားအတိုင်း ဆရာစံ အား ၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ စနေနေ့ နံနက်အချိန် တွင် သာယာဝတီထောင်အတွင်း၌ နယ်ချဲ့အစိုးရက သေဒဏ် ပေးလိုက်ပေသည်။ ထိုစဉ်က ဆရာစံ၏အသက်မှာ ၅၅ နှစ်သာ ရှိသေး၏။

နယ်ချဲ့အစိုးရသည် တောင်သူလယ်သမားအရေးတော်ပုံ တွင် ပါဝင်ခဲ့သော ဂဠုန်တပ်ဖွဲ့ဝင်များကို အပြစ်ပေးခဲ့ရာ ဆရာစံ အပါအဝင် ကြိုးဒဏ်ပေးခံရသူပေါင်း ၁၀၂ ဦး၊ တစ်သက် တစ်ကျွန်းဒဏ်ခံရသူပေါင်း ၈၉၀ ဦး၊ ကျဆုံးသူပေါင်း ၂၀၀၀ ဦးခန့် ရှိသည်။ နယ်ချဲ့အစိုးရဘက်မှ ၇၈ ဦး ကျဆုံး၍ ၆၉ ဦး ဒဏ်ရာရခဲ့သည်။



ဆရာစံအား ကြိုးပေးခဲ့သည့် သတင်းကို ၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ တနင်္လာနေ့ထုတ် မြန်မာ့အလင်းသတင်းစာ ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

နိုဝင်ဘာလ ၂၈ ရက်၊ စနေနေ့ နံနက်အချိန်တွင် သူပုန် ခေါင်းဆောင်ဆရာစံကို သာယာဝတီထောင်ကြီးအတွင်း၌ ကြိုးစင် တင် သတ်လိုက်ပြီဖြစ်ကြောင်း၊ ဆရာစံကို အခန်းထဲမှ အကျဉ်းသား နှစ်ယောက်က ထုတ်ယူလာသောအခါ အလိုအလျောက်လိုက်လာ ပြီးလျှင် အနီး၌ရှိသော လူကြီးများအား အောက်ပါအတိုင်း နှုတ်ဆက်ပြောဆိုကြောင်း၊

“သွားပြီ အားလုံးပဲအောင်ပါစေ ဆုကိုတောင်းပေးကြပါ၊ အမျိုး၊ ဘာသာ၊ သာသနာ ပညာကြီးပွားရန်အတွက် ကြိုးစား သဖြင့် ဤကဲ့သို့ ကြိုးပေးခံရသည်ကို မကြောက်ပါ”

ဤကဲ့သို့ နှုတ်ဆက်စကား ပြောကြားပြီးလျှင် ဆရာစံ သည် ထောင်သားများ၏ အတွဲကိုမခံဘဲ မိမိဘာသာ စက်တိုင် ပေါ်သို့ တက်သွားကြောင်း၊ ဆရာစံ၏အလောင်းကို အပြင်က သင်္ဂြိုဟ်ရန် တောင်းယူမည့်သူမရှိ၍ ထောင်သားများမြှုပ်နှံသော သင်္ချိုင်း၌ မြှုပ်နှံသင်္ဂြိုဟ်ကြောင်း၊ ထိုသို့ အလောင်းကို ထုတ်ယူလာ ပြီးလျှင် စစ်ပုလိပ်တန်းလျားအနီးရှိ သင်္ချိုင်း၌ မြေမြှုပ်စဉ် စစ်ပုလိပ် အချို့က လာရောက်ကြည့်ရှုကြသည်ဟု သတင်းရရှိကြောင်း။[၈]

အင်္ဂလိပ်နယ်ချဲ့အစိုးရကို အသက်စွန့်ကာ တော်လှန် တိုက်ပွဲဝင်ခဲ့သော မျိုးချစ်ခေါင်းဆောင်ကြီး ဆရာစံအား အင်္ဂလိပ်

---

**၈။ တက္ကသိုလ်ထင်ကြီး၊ မြန်မာနိုင်ငံသနင်းစာများအညွှန်း (ပထမတွဲ)၊ (၁၉၉၂)၊ စာ-၁၉၆-၁၉၇။**

အစိုးရက အထူးတရားခုံရုံးတင်ကာ တရားစွဲဆိုခဲ့ကြရာ အထူးတရားဝန်ကြီးတို့က ဆရာစံအား သူပုန်ဟူ၍လည်းကောင်း၊ မျက်လှည့်ဆရာ ဟူ၍လည်းကောင်း၊ ဘုရင်စိတ်ပေါက်နေသူ ဟူ၍လည်းကောင်း၊ ပရိယာယ်ကြွယ်ဝသော အဂ္ဂိရတ်ဆရာဟူ၍လည်းကောင်း၊ ဆေးဆရာယောင်ယောင်ဟူ၍လည်းကောင်း၊ အမျိုးမျိုး ကင်ပွန်းတပ်ခဲ့ကြသည်။ နံနိမ့် ခေါ်ဝေါ်ခဲ့ကြသည်။ ထို့ပြင် ဆရာစံအား တရားဥပဒေချိုးဖောက်သော ရာဇဝတ်သားကြီးတစ်ဦးကဲ့သို့ ဆရာစံအား ဖမ်းဆီးရမိလျှင်ဖြစ်စေ၊ ဖမ်းဆီးရမိအောင် သတင်းပေးနိုင်လျှင်ဖြစ်စေ ဆုငွေ ၁၀,၀၀၀/- ပေးမည်ဟုပင် ကြေညာခဲ့ကြသေးသည်။ အင်္ဂလိပ်အစိုးရသည် မြန်မာမျိုးချစ်ခေါင်းဆောင်ကြီးတစ်ဦးအား ဤကဲ့သို့ နံနိမ့်ခေါ်ဝေါ်ခြင်းဖြင့် မြန်မာလူမျိုးတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအား သေးငယ်သိမ်ဖျင်းသွားစေရန် ရည်ရွယ်ရင်းသာ ဖြစ်သည်။[၉]

စင်စစ်တွင်မူ ဆရာစံသည် မော်လမြိုင်ခရိုင် ဂျီစီဘီအေအဖွဲ့ကြီး၏ ခရိုင်ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး နိုင်ငံလုံးဆိုင်ရာ ဂျီစီဘီအေ နှစ်ပတ်လည်ညီလာခံကြီးများကို ငါးကြိမ်တိုင်တိုင် တက်ရောက်ခဲ့သူဖြစ်သည်။ အစိုးရက ဒီစတြိတ်နယ်များတွင် အခွန်တော် ကောက်ခံရာ၌ ညှဥ်းပန်းနှိပ်စက်ခဲ့ခြင်းများကို စုံစမ်းရန် ဂျီစီဘီအေအဖွဲ့ကြီးက ဆရာစံအား စုံစမ်းရေးကော်မတီဥက္ကဋ္ဌ

၉။ **ဇွဲသန်းသျှင်း (သုံးဆယ်)၊ ဓာတ်မာန်ဆရာစံ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် (၂၆) နှစ်မြောက်တိုင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်စာစောင်၊ စက်တင်ဘာ ၁၉၉၈၊ စာ-၁၅၆။**



အဖြစ် တာဝန်ပေးကာ စုံစမ်းစေရာ တောင်သူလယ်သမားများ၏ ဆင်းရဲဒုက္ခကို ကိုယ်တိုင်မြင်တွေ့ရသူလည်း ဖြစ်သည်။ ထိုအခါ ဆရာစံသည် တောင်သူလယ်သမားများအရေးကို အသက်စွန့်ကာ မဆုတ်မနစ် ဆောင်ရွက်ခဲ့သည်။

"ဆင်စွယ်စစ်မှန်လျှင် ပိုးမစား" ဆိုသော မြန်မာစကားကဲ့သို့ နယ်ချဲ့အစိုးရက မည်သို့ပင် နံနိမ့်ခေါ်ဝေါ်ခဲ့စေကာမူ မြန်မာတစ်မျိုးသားလုံးက ဆရာစံအား တောင်သူလယ်သမားခေါင်းဆောင်ကြီးအဖြစ် လည်းကောင်း၊ သူ့ကျွန်မခံ ဆရာစံဟူသော ဂုဏ်ပုဒ်ဖြင့်လည်းကောင်း အစဉ်အလေးထားလေးစားနေမည်သာ ဖြစ်သည်။

## ဆရာစံ အထိမ်းအမှတ်များ

ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံနှင့်လူမျိုး အကျိုးအတွက် စွမ်းစွမ်းတမံ သယ်ပိုးရွက်ဆောင်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် ပုံတူကြေးရုပ်၊ ကျောက်ရုပ်တုများ၊ ပန်းခြံများ၊ ပြတိုက်များ စသည့် သမိုင်းဝင်အထိမ်းအမှတ်များကို တည်ဆောက်ကာ ဂုဏ်ပြုခဲ့ကြသည်။ ဤကဲ့သို့ သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုချီးမြှောက်ကြခြင်းဖြင့် နောင်လာနောက်သားများအနေဖြင့် ထိုပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်ကျေးဇူးကို အစဉ်အောက်မေ့သတိရကာ နိုင်ငံအကျိုး၊ လူသားအကျိုးကို သယ်ပိုးရွက်ဆောင်လိုသော စိတ်ဓာတ်များ ပေါ်ပေါက်လာစေပါသည်။

မြန်မာနိုင်ငံသည်လည်း နိုင်ငံနှင့်လူမျိုး အကျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် သမိုင်းဝင်အထိမ်းအမှတ်များ တည်ဆောက်ဂုဏ်

ပြုသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ အင်္ဂလိပ်နယ်ချဲ့အစိုးရအား လက်နက်ကိုင် တော်လှန်တိုက်ပွဲဝင်ခဲ့သော တောင်သူလယ်သမား ခေါင်းဆောင်ကြီး ဆရာစံအား ဂုဏ်ပြုသည့်အနေဖြင့် ဆရာစံပန်းခြံ၊ ဆရာစံခန်းမ၊ ဆရာစံမြို့သစ်၊ ဆရာစံရုပ်တုနှင့် အထိမ်းအမှတ်ကျောက်စာတိုင်တို့ကို ဆရာစံအထိမ်းအမှတ်အဖြစ် တည်ဆောက်ကာ ဂုဏ်ပြုခဲ့ကြသည်။ ဆရာစံသည် အင်္ဂလိပ်နယ်ချဲ့အစိုးရအား တော်လှန်တိုက်ပွဲဝင်ခဲ့ခြင်း၊ အမျိုးဘာသာ၊ သာသနာ၊ ပညာကြီးပွားထွန်းကားစေရန် ရည်ရွယ်ပြီး တိုင်းပြည်အတွက် သည်ပိုးရွက်ဆောင်ခဲ့ခြင်း စသည့် ဂုဏ်ကျေးဇူးများကြောင့် ဆရာစံအား ဂုဏ်ပြုခဲ့ခြင်းဖြစ်ပေသည်။

ဆရာစံအထိမ်းအမှတ်အဖြစ် တည်ဆောက်ကာ ဂုဏ်ပြုခဲ့သည့် သမိုင်းဝင် အထိမ်းအမှတ်များအနက် ဆရာစံရုပ်တုနှင့် အထိမ်းအမှတ် ကျောက်စာတိုင်တစ်ခုကို သာယာဝတီမြို့နယ် အင်းကောက်ရွာနှင့် ရေတိုက်ရွာအကြား ဆရာစံအောင်မြေကုန်းတွင် တည်ဆောက်ထားပါသည်။ ဆရာစံ အောင်မြေကုန်းမှာ သာယာဝတီမြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာတွင် ရှိသည်။ တစ်ချိန်က ဆရာစံသည် အင်္ဂလိပ်နယ်ချဲ့အစိုးရအား တော်လှန်တိုက်ပွဲဝင်ရန် ဂဠုန်တပ်ဖွဲ့၏ ဗိုလ် ၁၀၀ ခန့်အပ်သည့်နေရာ ဖြစ်သည်။ အဆိုပါ အောင်မြေကုန်းနေရာ၌ပင် ဆရာစံသည် အပေါင်းအပါ ဂဠုန်ဗိုလ်များ၊ ဂဠုန်တပ်သားများနှင့်အတူ အင်္ဂလိပ်နယ်ချဲ့အစိုးရအား အသက်စွန့်ကာ တော်လှန်တိုက်ခိုက်ပါမည်ဟု သစ္စာဆိုခဲ့သည်။ ၎င်းအပြင် အရေးတော်ပုံ အောင်မြင်ရာ အောင်မြင်ကြောင်းအတွက် အောင်မြေနင်းခဲ့ကြသည်။



ဆရာစံအောင်မြေကုန်းတွင် ဆရာစံရုပ်တုတစ်ခုနှင့် အထိမ်းအမှတ် ကျောက်စာတိုင်တစ်ခုအား အသက်မသေဘဲ ကျန်ရစ်သည့် ဆရာစံ၏ဂဠုန်တပ်ဖွဲ့ဝင် ရဲဘော်ဟောင်းကြီးများက ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် သစ္စာမဏ္ဍိုင်စေတီတစ်ဆူကိုလည်း အဆိုပါ ဆရာစံအောင်မြေကုန်း၌ တည်ထားကိုးကွယ်ထားသည်။ ဆရာစံရုပ်တုမှာ အမြင့် ၅ ပေ၊ ၄ လက်မရှိပြီး အောက်ခံအုတ်ခုံအပါအဝင် စုစုပေါင်း ၁၃ ပေ မြင့်သည်။ ဆရာစံရုပ်တုအောက်ခံအုတ်ခုံ၏ အရှေ့ဘက်မျက်နှာစာတွင် အောက်ပါအတိုင်း ကမ္ပည်းရေးထိုးထားသည်။

"သူ့ကျွန်မခံ ရရာလက်နက်ဖြင့် တော်လှန်တိုက်ခိုက်ခဲ့သော တောင်သူလယ်သမားခေါင်းဆောင်ကြီး သုပဏ္ဏက ဂဠုနရာဇာ ဆရာစံ"

"ဗြိတိသျှနယ်ချဲ့ကို တွန်းလှန်ရန် အောင်မြေကုန်းပေါ်တွင် သစ္စာဆို၍ ပန္နက်ရိုက်ခဲ့သည်၊ နောင်လာနောင်သားများ ဇာတိသွေး၊ ဇာတိမာန် ရှင်သန်ထက်မြက်စေရန် ရည်သန်၍ သစ္စာမဏ္ဍိုင်စေတီကိုလည်း ဤအောင်မြေကုန်းပေါ်တွင် တည်ထားကိုးကွယ်ခဲ့သည်။

သမိုင်းကျောက်စာဖော်ထုတ်ခဲ့သော ပုဂ္ဂိုလ်များမှာ ဗိုလ်အုံးဖေ၊ ဦးချစ်ပု၊ ဦးပေါ်ထွန်း၊ ဦးညီပု၊ ဦးကောက်တို့ဖြစ်ကြပြီး သမိုင်းဖြစ်မြောက်ပေါ်ထွန်းရေး တာဝန်ခံမှာ မြန်မာသမားတော်ကြီး ဆရာဦးသန်းရွှေ (အဘိဓမ္မာတောင်သာ နာယက) တို့ ဖြစ်ကြပါသည်"

ဆရာစံအောင်မြေကုန်းပေါ်ရှိ ဆရာစံရုပ်တု၏ မြောက်ဘက် ၅၆ ပေ အကွာတွင် အမြင့် ၉ ပေရှိ အထိမ်းအမှတ် ကျောက်စာတိုင်တစ်ခုကိုလည်း စိုက်ထူထားသည်။

ကျောက်စာတိုင်၏ အနောက်ဘက်မျက်နှာစာတွင် -

"လွတ်လပ်ရေးအတွက် ဆရာစံသည် ဤကုန်းမြေတွင် အာဇာနည်ပုဂ္ဂိုလ်ကြီးများနှင့် သစ္စာဆိုခဲ့သည်" ဟု ရေးထိုးထားပါသည်။

ကျောက်စာတိုင်၏တောင်ဘက်မျက်နှာစာတွင် -

"၁၂၉၂ ခုနှစ်၊ နယ်ချဲ့အင်္ဂလိပ်ကို ဓားနှင့်ခုခံ တော်လှန်ခဲ့သော တောင်သူလယ်သမား ပြည်ချစ်ဆရာစံ နှင့် အာဇာနည်ကြီးများအား ဂုဏ်ပြုကျောက်စာတိုင်" ဟု ရေးထိုးထားပါသည်။

ကျောက်စာတိုင်၏ မြောက်ဘက်မျက်နှာစာတွင် -

"ဤကုန်းမြေသည် တောင်သူလယ်သမားလွတ်မြောက်ရေးအတွက် တော်လှန်ရေးစတင်သော ကုန်းမြေဖြစ်သည်။ ၁၂၉၂ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်" ဟု ရေးထိုးထားပါသည်။

ကျောက်စာတိုင်၏ အရှေ့ဘက်မျက်နှာစာတွင် -

"သုပဏ္ဏကဂဠုန် ဆရာစံ" ဟု ရေးထိုးထားပါသည်။

နိုင်ငံနှင့် လူမျိုးအတွက် အသက်စွန့်ကာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ဆရာစံ၏ဂုဏ်ကျေးဇူးကို ထာဝစဉ် သတိတရ ဖြစ်စေရန် ဆရာစံအောင်မြေကုန်းတွင် အထိမ်းအမှတ်အဖြစ် ဆရာစံရုပ်တုနှင့် ကျောက်စာတိုင်တစ်ခုအား တည်ဆောက်ကာ ဂုဏ်ပြုသကဲ့သို့ သာယာဝတီမြို့အဝင် မြေဧရိယာ ၀ ဒသမ ၉၅၉



ဧကပေါ်တွင် ၁၂၀ ပေ × ၆၀ ပေ အကျယ်ရှိ ဆရာစံခန်းမဆောင် တစ်ခုကိုလည်း ၁၉၉၁ ခုနှစ်က ဆရာစံအထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့သည်။ ထိုနှစ်မှာပင် သာယာဝတီမြို့နှင့် သုံးဆယ်မြို့ အကြား ရန်ကုန်-ပြည် ရထားလမ်း အနောက်ဘက်ရှိ မြေဧရိယာ ၅၀၃ ဧကတွင် ဆရာစံမြို့သစ်ကို တည်ခဲ့သည်။ သာယာဝတီမြို့ အဝင် ရန်ကုန်-ပြည် ကားလမ်းနံဘေးတွင်လည်း ဆရာစံပန်းခြံ တစ်ခုကို ဆရာစံ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုတည်ဆောက်ထားပြီး ဆရာစံပန်းခြံတွင် ဆရာစံရုပ်တုတစ်ခုကိုလည်း ဂုဏ်ပြု တည်ဆောက်ထားသေးသည်။

❍❍❍



**ဆရာစံအမှုကို စစ်ဆေးသော တရားသူကြီးများ လက်ဝဲဘက်မှ လက်ယာဘက်သို့ အစဉ်လိုက် မစ္စတာဒါဝုဒ် (အဖွဲ့ဝင်)၊ မစ္စတာ ဂျေ၊ အာ၊ အီး ကန်းလစ်ဖ် (ဥက္ကဋ္ဌ)၊ ဦးဘဦး(အဖွဲ့ဝင်)**





ဆရာစံအား အမှုစစ်ဆေးရန် အစောင့်ပုလိပ်များဝိုင်းရံလျက် သာယာဝတီအကျဉ်းထောင်မှ ဤသို့ထုတ်ယူလာသည်။

**ဆရာစံအား အမှုစစ်ဆေးရန် သာယာဝတီအကျဉ်းထောင်မှ ထုတ်ယူလာသည့်ပုံ**



ဆရာစံအား အမှုစစ်ဆေးရန် ရုံးသို့ခေါ်ဆောင်လာသောအခါ သာယာဝတီမြို့သူမြို့သားများ တောင်သူလယ်သမားများက ဤသို့ စုဝေးလာရောက်ကြည့်ရှုကြ၏။

**ဆရာစံအား တရားရုံးသို့ ခေါ်ဆောင်လာစဉ် လာရောက်ကြည့်ရှုကြသော လူထုပရိသတ်ကြီး၏ပုံ**



သာယာဝတီမြို့ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ရေတိုက်နှင့် အင်းကောက်ရွာအကြားရှိ ဆရာစံအောင်မြေကုန်းတွင် ဂုဏ်ပြုတည်ဆောက်ထားသော ဆရာစံရုပ်တု



ဆရာစံအောင်မြေကုန်းတွင် ဆရာစံအား ဂုဏ်ပြုသည့်အနေဖြင့် ကျန်ရစ်သူ ဂဠုန်တပ်သားဟောင်းများက တည်ဆောက်ထားသော အထိမ်းအမှတ် ကျောက်စာတိုင်





ဆရာစံ အောင်မြေကုန်းတွင် ဆရာစံရုပ်တု၊ ဆရာစံအထိမ်းအမှတ် ကျောက်စာတိုင်တို့နှင့်အတူ တွေ့ရသော သစ္စာမဏ္ဍိုင်စေတီ



သာယာဝတီမြို့ ဆရာစံပန်းခြံမှ ဆရာစံရုပ်တု

## အခန်း (၅)

## စာရေးဆရာ ဆရာစံ

တောင်သူလယ်သမား အရေးတော်ပုံကြီးကို ခေါင်းဆောင်ကာ လက်နက်စွဲကိုင်ပြီး အင်္ဂလိပ်နယ်ချဲ့အစိုးရအား တော်လှန်ပုန်ကန်ခဲ့သော ဆရာစံကို လက်ရုံးရည်သမားတစ်ဦးအဖြစ် သိသူများကြသည်။ သို့ရာတွင် သူ့ကို နှလုံးရည်သမားတစ်ဦးအဖြစ် သိသူနည်းကြသည်။ ဆရာစံသည် မြန်မာဆေးဆရာဖြစ်ပြီး ဆေးဝါးကုသကာ အသက်မွေးဝမ်းကျောင်းပြုခဲ့စဉ်က လက္ခဏဇုကျမ်းနှင့် ဝိဇ္ဇာသိပ္ပံအင်္ဂုတ္တရကျမ်းတို့ကို ရေးသားပြုစုခဲ့သည်။ ထို့ပြင် ဆရာစံသည် သာယာဝတီအကျဉ်းထောင်အတွင်း ကြိုးတိုက်ထဲတွင် ရှိနေစဉ်အခါက ကိုယ်ရေးအတ္ထုပ္ပတ္တိကိုလည်း ရေးသားခဲ့သည်။

ဆရာစံသည် မြန်မာ့ဆေးကျမ်း တစ်ကျမ်းဖြစ်သည့် လက္ခဏဇုကျမ်းကို သူ့အသက် ၄၀ ပြည့်သည့် ၁၂၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ (၁၉၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်) နေ့မှ

စတင်ရေးသားပြုစုခဲ့သည်။ ထိုစာအုပ်သည် ၁၂၈၉ ခုနှစ်၊ တန်ဆောင်မုန်းလ (၁၉၂၇ ခုနှစ်၊ အောက်တိုဘာလ) ကျမှ စာအုပ်အဖြစ် ထွက်လာသည်။ စာအုပ်ကို မော်လမြိုင်မြို့ တိုင်းလုံးမိတ်ဆွေစာပုံနှိပ်တိုက်တွင် အုပ်ရေ ၂၀၀၀ ရိုက်နှိပ်ပြီး တန်ဖိုးမှာ တစ်ကျပ်ရှစ်ပဲ ဖြစ်သည်။

လက္ခဏာဇုဇကျမ်းတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော သမုဋ္ဌာန်ပိုင်း၊ ရာသီပိုင်မှုအတွက် သဘာဝရာသီဥတုအဆုံးအဖြတ်ပိုင်း၊ အစာလည်းဆေးအတွက်မူ ဓာတ်စာပိုင်း၊ အနာခြောက်ပါးအပိုင်း၊ ရောဂါလက္ခဏာ ရှာဖွေစမ်းသပ်သည့်အပိုင်း၊ ဆေးဝါးများ ဖော်သည့်အပိုင်း၊ ရသာများ၏အကျိုးများကို ဖော်ပြသည့် ဓာတုရသာပိုင်း၊ လူနာအသေအရှင် ဆုံးဖြတ်သည့်အပိုင်းစသည့်အကြောင်းများကို ဖော်ပြထားသည်။

ဆရာစံသည် မြန်မာဆေးပညာဖြစ်သည့် အဘိဓမ္မာအခြေခံသော တောင်သာဆေးပညာရှင်များဖြစ်ကြသည့် ဆရာမှုန်နှင့် ဆရာမှဲ့တို့ထံ နည်းယူသင်ကြားခဲ့ရပုံရပေသည်။ ထို့ကြောင့် ထိုခေတ်က ကျမ်းပြုဆရာကြီးများဖြစ်ကြသည့် သုံးဆယ်ဦးပန်းသာ၊ တွံတေးဦးဖိုးမင်း၊ ဆရာကဲ၊ ဦးချမ်းသာတို့နှင့် ခေတ်ပြိုင် ဆေးလောကတွင် ထင်ရှားခဲ့သည်။ ဆရာစံသည် တောင်သာဂိုဏ်းဝင်ဆရာကြီးဖြစ်သဖြင့် လက္ခဏာဇုဇကျမ်းတွင် ခြောက်လုံးကောက်သဘောကို အကျယ်ဖွင့်ပြထား၏။ ဆရာစံသည် နက္ခတ်ဗေဒင်ပညာကို တတ်မြောက်ထားသော်လည်း ခုနှစ်ခု၊ ရှစ်ခု စာနည်းဖြင့် ဆေးကုခြင်းကို များစွာပြစ်တင်ရှုတ်ချခဲ့သည်။ ထိုဆရာမျိုးထံ လူနာကို အပ်ခြင်းသည် သေမင်းလက် ဝကွက်၍အပ်သည်ကမှ



တော်သေးသည်ဟု ဆရာစံက သူ၏လက္ခဏာဇုဇကျမ်းတွင် ဖော်ပြထားပေသည်။[၁]

မြန်မာနိုင်ငံဆေးပညာသမိုင်းတွင် ဥရောပဆေးပညာကို အလွန်အကြူး အားမကိုးသင့်ကြောင်း ရေးထားသည့် စာအုပ်နှစ်အုပ်ရှိသည်။ တစ်အုပ်မှာ ဆရာပေါ်ရေးသားသည့် ပုလိပ်ရောဂါကုထုံးစာအုပ်ဖြစ်ပြီး နောက်တစ်အုပ်မှာ တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင် ဂဠုန်ဆရာစံရေးသားသည့် လက္ခဏာဇုဇကျမ်းတို့ ဖြစ်သည်။ ကုလားဆရာတို့ နားကြပ်ကိုင်ကာ ဝင့်ဝါခြင်းသာ ဖြစ်သဖြင့် နားကြပ်သုံး၍ နားထောင်ရုံမျှဖြင့် ရောဂါ၏အကြောင်းကို စုံလင်အောင် မသိနိုင်ဟု ဆရာစံက လက္ခဏာဇုဇကျမ်းတွင် ထောက်ပြထားပါသည်။

မြန်မာတောင်သူလယ်သမားများကို နားကြပ်သုံး၍ စုံစမ်းခြင်းဖြင့် နှလုံးသွေးလှုပ်ရှားသံကိုသာ ကြားရမည်။ လူနာခံစားနေရသော ဝေဒနာကို စုံစမ်းရာ၌ နားကြပ်ပါရုံမျှဖြင့် ကုလားဆရာက မြန်မာဆရာထက် သာစရာအကြောင်းမရှိဟု ဒေါက်တာသန်းထွန်းက ဆရာစံ၏ လက္ခဏာဇုဇကျမ်းအား သုံးသပ်ခဲ့သည်။[၂]

ဆရာစံသည် “ဝိဇ္ဇာသိပ္ပံ အင်္ဂုတ္တရကျမ်း” ကိုလည်း ရေးသားခဲ့သည်ဟု သိရသည်။ သို့သော် ထိုကျမ်းကို မတွေ့ခဲ့ရဘူးပေ။ ထို့ပြင် ဆရာစံသည် “ဉာဏဓိရကျမ်း” ကိုလည်း ရေးသား ခဲ့သေးသည်။ သို့သော် ထိုကျမ်းသည် စာအုပ်အဖြစ်

---

**၁။ ဦးသာတင် (မာဃ)၊ ဆေးပညာစာပေ၊ ပညာရပ်ဆိုင်ရာ မြန်မာစာပေ စာတမ်းများ၊ ပထမတွဲ၊ (၁၉၈၄)၊ စာ–၄၆–၄၇–၅၁–၅၂။**

**၂။ ဒေါက်တာသန်းထွန်း၊ မြန်မာနိုင်ငံနှင့် ဆေးပညာ၊ တက္ကသိုလ်ပညာပဒေသာ စာစောင်၊ အတွဲ (၆)၊ အပိုင်း (၃)၊ ဇူလိုင် ၁၉၇၁ ခုနှစ်၊ စာ–၃၂၄။**

ထွက်မထွက် မသိရပေ။ "ဉာဏောဓိရုံကျမ်း" စာအုပ်အကြောင်း ဖော်ပြထားသည့် အထောက်အထားတစ်ခုကို ဆရာစံရေးသော လက္ခဏာဗုဇကျမ်းတွင် ဖော်ပြထားသည်ကို အောက်ပါအတိုင်း တွေ့ရပါသည်။

"ရှေးဆရာတို့သည် ဓာတ်မှာအငွေ့၊ ဆေးမှာအတွေ့ ဟု ဆိုသည်၊ ဤကဲ့သို့ ဓာတ် ၁၈ ပါး သတ်၍ပေးနိုင်သော ပုဂ္ဂိုလ်သည် ဓာတ်သိမည်၏၊ ဓာတ်ဆရာမည်၏ဟု သိလင့်၊ ဆေးအစာတို့မှာ အတွေ့ဟု ဆိုသည်၊ ဓာတ်လုံးသည် မိမိမှာလည်း ပွန်းပဲ့ခြင်း၊ လျော့ပါးခြင်းမရှိဘဲနှင့် ရေထဲ၌စိမ်သောအခါ အခိုးအငွေ့သာဖြစ်၍ ရောဂါပျောက်ကင်းသောကြောင့် ဓာတ်မှာ အငွေ့ဟု ဆိုသည်၊ သည်ကိုရည်၍ ရှေးဆရာတို့သည် လုပ်ရပ်မကျွမ်းကျင်သူနာခန်း၊ မလှမ်းနှင့်ဦးလို့မှာသည်၊ ဤကဲ့သို့ ဓာတ် ၁၈ ပါး အန္တိမရောက်အောင် စီရင်နိုင်ပါမူ ယခုပြဆိုခဲ့သော လက္ခဏာ၊ ပစ္စုပ္ပန်၊ ပဒ္ဒါန်မသိသော်လည်း ဆရာကြီးဟု ကိုးကွယ်ထိုက်ပါ၏၊ ဤဓာတ် ၁၈ ပါး ကြံလိုသော ပုဂ္ဂိုလ်တို့မှာ ကျွန်ုပ်ရေးသားထားသော ဉာဏောဓိရုံကျမ်းကို ရှုကြပါ"[၃]

ဆရာစံသည် နက္ခတ်ဗေဒင်ပညာကို ကညော် တလိုင်း ဆရာတော်ထံ နည်းခံသင်ကြားခဲ့သည်။ ဗေဒင်တတ်မြောက်သဖြင့် သင်္ကြန်စာကိုပင် ဆရာစံအမည်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ဖူးသည်။

---

၃။ ဆရာစံ၊ လက္ခဏာဗုဇကျမ်း၊ ဇွန်လ ၁၉၆၈ ခုနှစ်၊ စာ-၁၂၀။



ထို့ပြင် ဆရာစံသည် သူ့အတ္ထုပ္ပတ္တိကို သူကိုယ်တိုင် ရေးသားခဲ့သေးသည်။ ဆရာစံသည် အင်္ဂလိပ်နယ်ချဲ့အစိုးရအား လက်နက်ကိုင်တော်လှန်ပုန်ကန်မှုဖြင့် သာယာဝတီအကျဉ်းထောင်ရှိ ကြိုးတိုက်ထဲရောက်နေချိန်က ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးသားခဲ့ခြင်းဖြစ်သည်။ ဆရာစံသည် ကြိုးတိုက်ထဲတွင်ရှိနေစဉ် မြန်မာ့အလင်း သတင်းထောက်များ၏ တောင်းပန်ချက်အရ သူ့အတ္ထုပ္ပတ္တိကို အကျဉ်းချုပ်ပြီးရေးခဲ့သည်။ ဆရာစံကိုယ်ရေးအတ္ထုပ္ပတ္တိကို မြန်မာ့အလင်းသည် သူ မကွယ်လွန်မီကပင် ရရှိထား၏။ သို့ရာတွင် သက်ဆိုင်ရာသို့ တင်ပြခဲ့ရသဖြင့် အချိန်ကြန့်ကြာသွားခဲ့သည်။ ဆရာစံ ဘဝတစ်ပါးပြောင်းသွားပြီး ၁၃ ရက် ကြာသည့်အခါမှ မြန်မာ့အလင်းက ဖော်ပြခဲ့သည်။

ဆရာစံအတ္ထုပ္ပတ္တိနှင့်ပတ်သက်၍ တောင်သူလယ်သမားအရေးတော်ပုံအကြောင်း ရေးထားသည့် စာအုပ်အချို့၌ပါသော အချက်များနှင့် ဆရာစံကိုယ်ရေးအတ္ထုပ္ပတ္တိပါအချက်တို့ ကွဲပြားနေခြင်းအချို့ ရှိခဲ့ပေသည်။ သာကေအားဖြင့်ဆိုသော် ဆရာစံက သူ့ဖခင်မှာ ဦးကြေးဟု သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် ရေးထားသော်လည်း တို့ဗမာအစည်းအရုံး သမိုင်း (ပထမတွဲ)၊ စာ- ၁၄၁ တွင် ဦးကျော်ဟု ပြထား၏။ ဆရာစံ ဖခင်ဦးကြေး၏ မွေးဖွားရာရွာမှာ မင်းကုန်းဟု သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် ရေးထားသော်လည်း ၁၂၉၂ ခုနှစ် တောင်သူလယ်သမားအရေးတော်ပုံစာအုပ် စာ- ၅၇ နှင့် တို့ဗမာအစည်း အရုံးသမိုင်း (ပထမတွဲ) စာ-၁၄၁ တို့တွင် သရက်ကန်အရှေ့ရွာဟု တွေ့ရသည်။

စင်စစ်တွင်မူ သရက်ကန်အရှေ့ရွာမှာ ဆရာစံ မွေးဖွားရာရွာ ဖြစ်သည်။ ဦးကြေး၏ မွေးဖွားရာ ရွာမဟုတ်ပေ။ တစ်ဖန်

ဆရာစံတွင် မွေးချင်းငါးယောက်ရှိသည်ဟု ဆရာစံအကြောင်း ဖော်ပြထားသည့် စာအုပ်များတွင် တွေ့ရသည်။ သို့ရာတွင် ဆရာစံ ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် မရွက်အမည်ရှိ အဖေတူ မအေကွဲအစ်မ တစ်ယောက်ရှိသည်ဟု တွေ့ရသည်။ ထို့ကြောင့် ဆရာစံတွင် မွေးချင်းခြောက်ယောက်ရှိသည်ဟု ဆိုရပေမည်။ ဆရာစံဖခင် ဦးကြေးသည် ဒေါ်ဖက်နှင့်အကြောင်းမပါမီက ဒေါ်ငွေးနှင့် အကြောင်းပါပြီး မရွက်အမည်ရှိ သမီးတစ်ယောက် မွေးခဲ့သည်။ ဦးကြေးသည် ပထမဇနီးဒေါ်ငွေး ကွယ်လွန်ပြီးနောက် ဒေါ်ဖက်နှင့် အကြောင်းပါခဲ့ခြင်း ဖြစ်ပါသည်။

ဆရာစံသည် သူ့အတ္ထုပ္ပတ္တိကို ရေးသားရာတွင် စိတ်မှာ မချမ်းသာပေ။ ရေးရသည့်နေရာမှာလည်း အကျဉ်းထောင်ရှိ ကြိုးတိုက်ထဲမှ အခန်းကလေးဖြစ်နေ၍ ပြေပြစ်ချောမောအောင် မရေးနိုင်ရှာပေ။ လိုရင်းအချက်ကို အတိုချုပ်ကာ အကြမ်းမျှသာ ရေးသားခဲ့ရသည်။ သတင်းစာဖတ်သူများ ချောမောပြေပြစ်စွာ ဖတ်ရှုနိုင်ရန် ဆရာစံရေးသားခဲ့သည့်မူကို တစ်စုံတစ်ရာ ချွတ်ယွင်း ချက်မရှိစေဘဲ မြန်မာ့အလင်းက အနည်းငယ်မျှသာ ပြင်ဆင်ဖော်ပြ ခဲ့ခြင်းဖြစ်သည်။

အလျဉ်းသင့်သဖြင့် ဆိုပါဦးမည်။ အတ္ထုပ္ပတ္တိစာပေသမိုင်း တွင် ကိုယ်ရေးအတ္ထုပ္ပတ္တိများရှိကြရာ ယင်းတို့အနက် အစောဆုံး တွေ့ရသည့် ကိုယ်ရေးအတ္ထုပ္ပတ္တိမှာ ၁၉၂၇ ခုနှစ်က ဗြိတိသျှဘားမား မဂ္ဂဇင်းတွင် လစဉ်အခန်းဆက် ဖော်ပြထားသော မြန်မာရဟန်း တော် အရှင်အာဒိစ္စဝံသ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ ဖြစ်သည်။ ယင်း အတ္ထုပ္ပတ္တိကို ဗြိတိသျှဘားမားမဂ္ဂဇင်းအမှတ်-(၁) မှ အမှတ်-(၈)



အထိဖော်ပြပြီး မဂ္ဂဇင်းရပ်ဆိုင်းသွားသဖြင့် အရှင်အာဒိစ္စဝံသ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိမှာ တစ်ပိုင်းတစ်စနှင့် ပြတ်သွားခဲ့ပေသည်။[၄]

အရှင်အာဒိစ္စဝံသ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိထွက်ပေါ်လာပြီး လေးနှစ်ခန့်အကြာတွင် ဆရာစံ၏အတ္ထုပ္ပတ္တိကို ၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်ကစပြီး မြန်မာ့အလင်းသတင်းစာ၌ နေ့စဉ် ဖော်ပြခဲ့သည်။ ကိုယ်ရေးအတ္ထုပ္ပတ္တိစာပေသမိုင်း၌ ဆရာစံ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိသည် ဒုတိယမြောက်ပေါ်ထွက်လာသည့် ကိုယ်ရေးအတ္ထုပ္ပတ္တိ ဖြစ်ပေသည်။ ထို့နောက်တွင်မှ ဆရာကြီး ပီမိုးနင်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သည့် "ပီမိုးနင်း၏ ပီမိုးနင်း" သည် ၁၉၄၁ ခုနှစ်တွင် ထွက်ပေါ်လာပါသည်။

ကိုယ်ရေးအတ္ထုပ္ပတ္တိသမိုင်းတွင် နိုင်ငံရေးခေါင်းဆောင် များ ရေးသားခဲ့သည့် ကိုယ်ရေးအတ္ထုပ္ပတ္တိများ ရှိကြရာ ဆရာစံ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိမှာ နိုင်ငံရေးခေါင်းဆောင်တစ်ဦးရေးသားသည့် ကိုယ်ရေးအတ္ထုပ္ပတ္တိများအနက် အစောဆုံးတွေ့ရသည့် ကိုယ်ရေး အတ္ထုပ္ပတ္တိ ဖြစ်ပါသည်။

ဆရာစံသည် ကြိုးတိုက်ထဲတွင် ရက်ပေါင်း ၉၀ ကြာ နေထိုင်ခဲ့ရစဉ်အတွင်း သူ့အတ္ထုပ္ပတ္တိကို ရေးသားသွားခဲ့သည့်အပြင် ကဗျာလင်္ကာ လေးပိုဒ်ကိုလည်း ရေးသားသွားခဲ့ပေသည်။ မြန်မာ စာပေသမိုင်းတွင် ဆရာစံကဲ့သို့ပင် မင်းပြစ်မင်းဒဏ်သင့်ကာ အသတ်ခံရလုဆဲဆဲအချိန်တွင် ရေးသားစပ်ဆိုခဲ့ကြသော စာဆိုရှင် များ ရှိခဲ့ကြသည်။ စာဆိုရှင် အနန္တသူရိယအမတ်ကြီး၊ ဟံသာဝတီ ရောက် မင်းတရားကြီး၊ စလေဦးပုညနှင့် တောင်သမန်လယ်စား

---

၄။ ဦးလှကြိုင် (ပါရဂူ)၊ မြန်မာအတ္ထုပ္ပတ္တိသမိုင်း၊ အတ္ထုပ္ပတ္တိစာပေ၊စာ–၂၀။

ဦးဖေငယ် တို့သည် အသတ်ခံရခါနီးဆဲဆဲအချိန်တွင် ကဗျာများ ရေးသားဖွဲ့ဆိုခဲ့ကြသည်။

"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း" အစရှိသည့် မျက်ဖြေလင်္ကာလေးပိုဒ်သည် ပုဂံခေတ်မှသည် ယနေ့တိုင်အောင် ထင်ရှားခဲ့သော ကဗျာလင်္ကာလေးပိုဒ် ဖြစ်ပေသည်။ ရေးသားဖွဲ့ဆိုထားခဲ့သော အနန္တသူရိယအမတ်ကြီးသည် မင်းပြစ်မင်းဒဏ်သင့်ကာ အသတ်ခံရလုဆဲဆဲအချိန်တွင် ရေးသားခဲ့ခြင်းဖြစ်ပေသည်။[၅]

သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် ဟံသာဝတီရောက် မင်းတရားကြီးမှာ သားတော်သမီးတော်များနှင့်တကွ ရေ၌ချကာ အသတ်ခံရလုဆဲဆဲတွင် "ပုဂ္ဂိုလ်ခြောက်မည်" "ထုတ်ဆိုဆောက်တည်" "နှုတ်ချိုလျှောက်မည်" အစချီသော သုံးချက်ညီ ပိုဒ်စုံရတုကို စပ်ဆိုခဲ့ပေသည်။ ထိုပိုဒ်စုံရတုသည် မြန်မာစာပေသမိုင်း၌ ယနေ့တိုင် ထင်ရှားနေပေသည်။[၆]

စလေဦးပုညသည် မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၂၈ ခုနှစ်တွင် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့ ပုန်ကန်ထကြွသည့်အခါ ဦးပုညအား အခါပေးသည်ဟုဆိုကာ အကျဉ်းချထားခြင်းခံရသည်။ ထိုစဉ် မြို့သာမြို့စား မြောက်မြို့ဝန် ဦးသာအိုး၏လက်တွင် အသတ်ခံရတော့မည့်ဆဲဆဲအချိန်၌ "ဟုတ်

၅။ ဗိုလ်မှူးဘသောင်း၊ စာဆိုတော်များ အတ္ထုပ္ပတ္တိ (၂၀၀၂)၊ (၅ ကြိမ်မြောက်)၊ စာ-၃၁၊ ရာပြည့် ၁၇၅။

၆။ (က) ဦးဖေမောင်တင်၊ မြန်မာစာပေသမိုင်း၊ စာ-၁၄၁။
(ခ) ဗိုလ်မှူးဘသောင်း၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ စာ-၁၃၃။



ပလေနှုတ်ခြွေဟရမှာဖြင့် ပုဗ္ဗေစထင်ရဲ့လေ၊ ကောသလငယ်တို့၊ ဘဝ အသရေလျှမ်းပါတဲ့၊ ရွှေနန်းစံရာ နုရိန်မှ၊ ခါချိန်တန်၊ ပျက်စမြဲဟာမို့၊ စွဲမိသံဝေ၊ အကုသိုလ် ယာတကတ်ရယ်က၊ ယခုလိုလာလို့၊ ဖြတ်တာကြောင့်၊ စရပ်သို့ပြေးရလေ၊ ခွေးသေသို့သေရငြား၊ သိလျက်ပင်၊ ဝိပါက်တကယ်ထင်လို့၊ ရွှေညာဏ်ရင် မဝေခွဲနိုင်ဘု၊ ပွဲတွေ့အမှား" လေးချိုးကို ရေးသားစီကုံးခဲ့ပေသည်။ စလေဦးပုညသည် အဆိုပါလေးချိုးကို အသတ်ခံရတော့မည့်ဆဲဆဲတွင် ရေးသားစီကုံးခဲ့သည်။[၇]

ကုန်းဘောင်ခေတ်တွင် တောင်သမန်လယ်စား ဦးဖေငယ်သည် သီပေါမင်းနှင့် ဒိုင်းခင်ခင်တို့၏ မရှင်းမလင်းပြဿနာတွင် ကြံရာပါအဖြစ် ပါဝင်သည်ဟုဆိုကာ ဗန်းမော်မြို့သို့ အပို့ခံရသည်။ ထို့နောက် ဦးဖေငယ်သည် မိဖုရားခေါင်ကြီး စုဖုရားလတ်၏ လက်ချက်ဖြင့် ကွပ်မျက်ခံရကာနီးအချိန်တွင် ဇနီးသို့ပေးရန် အောက်ပါတေးထပ်ကို ရေးသားခဲ့ပေသည်။

"ချစ်ရသူခင်ခင်ငွဲ့၊ ဘဝမြင့် သက်ညှာ၊ ဆင် မသင့်
ခက်ပါလျှင်၊ သက်သာရာမရ၊ တကယ်လို့ တိမ်းခဲ့
ချော်လျှင်၊ စိမ်းနဲ့နော်၊ ဘုန်းခင်လာပ့ါ"[၈]

မြန်မာစာပေသမိုင်းတွင် မင်းပြစ်မင်းဒဏ်သင့်ကာ အသတ်ခံရလုဆဲဆဲအချိန်တွင် လင်္ကာ၊ ရတု၊ လေးချိုး၊ တေးထပ်တို့ကို ဖွဲ့ဆိုရေးသားခဲ့သော အနန္တသူရိယအမတ်ကြီး၊ ဟံသာဝတီ

၇။ (က) ဦးဖေမောင်တင်၊ မြန်မာစာပေသမိုင်း၊ စာ-၂၉၉။
(ခ) ဗိုလ်မှူးဘသောင်း၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ စာ-၂၃၄။

၈။ အမျိုးသားပညာဝန်ဦးဖိုးကျား၊ မြန်မာ့ဂုဏ်ရည်ရာဇဝင် ဖတ်စာ၊ (ဒုတိယအကြိမ်)၊ (စက်တင်ဘာ ၂၀၀၈)၊ စာ-၁၅၂။

ရောက် မင်းတရားကြီး၊ စလေဦးပုညနှင့် တောင်သမန်လယ်စား ဦးဖေငယ်တို့ကဲ့သို့ပင် ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမား အရေးတော်ပုံခေါင်းဆောင် ဆရာစံသည်လည်း အသတ်ခံရနီး ဆဲဆဲ ကြိုးတိုက်ထဲတွင်ရှိနေစဉ် ကဗျာလင်္ကာ လေးပိုဒ်ကို ရေးသား ခဲ့သည်။ ဆရာစံ ရေးသားဖွဲ့ဆိုခဲ့သော ကဗျာလင်္ကာလေးပိုဒ်မှာ (မဆလခေတ်က (ကြေးမုံ) သတင်းစာတွင်ပါဖူးသည်။)

(၁) မည်သူမည်ဝါ ဤကမ္ဘာတွင် ခန္ဓာခိုင်စွဲ၊ မမြဲမှတ်ရာ၊ လူတံထွားတည်း။

(၂) မီးတစ်ဆယ့်တစ်၊ ငြိမ်းရာဖြစ်သော၊ စင်စစ်ဧကန်၊ ပြည်နိဗ္ဗာန်သို့၊ အမြန်ထုတ်ခြောက်၊ မရောက်ရသေး၊ လူတဝေးသို့၊ သေဘေးတွေ့ရ၊ ဖြစ်ကအမှန်၊ ဖြစ်မြဲ ပြန်တည်း။

(၃) ကြောက်သွေးဟူ၍ နှမ်းတစ်စေ့မျှ၊ မတွေ့စိတ်ထဲ၊ ရိပ်မစဲတည့်၊ အမြဲမတည်၊ လူဟူသည်ကား၊ မရှည် အသက်၊ ကြာနေပျက်ကို၊ ပြက်ပြက်ထင်ထင်၊ ငါ အမြင်တည်း။

(၄) ထက်အောက်မြန်မာ၊ လူတကာတို့၊ ဆရာခေါ်ဆို၊ ငါ့ဂုဏ်ကိုလျှင်၊ ကျူးပို့သည်ရှုံး၊ ဘယ်သို့ထုံးလည်း၊ အဆုံးဆိုရေး၊ ကြိုးဒဏ်ဘေးနှင့်၊ ဖေးရမည်တည်း[၉] ဟူ၍ ဖြစ်သည်။

အနန္တသူရိယ အမတ်ကြီး၊ ဟံသာဝတီရောက် မင်း တရားကြီး၊ စလေဦးပုည၊ တောင်သမန်လယ်စား ဦးဖေငယ်နှင့်

**၉။ ဦးလှဒင် (အမျိုးသား)၊ သာယာဝတီသမိုင်း၊ နိုဝင်ဘာလ ၁၉၇၆၊ စာ–၁၄၂။**



ဂျွန်ဆရာစံတို့သည် မင်းပြစ်မင်းဒဏ်သင့်၍ အသတ်ခံရခြင်း တူကြပေသည်။ သို့ရာတွင် အနန္တသူရိယအမတ်ကြီး အစရှိသော အသတ်ခံရသည့် စာဆိုတော်ကြီးများ၏ ကဗျာများမှာ ထင်ရှား ကျော်ကြားပြီး လူသိများကြသော်လည်း အရေးတော်ပုံခေါင်းဆောင် ဆရာစံ၏ကဗျာမှာ တိမ်မြုပ်နေခဲ့သည်။ ထိုသို့ ဆရာစံ၏ကဗျာ တိမ်မြုပ်နေခဲ့သည်မှာ အနန္တသူရိယအမတ်ကြီးအစရှိသော အသတ်ခံရသည့် စာဆိုတော်ကြီးများ၏ ကဗျာများထက် ဆရာစံ၏ ကဗျာမှာ နိုင်ငံရေးအတွေးအခေါ်ပိုင်းတွင် အားနည်းနေသော ကြောင့်ပင် ဆရာစံ၏ကဗျာမှာ တိမ်မြုပ်နေရခြင်းဖြစ်သည်ဟု ယူဆရပေသည်။

## အခန်း (၆)

# ကျမ်းသစ္စာကျိန်ဆိုလွှာများတွင် ထင်ဟပ်သော ဂဠုန်တပ်သားကြီးများ၏ မျိုးချစ်စိတ်ဓာတ်

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် သစ္စာဆိုခြင်းအမှုကို မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်အား ဖော်ကျူးသောအသွင်ဖြင့် တွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်ဝင်တို့သည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မြန်မာလူမျိုး မျက်စိဆရာဝန် ဦးလွန်းဖေ၏ နေအိမ်တွင် ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးအတွက် မိမိတို့၏ အသက်ကိုစွန့်ကာ တိုက်ပွဲဝင်မည်ဟု လက်မောင်းသွေးများဖောက်ပြီး သွေးသောက်ခဲ့ကြသည်။ သစ္စာပြုခဲ့ကြသည်။ ရဲဘော်သုံးကျိပ်ဝင်တို့ ပြုခဲ့သော သစ္စာအဓိဋ္ဌာန်မှာ -

"ကျွန်ုပ်တို့သည် ယနေ့မှစ၍ အသက်ကိုစွန့်လျက် မကြောက်မရွံ့ မတွန့်မဆုတ် တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မည်ဟု သစ္စာအဓိဋ္ဌာန်ပြုပါသည်"[၁] ဟူ၍ ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ဝင်များကဲ့သို့ပင် တောင်သူလယ်သမား အရေးတော်ပုံခေါင်းဆောင် ဆရာစံနှင့် အရေးတော်ပုံ ဂဠုန်တပ်သားများသည်လည်း အမျိုးဘာသာ၊ သာသနာအတွက် မိမိတို့၏အသက်ကိုစွန့်ကာ အင်္ဂလိပ်နယ်ချဲ့ အစိုးရအား လက်နက်ကိုင်ကာ တော်လှန်တိုက်ခိုက် ချေမှုန်းပါမည်ဟု ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

နောင်အခါတွင် အင်္ဂလိပ်အစိုးရက ဆရာစံနှင့်အရေးတော်ပုံတပ်သားများအား ဖမ်းဆီးကာ ဂျော့ဘုရင်မင်းမြတ်အား စစ်ဘက်ပြိုင်သည်၊ နိုင်ငံ၌ ပုန်ကန်ထကြွအောင် ပြုလုပ်သည်ဟု ဆိုကာ ရုံးတင်တရားစွဲဆိုခဲ့ကြသည်။ အစိုးရသည် အမှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများအနက် ကျမ်းသစ္စာကျိန်ဆိုလွှာများကိုလည်း စာရွက်စာတမ်းသက်သေခံအဖြစ် ရုံးတော်သို့ တင်ပြခဲ့ကြသည်။ တွေ့ရသည့် ကျမ်းသစ္စာကျိန်ဆိုလွှာများမှာ တစ်နယ်နှင့်တစ်နယ် တစ်နေရာနှင့်တစ်နေရာ မတူကြချေ။ သို့ရာတွင် ကျမ်းသစ္စာကျိန်ဆိုလွှာပါ ရည်ရွယ်ချက်များနှင့် အနှစ်သာရတို့မှာ တူညီကြသည်။ အဆိုပါ ကျမ်းသစ္စာကျိန်ဆိုလွှာများတွင် အရေးတော်ပုံဂဠုန်တပ်သားကြီးများ၏ ဇာတိသွေး၊ ဇာတိမာန်များကိုလည်း အထင်အရှား တွေ့ရပေသည်။

---

၁။ ဗိုလ်မင်းခေါင် (ရွှေတူ)၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်၊ ၁၉၆၈၊ စာ–၁၉၂။



အရေးတော်ပုံ ဂဠုန်တပ်သားများသည် အင်္ဂလိပ်နယ်ချဲ့ အစိုးရအား စစ်ရေးအတွက် ဂဠုန်တပ်ဖွဲ့များ ဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် ဂဠုန်တပ်သားတို့၏လက်မောင်း၊ ပခုံး စသည်တို့တွင် 'က' ဂဠုန်၊ 'ခ' ဂဠုန်ဟူသော အမှတ်အသားဆေးများ ထိုးကြရသည်။ ထို့ပြင် ကံငါးပါးကိုလည်း စောင့်ထိန်း၍ အမျိုးဘာသာ၊ သာသနာအတွက် အင်္ဂလိပ်နယ်ချဲ့အစိုးရကို တော်လှန်တိုက်ခိုက်ရန် ကျမ်းသစ္စာကျိန်ဆိုကြရသည်။ အဆိုပါ ကျမ်းသစ္စာကျိန်ဆိုလွှာမှာ ဂဠုန်အဖွဲ့ကြီး၏ ဥပဒေပင်ဖြစ်သည်။ ဂဠုန်အသင်းသားတို့ သစ္စာဖောက်ခြင်းသည် ဂဠုန်အသင်းက ချမှတ်ထားသော ဥပဒေကို ချိုးဖောက်သည်နှင့် တူပေသည်။ ဂဠုန်အသင်းသားအဖြစ် ခံယူသည်နှင့် ကျမ်းသစ္စာကိုလည်း ကျိန်ဆိုခဲ့ကြရပေသည်။ နောင်တွင် အစိုးရက ကျမ်းသစ္စာကျိန်ဆိုလွှာများကို စာရွက်စာတမ်း သက်သေခံအဖြစ် ရုံးတော်သို့ တင်ပြခဲ့ရာ သာယာဝတီမြို့ အထူးတရားရုံး ၁၉၃၁ ခုနှစ်၊ အထူးစစ်ကြောစီရင်မှုနံပါတ် (၃) ဖြစ်သည့် ဇိုင်းသွယ်ရွာအမှုတွင် တိုက်ပွဲ၌ကျဆုံးသွားသော အရေးတော်ပုံတပ်သားတစ်ဦး၏ ကိုယ်တွင်တွေ့ရသည့် ကျမ်းသစ္စာကျိန်ဆိုလွှာကိုလည်း သက်သေခံပစ္စည်း 'F' အဖြစ် တရားရုံးသို့ တင်ပြကြသည်။ သက်သေခံအဖြစ် တင်ပြသောအဆိုပါ ကျိန်ဆိုလွှာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

> "ကျွန်တော်တို့သည် မြန်မာတိုင်းပြည်ကြီးနှင့်တကွ လူမျိုး၊ ဘာသာ၊ သာသနာကြီးသည် မိစ္ဆာဒိဋ္ဌိ အင်္ဂလိပ်လူမျိုးတို့ အုပ်စိုးခြင်းမှလွတ်ကင်း၍ အမျိုးဘာသာ၊ သာသနာအတွက် ဂဠုန်တပ်ဖွဲ့ကြီးကို အားပေးကူညီသောအားဖြင့် အသက်စွန့်၍တိုက်ခိုက်ပါမည်၊ ဤအဖွဲ့

ကြီးတွင် စီမံပေးသော ဆရာ၊ စစ်ဗိုလ်တို့ စကားကို တစ်သဝေမတိမ်း လိုက်နာပါမည်၊ ဝံသာနုအဖွဲ့ဝင်ဟူသမျှ တို့ကိုလည်း ကျွန်တော်တို့ သူပုန်အဖွဲ့မှ စောင့်ရှောက် ကြည့်ရှုပါမည်၊ အင်္ဂလိပ်ရန်သူ၊ ၎င်းတို့၏ ကျွန်အစေခံ၊ ဒလန် စသော သူပုန်တို့ ပျက်စီးရာပျက်စီးကြောင်း၊ ကြံစည်သူများကို သတ်ဖြတ်ဖျက်ဆီးပါမည်၊ အခြားသူတို့ ကို မနှိပ်စက်ပါ၊ ဤဆိုခဲ့သော ကတိသစ္စာမတည်ဘဲ ပျက်ကွက်၍ ကိုယ်တိုင်သော်လည်းကောင်း၊ သူတစ်ပါး စေခိုင်း၍သော်လည်းကောင်း၊ ကိုယ်၊ နှုတ်နှစ်ပါးဖြင့် ဤ သူပုန်အဖွဲ့ ပျက်စီးရာပျက်စီးကြောင်းနှင့် အင်္ဂလိပ်လူမျိုး အကျိုး၊ ၎င်းတို့၏ ကျွန်အစေခံနှင့် ပူးပေါင်းပြစ်မှား ကတိ သစ္စာပျက်ကွက်ခဲ့လျှင် ကျွန်တော်တို့သည် ကြံစည်ပြုလုပ် သည်နှင့်တစ်ပြိုင်နက် လတ်တလောမျက်မှောက်တွင် (၃၂) ပါးသော ကံကြမ္မာ၊ (၂၅) ပါးသော ဘေး၊ (၁၀) ပါးသော ဒဏ်၊ (၈) ပါးသော အပြစ်၊ (၅) ပါးသော ရန်သူတို့၏လက်နက်နှင့်သော်လည်းကောင်း၊ ချက်ချင်း မကြာ ပျက်စီးသေကြေစေသတည်း၊ ထိုမှတစ်ပါး အပါယ် အဝီစိငရဲ၌ ကျရောက်ပါစေသတည်း”

“ကတိသစ္စာအတိုင်း တည်ကြည်၍ လူသာမန်တို့ စွန့်ခဲ့ သော သာသနာတော်ကြီးကို ပြုစုသော ယောကျ်ားမြတ် ဖြစ်သောကြောင့် ဘုန်းကျက်သရေတို့သည် တစ်နေ့ တခြား ဆန်းသစ်သော လမင်းကဲ့သို့လည်းကောင်း၊ နံနက် တက်သစ်စ နေလုလင်ကဲ့သို့လည်းကောင်း၊ မဏိဇောတရ ပတ္တမြားကဲ့သို့ စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာသို့



ချက်ချင်းမကြာ ပြည့်စုံပါစေသတည်း၊ ထိုမှတစ်ပါးလည်း ဤကဲ့သို့ ဘဝဆက်တိုင်း နိဗ္ဗာန်ရောက်သည့်တိုင်အောင် သာသနာတော်ကြီးကို ပြုစုနိုင်ပါစေသတည်း”[၂]

အထက်ပါ ကျမ်းသစ္စာကျိန်ဆိုလွှာတွင် အင်္ဂလိပ်အစိုးရကို တော်လှန်တိုက်ခိုက်ရန် ရည်ညွှန်းဖော်ပြထားသည်။ ထို့ပြင် ဂျူန် အသင်းသားတို့၏အကျိုးကို နစ်နာအောင် ကြံစည်ပြုလုပ်ခြင်း မပြုလုပ်ပါဆိုသည့် အကြောင်းကိုလည်း ဖော်ပြထားပါသည်။

ထပ်မံတွေ့ရသည့် ကျမ်းသစ္စာကျိန်ဆိုလွှာတစ်ခုမှာ ပြည်မြို့ အထူးတရားရုံးတော် ၁၉၃၂ ခုနှစ်၊ အထူးစစ်ကြော စီရင်မှုနံပါတ် (၁) ဖြစ်သည့် ဝက်ကုန်းဘုန်းကြီးကျောင်းကို တိုက် ခိုက်ရာ ကျဆုံးသွားသော ဂျူန်တပ်သားတစ်ယောက်၏ ကိုယ်တွင် တွေ့ရသော ကျမ်းသစ္စာကျိန်ဆိုလွှာ ဖြစ်သည်။ အဆိုပါ ကျမ်းသစ္စာ ကျိန်ဆိုလွှာအား သက်သေခံပစ္စည်း ‘A’ အဖြစ် တရားရုံးသို့ တင်သွင်းခဲ့သည်။ ယင်းကျမ်းသစ္စာကျိန်ဆိုလွှာမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

“ကျွန်ုပ်တို့တစ်စု ယခု၊ ယနေ့ အစပြု၍ ဤမြန်မာပြည် ကို အင်္ဂလိပ်အစိုးရအုပ်စိုးခြင်းမှ မလွတ်သမျှကာလ ပတ်လုံး မြန်မာပြည်အသင်းချုပ်ကြီးနှင့် ဂျူန်အဖွဲ့ချုပ် ကြီး၊ ထိုအဖွဲ့ချုပ်ကြီးနှင့် ဆက်သွယ်သူ၊ ထိုသူတို့၏ သား မယားပစ္စည်းတို့ပါ ကိုယ်၊ နှုတ်၊ နှလုံး ငြိုငြင်ဆင်းရဲအောင် နှင့် အသက်အန္တရာယ်ဖြစ်စေရန်ကို ကျွန်ုပ်တို့ကိုယ်တိုင် လည်း မပြုလုပ်မပြစ်မှားပါ၊ မြတ်စွာဘုရား သာသနာ

---

၂။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၁၈။

တော်ကို ကြီးပွားရန်အတွက် မိစ္ဆာဒိဋ္ဌိ တို့၏ဘေးရန်ကို အသက်စွန့်၍ ဖယ်ရှားဆောင်ရွက်ပါမည်၊ မိစ္ဆာဒိဋ္ဌိ အပေါင်းတို့ကို လျင်မြန်စွာ နှိမ်နင်းအောင်မြင်ပါစေသား၊ မိစ္ဆာဒိဋ္ဌိတို့ ဘေးရန်ကို လျင်မြန်မကြာ ဖြိုဖျက်နိုင်ပါစေသား”[၃]

အထက်ဖော်ပြပါ ကျမ်းသစ္စာကျိန်ဆိုလွှာတွင် မြတ်စွာဘုရား သာသနာတော်အတွက် အင်္ဂလိပ်နယ်ချဲ့တို့၏ ဘေးရန်အား အသက်စွန့်၍ တိုက်ခိုက်ဆောင်ရွက်ပါမည့်အကြောင်းနှင့် နယ်ချဲ့ အင်္ဂလိပ်တို့အား လျင်မြန်စွာ နှိမ်နင်းဖြိုဖျက်နိုင်ပါစေကြောင်းများကို ဖော်ပြထားပေသည်။

သာယာဝတီမြို့ အထူးတရားရုံးတော် ၁၉၃၁ ခုနှစ် အထူးစစ်ကြောစီရင်မှုနံပါတ် (၂) ဖြစ်သော ကံ့ကော်ပင်တောင်ပြတ်အမှုတွင် ချမှတ်သည့်စီရင်ချက်မှ ကျမ်းသစ္စာကျိန်ဆိုလွှာ၏ နောက်ဆုံးအပိုဒ်ကို ထုတ်နုတ်ဖော်ပြထားသည်။ ၎င်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

“ဂေါတမ မြတ်စွာဘုရား၊ သာသနာတော်၌ စောင့်ရှောက်ကြကုန်သော၊ သိကြားမင်း၊ ဗြဟ္မာမင်း၊ နတ်မင်းကြီးများ၊ နတ်နဂါးမင်းကြီးများ၊ စတုလောကပါလာ နတ်မင်းကြီးလေးပါး အစရှိသော သမ္မာဒေဝနတ်မင်းများ အပေါင်းတို့ ကျွန်ုပ်တို့တစ်စုသည် ယနေ့ကအစပြု၍ မြန်မာပြည် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး မရမီကာလပတ်လုံး၊ ဂျီစီဘီအေ ဂဠုန်အဖွဲ့ကြီးနှင့်တကွ၊ ထိုအဖွဲ့ကြီး၌ပါဝင်သော လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ်တို့နှင့်တကွ ထိုသူတို့၏ မယားသားသမီးတို့ပါ စိတ်နှလုံး ငြိုငြင်ဆင်းရဲခြင်းဖြစ်အောင်၊ ကိုယ်ကာယ ဒုက္ခရောက်အောင် အသက်အန္တရာယ်ဖြစ်အောင်၊ စီးပွားဥစ္စာပျက်စီးအောင်၊ ကျွန်ုပ်တို့ကိုယ်တိုင်လည်း မကြံစည်ပါ၊ သူတစ်ပါးကြံစည်နိုင်ရန် အားပေးခြင်း၊ သညာပေးခြင်း၊ ညွှန်ကြားခြင်း၊ နည်းလမ်းပြခြင်း၊ မျက်ရိပ်လက်ရိပ်ပြခြင်း၊ စကားမိတ်၊ စကားရိပ်ပြခြင်း၊ တိုက်တွန်းခြင်း၊ သက်သေခံပါဟု အားပေးတိုက်တွန်းခြင်း မပြုလုပ်ပါ၊ ကျွန်ုပ်တို့ကိုယ်တိုင်လည်း သက်သေမခံပါ၊ ဂျီစီဘီအေ ဂဠုန်အဖွဲ့ကြီး၌ပါဝင်သော ကျွန်ုပ်ထက် ရာထူးကြီးသော လူကြီးတို့၏စကားကို ဖီဆန်တော်လှန်ခြင်း မပြုလုပ်ပါ၊ ကျွန်ုပ်ထက်ငယ်သော အသင်းဝင်သူတို့ကိုလည်း မတရား မနှိပ်စက်ပါ၊ ယခုအတည်ပြုထားသော ပထမတွဲဥပဒေအတိုင်း လိုက်နာပါမည်၊ မြတ်စွာဘုရား သာသနာတော် ကြီးပွားရန်အတွက် မိစ္ဆာဒိဋ္ဌိတို့ဘေးရန်ကို အသက်စွန့်၍ ဆောင်ရွက်ပါမည်”[၄]

အထက်ဖော်ပြပါ ကျမ်းသစ္စာကျိန်ဆိုလွှာတွင် ဗုဒ္ဓမြတ်စွာ သာသနာကို ထွန်းကားတိုးပွားစေခြင်းငှာ မိစ္ဆာဒိဋ္ဌိတို့၏ဘေးရန်မှ အသက်စွန့်၍ ဆောင်ရွက်ပါမည်ဟု ဖော်ညွှန်းထားပေသည်။

သာယာဝတီမြို့၊ အထူးတရားရုံးတော် ၁၉၃၂ ခုနှစ်၊ စစ်ကြောစီရင်မှုနံပါတ် (၅) ဖြစ်သည့် လှည်းကူးနှင့် ဖောင်ကြီးနယ်တွင် တိုက်ခိုက်သည့်တိုက်ပွဲ၌ တွေ့ရသည့် ကျမ်းသစ္စာကျိန်ဆို



၃။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၃၆။

၄။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၁၆။

လွှာကို အစိုးရက တရားရုံးတော်သို့ သက်သေခံပစ္စည်း 'H' အဖြစ် တင်သွင်းခဲ့သည်။ အဆိုပါ ကျမ်းသစ္စာကျိန်ဆိုလွှာမှာ အောက်ပါ အတိုင်း ဖြစ်သည်။

"ယခု ကျွန်တော်တို့သည် ဂဠုန်အသင်းတွင် ပါဝင် ပါမည်၊ အသင်းသားအချင်းချင်းအပေါ်၌ ပျက်ကွက်ရာ ပျက်ကွက်ကြောင်း စိတ်ထဲ၌မကြံစည်ပါ၊ ကြံစည်ခဲ့ပါလျှင် ကုန်းသွား ကုန်းဘေး၊ ရေသွား ရေဘေး၊ တောသွား တော ဘေး၊ မီးဘေး၊ လှံဘေး၊ မင်းဘေး၊ အမြွောက်ဘေး၊ သေနတ်ဘေး၊ သစ်ချွန်ဘေး၊ ဝါးချွန်ဘေးမှစ၍ လောလောလတ်လတ် ထိခိုက်၍သေပါစေသား၊ ယခု သစ္စာကို တည်ကြည်ဖြောင့်မတ်ခဲ့ပါလျှင် သစ္စာအတွင်း၌ ပါဝင်သော လက်နက်များ ပြောင်းဝက ရေအတိဖြစ်ပါ စေသား၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ အတွင်း ၃၇ မင်းနတ်အပေါင်း သက်သေတည်စေသား"[၅]

အထက်ဖော်ပြပါ ကျမ်းသစ္စာကျိန်ဆိုလွှာတွင် အစိုးရအား တော်လှန်တိုက်ခိုက်ရန် ဖော်ပြမထားပေ။ ဂဠုန်အဖွဲ့သားများ၏ အကျိုးကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်ပြုလုပ်ခဲ့ပါက ဘေး အမျိုးမျိုးနှင့် တွေ့ရပါစေဟု ဖော်ပြထားပေသည်။

အရေးတော်ပုံတပ်ဖွဲ့ဝင်များထဲတွင် အမျိုးဘာသာ၊ သာသနာအတွက် အသက်စွန့်ကာ အင်္ဂလိပ်နယ်ချဲ့အစိုးရအား တော်လှန်တိုက်ပွဲဝင်ခဲ့သော ဂျီစီဘီအေဂိုဏ်းဝင် ဝံသာနု ဂဠုန် အစစ်များရှိကြသကဲ့သို့ နီးစပ်ရာ တောကြောင်များကလည်း

၅။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ-၂၄။



လုယက်တိုက်ခိုက်ရန် အခွင့်အခါသာသဖြင့် ဂဠုန်အမည်ခံကာ ဂဠုန်တပ်ဖွဲ့ထဲသို့ ဝင်ရောက်လာကြသော ဂဠုန်အတုများလည်း ရှိကြပေသည်။

ထိုအချိန်က ခေတ်ကာလမကောင်းသဖြင့် ဆင်းရဲသား များမှာ ဇတ်ပြတ်နေကြပေသည်။ လူဆိုးဓားပြများကလည်း "တောမီးလောင် တောကြောင် လက်ခမောင်းခတ်"ဆိုသကဲ့သို့ သူပုန်ယောင်ဆောင်ကာ ဓားပြတိုက်ခဲ့ကြပါသည်။ ဤကဲ့သို့ လူယုတ်မာများကလည်း ဂဠုန်အမည်ခံကာ ရသမျှကို လုယက် တိုက်ခိုက်ကြသည့်အခါ ကျေးရွာသူ ကျေးရွာသားများသည် ဂဠုန် အစစ်များကို ဂဠုန်အတုများနှင့် ရောထွေးပြီး အကြည်ညိုပျက် လာကြသည်။[၆]

တောကြောင်များဖြစ်ကြသော ဂဠုန်အမည်ခံ လူဆိုး ဓားပြများသည် ဂဠုန်အတုများဖြစ်ကြလေရာ ဂျီစီဘီအေဂိုဏ်းဝင် ဝံသာနုဂဠုန်တပ်ဖွဲ့ဝင်တို့ လိုက်နာကြရမည့် ကျမ်းသစ္စာကျိန်ဆို လွှာပါ ကျင့်ဝတ်စည်းကမ်းများကို ချိုးဖောက်ခဲ့ကြသည်။ ဂဠုန် တပ်သားယောင်ဆောင်သော အဆိုပါ ဂဠုန်အတုများသည် အထူး တရားရုံးများတွင် အစစ်ဆေးခံကြရာ၌ ဂဠုန်ခေါင်းဆောင်လုပ်သူ တို့က ၎င်းတို့အား သူပုန်ထကြွမှုထဲသို့ ဝင်ရောက်ရန် အလွန်အမင်း ကြောက်ရွံ့အောင် ခြိမ်းခြောက်ခြင်းကြောင့်လည်းကောင်း၊ လိမ်လည်လှည့်ဖြားခြင်းကြောင့်လည်းကောင်း၊ အတင်းအကြပ်

၆။ (က) ဦးဘခိုင် (ဖေဘီယန်)၊ မြန်မာပြည်နိုင်ငံရေးရာဇဝင်၊ စာ-၁၃၆။
(ခ) ဦးလေးမောင်၊ မြန်မာနိုင်ငံရေးသမိုင်း (ဒုတိယတွဲ)၊ စာ-၃၅၁ -၃၅၃။

ပြုလုပ်ခြင်းကြောင့်လည်းကောင်း မပါဝင်လိုဘဲ ပါဝင်ခဲ့ရပါသည်ဟု ကိုယ်လွတ်ရုန်းကာ ထွက်ဆိုခဲ့ကြပါသည်။

ဂဠုန်သူပုန်ယောင်ဆောင်ကာ လုယက်တိုက်ခိုက်ပြီး ဆိုးသွမ်းခဲ့ကြသော လူဆိုး၊ ဓားပြများက ယင်းကဲ့သို့ တရားရုံးများတွင် အစစ်ခံကာ ထွက်ဆိုခဲ့ကြရာ တရားဝန်ကြီးတို့က လက်အောက်ငယ်သား အရေးတော်ပုံတပ်ဖွဲ့ဝင်များသည် ခေါင်းဆောင်ဗိုလ်လုပ်သူတို့က သူပုန်ထကြွမှုထဲဝင်ရန် ကြောက်ရွံ့အောင် ခြိမ်းခြောက်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အတင်းအကြပ်ပြုလုပ်ခြင်းတို့ကြောင့်သာ မဟုတ်ခဲ့ပါက ၎င်းတို့သည် သူပုန်ထကြွမှုထဲ ပါဝင်မည်မဟုတ်ဟု မှတ်ချက်ချခဲ့ကြသည်။[၇]

အထက်ဖော်ပြပါ ကျမ်းသစ္စာကျိန်ဆိုလွှာများကို ထောက်ရှုကြည့်လျှင် ဂီစီဘီအေဝိုဏ်းဝင် ဝံသာနုဂဠုန်တပ်ဖွဲ့ဝင်များသည် မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ကျမ်းသစ္စာကျိန်ဆိုလွှာပါကျင့်ဝတ်စည်းကမ်းများနှင့်အညီ အင်္ဂလိပ်နယ်ချဲ့အစိုးရအား တော်လှန်တိုက်ခိုက်ခဲ့ခြင်းသာ ဖြစ်သည်။

သို့ရာတွင် တရားဝန်ကြီးတို့က ဂဠုန်အစစ်နှင့် ဂဠုန်အတုတို့ကို ခွဲခြားစိစစ်ခြင်းမပြုဘဲ လက်အောက်ငယ်သားများသည် ခေါင်းဆောင် ဗိုလ်လုပ်သူတို့က ခြိမ်းခြောက်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အတင်းအကြပ်ပြုလုပ်ခြင်းတို့ကြောင့် သူပုန်ထကြွမှုထဲ မဝင်လိုဘဲ ဝင်ခဲ့ရသယောင်ယောင် မဟုတ်မမှန် လုပ်ကြံကာ မှတ်ချက်ချခဲ့ကြပေသည်။ ဤသို့ဖြင့် တရားဝန်ကြီးတို့က မျိုးချစ်စိတ်ဓာတ် အရင်းခံကာ အင်္ဂလိပ်အစိုးရအား တော်လှန်တိုက်ပွဲ

၇။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၃၄။



ဝင်ခဲ့ကြသော ဂီစီဘီအေဝိုဏ်းဝင် ဝံသာနုလယ်သမား ဂဠုန်တပ်သားကြီးများ၏ ဇာတိသွေး၊ ဇာတိမာန်အား သေးသိမ်မှေးမှိန်သွားစေလိုသော ရည်ရွယ်ချက်ဖြင့် ယင်းကဲ့သို့ မှတ်ချက်ချခဲ့ကြခြင်းဖြစ်ပေသည်။

## အခန်း (၇)

## အရေးတော်ပုံကာလအတွင်း အင်္ဂလိပ်အစိုးရ၏ မဟုတ်မမှန်လိမ်လည်လှည့်ဖြားမှုများ

အင်္ဂလိပ်အစိုးရသည် တောင်သူလယ်သမားများက အဘယ်ကြောင့် တော်လှန်ပုန်ကန်ခဲ့ရသည့်အကြောင်းရင်း အဖြစ်မှန်ကို ဖုံးဖိကာ မဟုတ်မမှန်သော အကြောင်းပြချက်များဖြင့် ကမ္ဘာကသိအောင် ထုတ်ဖော်ကြေညာခဲ့သည်။ ထိုသို့ ကြေညာရာတွင် အရေးတော်ပုံခေါင်းဆောင်ဆရာစံက ဘုရင်လုပ်ချင်၍ အရေးတော်ပုံဖြစ်ပွားခဲ့သယောင်ယောင် မဟုတ်မမှန် ဝါဒဖြန့်ခဲ့သည်။ ဆရာစံသည် ရှင်ဘုရင်ဖြစ်ရန် ဇာတာပါသည်ဟု အဟုတ်ယုံကြည်သူဟူ၍လည်းကောင်း၊ ဆရာစံသည် မိမိကိုယ်မိမိ ဘုရင်ဟု နှစ်ကြိမ်တိုင်တိုင် ကြေညာသည့်အပြင် သုပဏ္ဏကဂဠုန်ရာဇာဟူသော ဘုရင်ဘွဲ့အမည်ကိုလည်း ခံယူသူဟူ၍လည်းကောင်း၊ မြန်မာပြည်တွင် အရှင်ဧကရာဇ် ဘုရင်မင်းမြတ်တို့၏ အခွင့်

အာဏာကို မတရားလုယူ သိမ်းပိုက်ချင်သူဖြစ်သည်[၁] ဟူ၍ လည်းကောင်း အင်္ဂလိပ်အစိုးရက မဟုတ်မမှန် ဝါဒဖြန့်ပြောဆိုခဲ့သည်။ အင်္ဂလိပ်အစိုးရသည် ဆရာစံ၏လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းအား သေးသိမ်မှေးမှိန်စေရန် ရည်ရွယ်ကာ အထက်ပါကဲ့သို့ မဟုတ်မမှန် လိမ်ညာဝါဒဖြန့် ပြောခဲ့ခြင်း ဖြစ်ပေသည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ဆရာစံနှင့်အရေးတော်ပုံ ဂဠုန်တပ်သားများအား အထူးတရားရုံးများတွင် တရားစွဲဆိုခဲ့ရာ၌ သက်သေခံပစ္စည်းများကို တင်ပြခဲ့ကြသည်။ ထိုအထဲတွင် စာရွက်စာတမ်း သက်သေခံပစ္စည်းများလည်း ပါသည်။ အစိုးရက စာရွက်စာတမ်း သက်သေခံပစ္စည်း 'C' နှင့် 'G' ကို တင်ပြခဲ့သည်။ သက်သေခံပစ္စည်း 'C' မှာ အစိုးရသက်သေတစ်ဦး၏ ဖြောင့်ချက်ဖြစ်သည်။ ဖြောင့်ချက်တွင် အောက်ပါအတိုင်း ပါရှိသည်။

အင်းစိန်ခရိုင် ရွှေနားကွင်းရွာ၊ ဝံသာနုအသင်းဥက္ကဋ္ဌ ဆရာစံအိမ်တွင် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် ပြုလုပ်သည့် အစည်းအဝေးတွင် ဆရာစံက သဘာပတိအဖြစ် မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ လူခွန်တော် ကောက်ခံရာ၌ စစ်သားများက ရွာသူရွာသားများအား နှိပ်စက်ခဲ့ကြကြောင်း၊ ဤနှစ်တွင် စပါးဈေး၊ ဆန်ဈေး၊ အလွန်ညံ့ဖျင်း၍ ဆင်းရဲသားတို့မှာ အတိဒုက္ခနှင့် တွေ့ကြုံရသဖြင့် လူခွန်တော်နှင့် အခြားအခွန်တော်များကို ထမ်းဆောင်နေရခြင်းမှ ကင်းလွတ်ရန် ပုန်ကန်ထကြွသင့်ကြောင်း၊ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်မှစ၍ သူပုန်ထကြွသင့်

၁။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၄၁–၄၂။



သည်ဟု ဆရာစံက ပြောဆိုကြောင်း အစိုးရသက်သေက ဖြောင့်ချက်ပေးခဲ့သည်။

သက်သေခံပစ္စည်း 'G' မှာ ဆရာစံက အလံတောင်မှနေ၍ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်က ထုတ်ပြန်သော ကြေညာချက်ဖြစ်သည်။ ဆရာစံက မြန်မာပြည်၌နေထိုင်ကြသော အမျိုးသားအပေါင်းတို့ "ငါသည် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ၊ မြတ်စွာဘုရား သာသနာတော်မြတ်၏ အကျိုးစီးပွားအလို့ငှာ ယခု စစ်ထိုးရခြင်းဖြစ်သည်၊ ပြည်သူတို့ကို ညှင်းဆဲလို၍ စစ်ထိုးသည်မဟုတ်၊ အင်္ဂလိပ်လူမျိုးသာလျှင် ငါတို့၏ရန်သူဖြစ်သည်"ဟု ပြောဆိုကြောင်း ကြေညာချက်တွင် ဖော်ပြထားပေသည်။

အထူးတရားရုံးတွင် အင်္ဂလိပ်အစိုးရက တင်ပြသော သက်သေခံပစ္စည်း 'C' နှင့် 'G' တို့တွင် ဖော်ပြထားသော ဆရာစံ၏ မိန့်ခွန်းနှင့် ထုတ်ပြန်ကြေညာချက်တို့ကို ထောက်ရှုကြည့်လျှင် ဆရာစံသည် ရှင်ဘုရင်လုပ်ချင်၍ ပုန်ကန်ထကြွမှု ပေါ်ပေါက်အောင် ပြုလုပ်ခဲ့ခြင်း မဟုတ်ပေ။ သို့ရာတွင် အင်္ဂလိပ်အစိုးရက ဆရာစံသည် ရှင်ဘုရင်လုပ်ချင်၍ ပုန်ကန်ထကြွမှုပေါ်ပေါက်ခဲ့သယောင်ယောင် မဟုတ်မမှန်လုပ်ကြံကာ ကမ္ဘာသို့ကြေညာခဲ့ခြင်းဖြစ်သည်။

အင်္ဂလိပ်အစိုးရသည် တောင်သူလယ်သမားအရေးတော်ပုံ ဂဠုန်တပ်သားများအား လက်နက်အင်အား၊ လူအင်အားသုံးကာ ဖြိုခွင်း၍အားမရသေးသဖြင့် လှည့်ဖြားမှု ပရိယာယ်အမျိုးမျိုးသုံးကာ နှိမ်နင်းရန် ကြိုးပမ်းကြပြန်ပါသည်။ အစိုးရသည်

လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမျိုးမျိုးထုတ်ပြန်ကြေညာကာ တော်လှန်ပုန်ကန်သူများအား အပြစ်မှလွတ်ငြိမ်းချမ်းသာခွင့် ပေးတော့မယောင်ယောင်ဖြင့် မလိမ့်တပတ်လုပ်ခဲ့သည်။ ထို့ပြင် ရွှေပြည်အေးအဖွဲ့ဝင် သံဃာတော်များထံ ချဉ်းကပ်၍ အရေးတော်ပုံ ဂဠုန်တပ်သားများ၊ လက်နက်ချလာစေရန် ဟောပြောဖို့ လျှောက်ထားခဲ့သည်။

အစိုးရ၏လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြောင့်လည်း ကောင်း၊ ရွှေပြည်အေးအဖွဲ့ဝင် သံဃာတော်များက ဟောပြောသဖြင့်လည်းကောင်း၊ အရေးတော်ပုံ ဂဠုန်တပ်သားများ လက်နက် ချဝင်ရောက်လာခဲ့ကြသည်။ ထိုအခါ အစိုးရက အရေးတော်ပုံ ဂဠုန်တပ်သားများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးရမည့်အစား လွတ်ငြိမ်းချမ်းသာခွင့်မပေးဘဲ အိန္ဒိယရာဇသတ်ပုဒ်မ ၁၂၀၊ ၁၂၁၊ ၁၂၂ တို့အရ တရားစွဲဆိုခဲ့ကြသည်။ ယင်းသို့ တရားစွဲသဖြင့် လွတ်သူ နည်းပါးပြီး သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် စသည်ဖြင့် အမျိုးမျိုးခံကြရသူက များပေသည်။

နယ်ချဲ့အစိုးရသည် အရေးတော်ပုံ ဂဠုန်တပ်သားများ အား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု ၁၉၃၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ခဲ့သည်။ ကြေညာချက်တွင် -

(၁) သူပုန်ခေါင်းဆောင် မဟုတ်သူ၊

(၂) လူသတ်မှုကို ကျူးလွန်ခြင်းမပြုသူ၊

(၃) ကြီးလေးသော ရာဇဝတ်မှုများတွင် ကိုယ်တိုင် မပါဝင်သူ၊



(၄) သူပုန်ထကြွခြင်းကို လုံးဝဥဿုံသိသမျှ အကုန်ပြော မည့်သူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု ဖော်ပြထားပေသည်။[2]

အဆိုပါကြေညာချက်မှာ အင်္ဂလိပ်အစိုးရက လိုသလို ဆွဲယူ၍ ရနိုင်သောအချက်များ ဖြစ်နေသဖြင့် အရေးတော်ပုံ တပ်သားများအနေဖြင့် အဆိုပါအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အား ယုံကြည်ရန် အခက်တွေ့နေကြပေသည်။ ထိုစဉ် အစိုးရက နောက်ထပ်လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ရပ်ကို ၁၉၃၁ ခုနှစ်၊ ဇူလိုင်လတွင် ထပ်မံကြေညာခဲ့ပြန်သည်။ ကြေညာ ချက်တွင် -

“အစိုးရ အမှုထမ်း၊ အရာထမ်း၊ အစိုးရအား သစ္စာရှိသော ရွာသူရွာသားများအား သတ်ရာတွင် ကိုယ်ထိလက်ရောက်ပါဝင် ခြင်း မပြုသူမှန်သမျှ လက်နက်ချ ဝင်ရောက်လာပါက လွတ်ငြိမ်း ချမ်းသာခွင့် ပြုမည်ဖြစ်ကြောင်း သို့သော်လည်း အစိုးရအနေဖြင့် မည်သည့်သူပုန်ကိုမဆို တရားစွဲဆိုလိုပါက တရားစွဲဆိုနိုင်သည်”[3] ဟု ဖော်ပြထားသည်။

အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ထုတ်ပြန် ကြေညာထားစဉ် တစ်ဖက်တွင်လည်း အရေးတော်ပုံဂဠုန်တပ် ဖွဲ့ဝင် အင်အားစုများသည် အစိုးရက စစ်တပ်အင်အားဖြင့် တိုက်ခိုက်ခြင်းခံရသဖြင့်လည်းကောင်း၊ ခေါင်းဆောင်ဗိုလ်များ ကျဆုံးသဖြင့်လည်းကောင်း၊ တောတောင်စိမ့်စမ်းထဲတွင် ခိုအောင်း

၂။ ပျော်ဘွယ်သခင်ဗဆွေ၊ ဗမာ့ပုန်ကန်မှုများ၊ စာ-၁၃၄၊ ၁၃၅။

၃။ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ၊ စာ-၁၆၂။

နေရသောကြောင့် ရောဂါစွဲကပ်လာကြသဖြင့်လည်းကောင်း၊ အင်အားချည့်နဲ့နေကြရာ အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ထွက်ပေါ်လာသောအခါ ဂဠုန်တပ်ဖွဲ့ဝင် အများအပြား လက်နက်ချ ဝင်ရောက်လာခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့ကို အစိုးရက ပြန်လွှတ်မပေးဘဲ ချုပ်နှောင်ထားပြီး စစ်ဆေးခဲ့ကြသည်။ ထို့နောက် ရုံးတင်၍တရားစွဲဆိုရာ လွတ်မြောက်သူနည်းပါးပြီး သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် စသည်ဖြင့် အမျိုးမျိုးခံခဲ့ကြရသည်။[၄] အင်္ဂလိပ်အစိုးရက လွတ်ငြိမ်းချမ်းသာခွင့် အမိန့်များ ထုတ်ပြန်ကာ လိမ်လည်လှည့်ဖြားခြင်းဖြင့် အားမရသေးပေ။

အစိုးရသည် ပရိယာယ်ဖြင့် ဗုဒ္ဓသာသနာတော်အတွင်းမှ သံဃာတော်များထံ ချဉ်းကပ်စည်းရုံးခဲ့ကြပြန်သည်။ ထိုအခါ မြန်မာပြည်၊ မြန်မာလူမျိုးအသင်းက အရေးပေါ်အစည်းအဝေး တစ်ရပ်ကို ခေါ်ယူကာ သာယာဝတီအရေးတော်ပုံ အေးချမ်းရေး အတွက် ဆောင်ရွက်ပေးရန် အလယ်တောရဆရာတော်ထံ လျှောက်ထားခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၃၁ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ ညနေ ၆ နာရီအချိန်တွင် အလယ်တောရကျောင်းတိုက်၌ ဆရာတော်သံဃာတော်များ အရေးပေါ်စည်းဝေးခဲ့ကြသည်။ အစည်းအဝေးတွင် အရေးတော်ပုံ ငြိမ်းချမ်းသွားစေရန်အတွက် သံဃာတော်များပါ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။ ဆရာတော်များဦးဆောင်ပြီး ရွှေပြည်အေးတရားဟောရန် ရွှေပြည်အေးအဖွဲ့ကိုပါ ဖွဲ့စည်းခဲ့ကြသည်။ ရွှေပြည်အေးအဖွဲ့က ဦးဆောင်၍နေရာအနှံ့ လိုက်လံဟောပြောခဲ့ကြသည်။ ထိုသို့

၄။ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ၊ စာ-၁၆၆။



ဟောပြောခဲ့သဖြင့် ၁၉၃၁ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၌ သာယာဝတီတွင် ပထမဦးဆုံး အရေးတော်ပုံဂဠုန်တပ်သား ၁၄ ယောက် လက်နက်ချ ဝင်ရောက်ခဲ့သည်။[၅]

ယင်းကဲ့သို့ ရွှေပြည်အေးအဖွဲ့ဝင် သံဃာတော်တို့၏ ဟောပြောမှုကြောင့် သူပုန်တပ်ဖွဲ့ဝင် အမြောက်အမြားသည် နေ့စဉ်နှင့်အမျှ အစိုးရထံ လာရောက် လက်နက်ချခဲ့ကြသည်။ ဟင်္သာတနယ်တွင် အင်းကောက်ဆရာတော်ကြီး၏ ဩဝါဒကြောင့် အရေးတော်ပုံ ဂဠုန်တပ်သား ၆၀၀ ကျော် လက်နက်ချဝင်ရောက်လာခဲ့သည်။ ထိုအခါ ဟင်္သာတခရိုင် ရာဇဝတ်တရားသူကြီးက ဂဠုန်သူပုန်တို့အား လက်မှတ်များထုတ်ပေးကာ လွှတ်ထားခဲ့သည်။ မကြာမီ ထိုသို့လွှတ်ထားရာမှ ထိုသူများအား ရာဇဝတ်ဝန်ကြီးက ပြန်၍ ဖမ်းဆီးခဲ့ပြန်သည်။ လက်နက်ချ ဝင်ရောက်လာကြသော ဂဠုန်သူပုန်များအရေးနှင့် ပတ်သက်ပြီး ဟင်္သာတအမတ် ဦးဘမြင့်က ဘုရင်ခံထံ ကြေးနန်းရိုက်၍လွှတ်ပေးရန် တောင်းဆိုကြည့်သေး၏။ သို့ရာတွင် အစိုးရက ထိုသူများအား ပြန်မလွှတ်ချေ။[၆] ပုဒ်မ ၁၂၀၊ ၁၂၁၊ ၁၂၂ တို့အရ တရားစွဲဆိုခံကြပေရာ သူပုန်တို့မှာ သေဒဏ် တစ်သက်တစ်ကျွန်း အပြစ်ဒဏ်တို့ကို အပေးခံရသည်။

ရွှေပြည်အေးအဖွဲ့ဝင် သံဃာတော်များကြောင့် လက်နက်ချဝင်ရောက်လာသူများကို အစိုးရက လွတ်ငြိမ်းချမ်းသာခွင့် မပေးဘဲ တရားစွဲအပြစ်ပေးခဲ့ခြင်းဖြင့် ရွှေပြည်အေးအဖွဲ့ဝင် သံဃာတော်များ၏ ဝိနည်း၊ သိက္ခာတော်တို့ကို ညှိုးနွမ်းစေရာ

၅။ စိုးရှိန်၊ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ မှတ်တမ်း၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၁၀၅)၊ မတ်လ ၁၉၆၉ ခုနှစ်၊ စာ-၁၀၄။
၆။ ပျော်ဘွယ်သခင်ဗဆွေ၊ ဗမာ့ပုန်ကန်မှုများ၊ စာ-၁၄၀။

ရောက်ပေသည်။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူတို့မှာ ယင်းဖြစ်ရပ်အတွက် များစွာယူကြုံးမရဖြစ်ခဲ့ကြရသည်။ ဗုဒ္ဓဘာသာ သာသနာတော်အတွင်း၌ပင် အင်္ဂလိပ်အစိုးရ၏ ကောက်ကျစ်စဉ်းလဲပုံများကို အထင်အရှား တွေ့ရသည်။ ရွှေပြည်အေးအဖွဲ့ဝင် သံဃာတော်များနှင့် မြန်မာလူကြီးများက ယင်းကိစ္စအား လက်မလျှော့သေးဘဲ ဆက်လက်ကြိုးစားကာ အစိုးရအား တောင်းဆိုချက်တချို့ကို တောင်းဆိုခဲ့ကြသည်။ အဆိုပါ တောင်းဆိုချက်မှာ -

(၁) ခြွင်းချက်များ ကျပ်တည်းစွာ မထားရန်၊

(၂) ခေါင်းဆောင်ဗိုလ်အမည်များကို ရွေးထုတ်ကြေညာရန်၊

(၃) ထကြွရေးကို အကြောင်းပြု၍ လူသတ်မှု၊ ဓားပြမှု၊ ကျူးလွန်သူမှန်သမျှအားလုံးကို လုံးဝလွှတ်ပစ်ရန်တို့ ဖြစ်ကြသည်။

သို့ရာတွင် ဘုရင်ခံသည် ရွှေပြည်အေးအဖွဲ့ဝင် သံဃာတော်များနှင့် မြန်မာလူကြီးများ၏ တောင်းဆိုချက်များအား မလိုက်လျောခဲ့ချေ။

အင်္ဂလိပ်အစိုးရက တောင်သူလယ်သမားအရေးတော်ပုံ ဖြစ်ပွားခဲ့ရသည့် အကြောင်းရင်းများနှင့်ပတ်သက်၍ အစီရင်ခံစာများ ရေးသားဖော်ပြခဲ့သည်။ ယင်းသို့ ရေးသားဖော်ပြရာ၌ အင်္ဂလိပ်အစိုးရ၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ဆရာစံဦးဆောင်သော တောင်သူလယ်သမားများက အစိုးရအား တော်လှန်တိုက်ပွဲဝင်ခဲ့ရသည်ဆိုသည့် အကြောင်းရင်း အဖြစ်မှန်များကို ကမ္ဘာက



မသိစေလိုသဖြင့် ဖုံးဖိကွယ်ဝှက်ကာ မဟုတ်မမှန်သော အကြောင်းများကိုသာ ကမ္ဘာကသိအောင် ထုတ်ဖော်ကြေညာခဲ့သည်။[၇]

၁၉၃၁ ခုနှစ်၊ မတ်လ ၂၆ ရက်၌ စုံထောက်ဌာနက တင်သွင်း၍ ၁၉၃၁ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ မစ္စတာလိချ်၏ အိန္ဒိယနိုင်ငံတော် အစိုးရမင်းတို့ထံ ပေးပို့လိုက်သော အစီရင်ခံစာတွင် သာယာဝတီနယ်၌ သူပုန်ထကြွမှုဖြစ်ပွားရခြင်း အကြောင်းရင်းမှာ အောက်ပါအကြောင်းများဖြစ်သည်ဟု ဖော်ပြထားပါသည်။

၁။ ဝံသာနုခေါင်းဆောင်များနှင့် အသင်းသားများဖြစ်ကြသော ဘုန်းကြီးနှင့်လူ နှစ်ဦးစလုံး၏အကူအညီဖြင့် ဆရာစံက စီစဉ်၍ ဂျီစီဘီအေ (စိုးသိန်း) နှင့် သံဃသာမဂ္ဂီအသင်းချုပ် ခေါင်းဆောင်များက တိတ်တဆိတ် အားပေးအားမြှောက်ပြုကာ အစိုးရကို တော်လှန်ရန် ပူးပေါင်းကြံစည်မှု၊

၂။ အပျော်တမ်းအဖွဲ့ဟူသော အသွင်အပြင်ဖြင့် စီမံလျက် ဆရာစံက ဖွဲ့စည်းသည့် ဂဠုန်အသင်းများဖြစ်သော ဂျီစီဘီအေ အပျော်တမ်းအဖွဲ့ စီမံဖွဲ့စည်းမှု၊

၃။ အပြင်းအထန် ထိခိုက်နာကျင်စေမှု၊ တရားမဲ့ ပြုကျင့်မှုနှင့် အမိန့်အာဏာကို မရိုမသေ မခန့်မညားပြုလုပ်မှုများကို ဘိုးဘွားမိဘလက်ထက်က ဆင်းသက်၍ ပြုကျင့်လိုသော သာယာဝတီနယ်သားတို့၏ စိတ်သဘော။

---

၇။ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ၊ စာ-၄။

၄။ သာယာဝတီစီရင်စုနယ်တွင် လွန်ခဲ့သော အချို့နှစ်များကပင် ထူးခြားထင်ရှားသည့် အချက်တစ်ချက်ဖြစ်သော အခွန်တော်များ ထမ်းဆောင်ရန် စွဲစွဲမြဲမြဲ မနှစ်မြို့ မကြည်ဖြူသောစိတ်။

၅။ မြန်မာလူမျိုးတို့ တိုင်းရေးပြည်ရေးဆောင်ရွက်မှုတွင် ဆူဆူပူပူ ပြုလုပ်တတ်သူ ဦးဥတ္တမကဲ့သို့သော ဂျီစီဘီအေနှင့် သံဃသာမဂ္ဂီအသင်းချုပ် ခေါင်းဆောင်တို့က တရားမဲ့ပြုကျင့်ခြင်းနှင့် အစိုးရကို တော်လှန်စေရန် နှိုးဆော်ခြင်းအမှုများ ပြုလုပ်လိုသော စိတ်ကို အစဉ်တစိုက် မွေးမြူအားပေးခြင်း။

၆။ မိမိတို့အား ရှိန်းပြီးစေနိုင်ရန် ဂဠုန်ရုပ်များ ဆေးထိုးနှံခြင်း၊ ဆေးဝါးများနှင့် အင်းအိုင်ခလှဲ့ လက်ဖွဲ့စသည်များဖြင့် ဆရာစံကဲ့သို့သော ယုံကြည်လောက်အောင် ပြောတတ်သည့် တတ်စွမ်းဟန်ဆောင်သူများက လိမ်လည်လှည့်ဖြားခြင်းကို အလွယ်တကူနှင့် ခံရသူတို့၏ အသိဉာဏ် နည်းပါးခြင်း၊ လိမ်လည်ခံရလောက်အောင် ရိုးအခြင်းနှင့် မယုံကြည်တန်သော အရာများ၌ ယုံကြည်ခြင်း။"[၈]

အထက်ဖော်ပြပါ အကြောင်းများကြောင့် သာယာဝတီနယ်တွင် သူပုန်ထကြွမှုဖြစ်ပွားခဲ့ရသည်ဟု မစ္စတာလိချ်၏ အစီရင်ခံစာ၌ မဟုတ်မမှန် ရေးသားဖော်ပြထားပေသည်။ စင်စစ်တွင်မူ

၈။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ-၁။



တောင်သူလယ်သမား အရေးတော်ပုံကြီး ဖြစ်ပွားခဲ့ရသည့် အကြောင်းရင်းအမှန်မှာ ဤသို့ဖြစ်ပေသည်။

ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် မြန်မာနိုင်ငံတွင် စပါးဈေးများ အလွန်ကျဆင်းလာသဖြင့် တောင်သူလယ်သမားများမှာ ဆင်းရဲကျပ်တည်းလာကြသည်။ တစ်ဖက်တွင်လည်း ချစ်တီးကုလားအကြွေးကြောင့် လယ်သမားများမှာ ဒုက္ခပင်လယ်ဝေခဲ့ရသည်။ ထို့ပြင် အင်္ဂလိပ်အစိုးရကလည်း သီးစားခနှင့် အခွန်တော်များကို အကြမ်းဖက်ကာ တောင်းခဲ့ကြသည်။ အခွန်တော်မပေးနိုင်သော တောင်သူလယ်သမားများ၏ပစ္စည်းများကို လေလံပစ်သည်အထိ ရက်စက်ခဲ့ကြသည်။ ထို့ကြောင့် တောင်သူလယ်သမားများမှာ မခံမရပ်နိုင်ဖြစ်သည်က တစ်ကြောင်း၊ မျိုးချစ်စိတ်ဓာတ်ပြင်းထန်လာခဲ့သည်က တစ်ကြောင်း၊ ဦးဆောင်မည့် ခေါင်းဆောင်ပေါ်လာသည်က တစ်ကြောင်းတို့ကြောင့် အသက်ရှင်ပြီး ဆင်းရဲငတ်ပြတ်ကာ သူ့ကျွန်ဘဝတွင် နေရသည်ထက် လက်နက်ကိုင်တော်လှန်တိုက်ခိုက်ရင်း သေရသည်က မြတ်သည်ဟု ခံယူလျက် ဆရာစံဦးဆောင်ကာ တောင်သူလယ်သမားတို့က အင်္ဂလိပ်အစိုးရအား တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်ပေသည်။

နောင်တွင် အင်္ဂလိပ်အစိုးရက ဆရာစံနှင့် အရေးတော်ပုံ ဂဠုန်တပ်သားကြီးများအား အထူးတရားခုံရုံးများတွင် တရားစွဲဆိုခဲ့သည်။ ထိုအခါ တရားရုံး တရားဝန်ကြီးတို့က စီရင်ချက်များ ချမှတ်ရာ၌ ဤပုန်ကန်မှုတွင် ခေါင်းဆောင်ဗိုလ်လုပ်သူတို့က လက်အောက်ငယ်သားများအား သူပုန်ထကြွမှုထဲသို့ပါဝင်ရန် အတင်းအကျပ်ပြုလုပ်ခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့်သာ

သူပုန်ထကြွမှုထဲသို့ မပါဝင်လိုဘဲ ပါဝင်ခဲ့ရသည်ဟု အောက်ပါအတိုင်း မဟုတ်မမှန် မှတ်ချက်ချခဲ့ကြသည်။

> "အမှုအားလုံး၌ လက်အောက်ငယ်သားများ၏ သဘောတူခြင်းမှာ အလိုအလျောက် သဘောတူသည့် လက္ခဏာမရှိချေ၊ အချို့သောအမှုများတွင် ခေါင်းဆောင်ဗိုလ်လုပ်သူတို့က လက်အောက်ငယ်သားများအား အပြင်းအထန် ခြိမ်းခြောက်ကြောင်း ယုံမှားဖွယ်မရှိပေ၊ များစွာသော အချက်တို့တွင် ရုံးတော်ရှေ့ ယခုရောက်နေသော ရွာသားတို့မှာ အလွန်အမင်းကြောက်ရွံ့အောင် ခြိမ်းခြောက်ခြင်း၊ သူပုန်ထကြွမှုတွင် ခေါင်းဆောင်သူတို့က လိမ်လည်လှည့်ဖြားခြင်းကြောင့်သာ မဟုတ်ခဲ့ပါမူ ၎င်းသူပုန်ထကြွမှု၌ ပါဝင်မည်မဟုတ်ချေ"[၉]

ဤကဲ့သို့ တရားရုံးတရားဝန်ကြီးတို့က မဟုတ်မမှန် မှတ်ချက်ချခဲ့ခြင်းဖြင့် ဆရာစံနှင့်တကွ အရေးတော်ပုံခေါင်းဆောင်များအပါအဝင် အရေးတော်ပုံဂျူန်တပ်သားကြီးများ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအား သေးသိမ်မှေးမှိန်သွားစေရန် ပြုလုပ်ခြင်းသာ ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

၀၀၀

၉။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၄၆။

## အခန်း (၈)

## အရေးတော်ပုံကာလအတွင်းက အင်္ဂလိပ်အစိုးရ၏ ရက်စက်မှုများ

တောင်သူလယ်သမားအရေးတော်ပုံကြီး၏ ဒုတိယကာလဖြစ်သည့် ၁၉၃၁ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လများတွင် အင်္ဂလိပ်အစိုးရက အရေးတော်ပုံတပ်ဖွဲ့ဝင်များအား ရက်ရက်စက်စက်နှိမ်နင်းခဲ့ကြသည်။ အစိုးရစစ်တပ်၊ စစ်ပုလိပ်တို့က အရေးတော်ပုံ၌ ပါဝင်ခဲ့ကြသောကျေးရွာများကို မီးရှို့ခဲ့ကြသည်။ အရေးတော်ပုံထဲ မပါဝင်သော်လည်း အရေးတော်ပုံတပ်သားများနှင့် ဆက်သွယ်သည်၊ အရေးတော်ပုံတပ်သားများကို အားပေးသည်ဟုဆိုကာ ကျေးရွာသူကျေးရွာသားများကို အစုလိုက်အပြုံလိုက် ဖမ်းဆီးကာ ထောင်ချခဲ့ကြသည်။ အစိုးရက ရက်ရက်စက်စက် ပြုလုပ်ခဲ့ကြသည့် လုပ်ရပ်များအနက် တိုက်ပွဲ၌ကျဆုံးသွားသော အရေးတော်ပုံတပ်သားများ၏ခေါင်းများကိုဖြတ်ကာ လူအများ ကြောက်ရွံ့

ထိတ်လန့်စေရန် လူမြင်ကွင်းတွင်ပြသသည့် လုပ်ရပ်လည်း ပါဝင်သည်။ ဤကဲ့သို့ ခေါင်းများကိုဖြတ်ကာ လူမြင်ကွင်း၌ပြသခြင်းသည် သနားကြင်နာခြင်းကင်းမဲ့ကာ လူမဆန်သော လုပ်ရပ်ဖြစ်သဖြင့် ရက်စက်ရာကျပေသည်။

မြန်မာပြည်သူတို့သည် ၁၉၃၁ ခုနှစ်၊ ဇွန်လ ၈ ရက်ထုတ် သူရိယသတင်းစာတွင် ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည့် သူပုန်ခေါင်းပြတ်သတင်းကို တွေ့မြင်ဖတ်ရှုမိသည့်အခါ အင်္ဂလိပ်အစိုးရ၏ ရက်ရက်စက်စက်ပြုလုပ်မှုအတွက် မခံမရပ်နိုင်ဖြစ်ကြသည်။ သတင်းစာတွင် ဓာတ်ပုံနှင့်တကွ သူပုန်ခေါင်းပြတ်သတင်းပါလာသည့်အခါကျမှပင် အစိုးရ၏ ရက်ရက်စက်စက်လုပ်ရပ်များသည် ဖုံးဖိမရဖြစ်ကာ ဘူးပေါ်သလို ပေါ်လာခဲ့သည်။ အဆိုပါလုပ်ရပ်မှာ ဤသို့ဖြစ်ပေသည်။

၁၉၃၁ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ၂/၁၅ ပန်ချာပီစစ်တပ်မှ ဗိုလ်ကြီး စီအမ်လိန်းနှင့် နယ်ခြားဝန်ထမ်းဌာနမှ မစ္စတာ စတီဗင်ဆင်တို့ ခေါင်းဆောင်ကာ တပ်သား ၂၄ ယောက်နှင့် မြို့ပြ ပုလိပ်သုံးယောက်ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ပြည်ခရိုင် ပေါက်ခေါင်းမြောက်ဘက် လေးမိုင်ခန့်အကွာ ဝက်တိုးရွာတွင် သူပုန် ၃၀၀ ခန့်နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲတွင် သူပုန်အများအပြား ကျဆုံးခဲ့သည်။ ထိုအခါ အစိုးရစစ်တပ်သည် ကျဆုံးသွားသော သူပုန်အလောင်းများထဲမှ သူပုန်ခေါင်းအချို့ကို ဖြတ်ယူကာ ပြည်မြို့သို့ ယူဆောင်လာကြသည်။

အစိုးရတပ်သည် သူပုန်ခေါင်း ၁၆ ခေါင်းကို ဖြတ်ယူပြီး ချည်စောင်များဖြင့် အထုပ်နှစ်ထုပ် ထုပ်ကာ ပေါက်ခေါင်းအထိ ယူလာခဲ့ကြသည်။ ပေါက်ခေါင်းမှတစ်ဆင့် လော်လီကားဖြင့် ပြည်



မြို့ ပုလိပ်ဂတ်တဲလိုင်း စစ်ပုလိပ်များထားသော လေ့ကျင့်ရေးတပ်ထဲသို့ သယ်ဆောင်လာခဲ့ကြသည်။ ပုလိပ်ဂတ်တဲလိုင်း ရောက်သောအခါ ပြည်ခရိုင်၊ ပုလိပ်ရာဇဝတ်ဝန်ကြီး ဖေးဗီးယား (နောင်တွင် ဗိုလ်ချုပ်အောင်ဆန်းအား ဆုငွေငါးကျပ်ထုတ်သူ) က ပုလိပ်ဝန်ထောက် ယာကွတ်ခန်အား သူပုန်ခေါင်းပြတ်များကို ဓာတ်ပုံရိုက်ယူထားရန် စီစဉ်ညွှန်ကြားခဲ့သည်။

ပုလိပ်ဝန်ထောက်လည်း ခေါင်းပြတ်များကို ဓာတ်ပုံရိုက်ရန် စီစဉ်နေစဉ် ကုလားလူမျိုး အပျော်တမ်းဓာတ်ပုံဆရာ ဒါက (Durga) ဆိုသူသည် ပြည်မြို့ ပန်းတိမ်လမ်းပေါ်မှနေ၍ လေ့ကျင့်ရေးဝင်းအတွင်း စားပွဲပေါ်၌တင်ထားသော သူပုန်ခေါင်းပြတ်များကိုကြည့်နေသည့် လူအုပ်ကြီးကိုမြင်သဖြင့် အစိုးရဝန်ထမ်း ကုလားတပ်သားများနှင့် ရောနှောပြီး လေ့ကျင့်ရေးဝင်းအတွင်း ဝင်သွားကာ သူ့တွင်ပါလာသော ကင်မရာဖြင့် ဓာတ်ပုံ ငါးပုံ ရိုက်ယူခဲ့သည်။ ဓာတ်ပုံ ငါးပုံအနက် တစ်ပုံမှာ ခေါင်းပြတ်များကို စားပွဲ စွန်းအနောက်ဘက် ၁၅ ပေအကွာမှ ရိုက်ထားသောပုံဖြစ်၏။ နောက်တစ်ပုံမှာ ခေါင်းပြတ်များကို အဝေးမှနေ၍ ရိုက်ထားသော ပုံဖြစ်သည်။ နောက်နှစ်ပုံမှာ ပုလိပ်ဂတ်တဲလိုင်း အတွင်းနှင့်အပြင် တို့မှနေ၍ ခေါင်းပြတ်များကိုကြည့်နေသော လူထု၏ပုံဖြစ်ပြီး ကျန်တစ်ပုံမှာ အရပ်သားများနှင့် ပုလိပ်များ နေသော အဆောင်များ၏ပုံများဖြစ်ကြသည်။*

---

*** ဓာတိမာန် စာပေစာတမ်းများ (ဒုတိယတွဲ)၊ စာ–၁၅၉ တွင် သူပုန်ခေါင်းပြတ်များကို သူရိယသတင်းစာတိုက်မှ သတင်းထောက် ဦးပုကလေးက ဓာတ်ပုံရိုက်ယူကာ သူရိယသတင်းစာတွင် ထည့်သွင်းဖော်ပြခဲ့သည်ဟု ဖော်ပြထားပါသည်။**

ထို့နောက် ဓာတ်ပုံဆရာ ဒါကသည် ဓာတ်ပုံများကို သူငယ်ချင်း မြတင်ကိုပြရာ မြတင်က သတင်းတစ်ပုဒ်ရေးကာ ဓာတ်ပုံများနှင့်အတူ သူရိယသတင်းစာတိုက်သို့ ပို့လိုက်သည်။ မြတင်သည် သတင်းထောက်မဟုတ်ပေ။ သူရိယအပတ်စဉ်နှင့် လစဉ်ထုတ်မဂ္ဂဇင်းတွင် ဝတ္ထုတိုများ ရေးသားဖူးသူဖြစ်၏။ ဒါကသည်လည်း သတင်းထောက်မဟုတ်ပေ။ သူရိယ သတင်းစာတိုက်သို့ ဓာတ်ပုံများရိုက်ပြီး တစ်ခါတစ်ရံပို့ဖူးသော အပျော်တမ်းဓာတ်ပုံဆရာဖြစ်သည်။ ဓာတ်ပုံများကို သတင်းစာတိုက်သို့ မြတင်ပို့ပြီး သုံးရက်ခန့်အကြာတွင် သူပုန်ခေါင်းပြတ်များကို ရိုက်ထားသော ဓာတ်ပုံနှစ်ပုံနှင့်အတူ ၁၉၃၁ ခုနှစ်၊ ဇွန်လ ၈ ရက်ထုတ် သူရိယ သတင်းစာတွင် သတင်းတစ်ပုဒ်ပါလာ၏။ ထိုအခါ မြန်မာလူထုက မခံမရပ်နိုင်ဖြစ်ကာ ဆူပူကန့်ကွက်ခဲ့ကြသည်။[1] တိုက်ပွဲတွင် ကျဆုံးသွားသော သူပုန်တို့၏ခေါင်းများကို ဖြတ်ကာ လူအများ၊ မြင်တွေ့နိုင်စေရန် ပြသခြင်းမှာ ရိုင်းစိုင်းရက်စက် အကြင်နာကင်းမဲ့သော အပြုအမူမျိုးဖြစ်ကြောင်း ကန့်ကွက်ခဲ့ရာမှ ဗြိတိသျှပါလီမန်အထိ ထိုကိစ္စရောက်သွားခဲ့ပေသည်။ ထိုအခါ အစိုးရက ယင်းကိစ္စအား စုံစမ်းဖြေရှင်းခဲ့ရသည်။[2]

သူပုန်ခေါင်းပြတ်များအကြောင်း သတင်းစာတွင် ဓာတ်ပုံနှင့်တကွ ဖော်ပြသည့်အခါကျမှပင် အင်္ဂလိပ်အစိုးရသည် ဖုံးဖိမရဖြစ်ကာ ပြည်အရေးပိုင် ဦးဘတင်၊ ခရိုင်ရာဇဝတ်ဝန်ကြီး ဖေးဗီးယား၊ ဗိုလ်ကြီး စီအမ်လိန်း၊ ပုလိပ်ဝန်ထောက် ယာကွတ်ခန်၊



အပျော်တမ်း ဓာတ်ပုံဆရာ ဒါက၊ မောင်မြတင်နှင့် ပုလိပ်အင်စပက်တော် ဦးပုတို့ကို စစ်ဆေးခဲ့သည်။

ထိုသို့ အစိုးရက စုံစမ်းစစ်ဆေးခဲ့ရာ သူပုန်ခေါင်းများကို ဖြတ်ယူရန် အမိန့်ပေးပြီး ပြည်မြို့သို့ယူလာခိုင်းသော ဗိုလ်ကြီး စီအမ်လိန်းက သူပုန်ထကြွရာ၌ ပါဝင်သူများထဲတွင် မည်သည့်ရွာမှ ရွာသားများပါသည်ကို သိရှိကာ ပုလိပ်တို့က လိုအပ်သော စုံစမ်းမှုများ ပြုလုပ်ရန်အတွက် ဖြတ်ယူရခြင်းဖြစ်သည်ဟု အစစ်ခံသည်။

သူပုန်ခေါင်းပြတ်များကို ဓာတ်ပုံရိုက်ရန် စီစဉ်ညွှန်ကြားသူ ပြည်ခရိုင်ရာဇဝတ်ဝန်ကြီး ဖေးဗီးယားက ဓာတ်ပုံကောင်းရရန်အတွက် အရိပ်ထဲမှရိုက်ရမည်ကို သိသဖြင့် လိုအပ်သော အရိပ်ရမည့်နေရာကိုရွေးပြီး ဓာတ်ပုံရိုက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု အစစ်ခံသည်။

သူပုန်ခေါင်းပြတ်ကိစ္စအား စုံစမ်းစစ်ဆေးခဲ့ပြီးနောက် ၁၉၃၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက် နေ့စွဲဖြင့် ဖော်ပြခဲ့သော ပုလိပ်မှတ်တမ်းတွင် “မစ္စတာ ဖေးဗီးယားအနေဖြင့် လူအများကြောက်ရွံ့စေရန် ရည်ရွယ်၍ ခေါင်းပြတ်များကို တမင်သက်သက် လူမြင်ကွင်းမှာထားကြောင်း သက်သေခံချက် တစ်စုံတစ်ရာမရှိ” ဟု သုံးသပ်ဖော်ပြခဲ့သည်။

စင်စစ်တွင်မူ ပုလိပ်များနေသော လေ့ကျင့်ရေးဝင်းကြီးသည် ကျယ်ဝန်းပြီး ပုလိပ်များနေသော အဆောင်များ၏ဘေးဘက်နှင့် အနောက်ဘက်နေရာတို့တွင် ခေါင်းပြတ်များကိုထားကာ ဓာတ်ပုံရိုက်လျှင် ရနိုင်ပါလျက် ဖေးဗီးယားသည် အဆိုပါ အဆောင်များ၏ဘေးဘက်နှင့် အနောက်ဘက်နေရာများတွင် ဓာတ်ပုံရိုက်

၁။ ဝိဇ္ဇာဘွဲ့ရ ရဲထွဋ်လှ၊ နယ်ချဲ့တော်လှန်ဆရာစံ၊ စာ–၉၀၊ ၁၀၀။
၂။ နှစ်ငါးဆယ် ကမ္ဘာ့ရေးရာ (ဒုတိယတွဲ)၊ စာ–၁၄၆။

ရန် မစီစဉ်ဘဲ လိုအပ်သော အလင်းရောင်ရရှိရန်ဆိုသည့် အကြောင်းပြချက်ဖြင့် လူအများတွေ့မြင်နိုင်သည့်နေရာတွင် ခေါင်းပြတ်များကိုထားကာ ဓာတ်ပုံရိုက်ယူရန် စီစဉ်ခြင်းမှာ ဖေဖီးယားသည် လူအများကြောက်ရွံ့စေရန် တမင်ရည်ရွယ်၍ စီစဉ်ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ပေသည်။

နောက်ထပ်အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ရက်စက်မှုတစ်ရပ်ကို တင်ပြပါဦးမည်။ အင်္ဂလိပ်အစိုးရသည် သာယာဝတီခရိုင်အတွင်းရှိ အရေးတော်ပုံ စတင်ဖြစ်ပွားခဲ့သော ဒေသအားလုံးကို ပိုက်စိတ်တိုက်၍ နှိမ်နင်းခဲ့သည်။ ပန်ချာပီစစ်တပ်နှင့် စစ်ပုလိပ်တို့သည် ကျေးရွာများကို အမြဲတစေ လှည့်လည်ကာ အရေးတော်ပုံတပ်သားများ ခိုအောင်းနေသည်ဟု သတင်းရသောနေရာများသို့ သွားရောက်နှိမ်နင်း တိုက်ခိုက်ကြသည်။

နောက်ပိုင်းကာလ ရောက်လာသောအခါ အင်္ဂလိပ်အစိုးရသည် သူပုန်တို့စခန်းချရာ၊ ခိုအောင်းရာနေရာများသို့ သွားရောက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ စစ်ပုလိပ်စစ်သားများက ကျေးရွာပေါင်းများစွာကို သူပုန်အားပေးသည်၊ သူပုန်နှင့် ဆက်သွယ်သည်ဟု အကြောင်းပြကာ မီးရှို့ခဲ့ကြ၏။ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၅ ရက် ညတွင် သာယာဝတီနယ်ရှိ ရေတိုက်ရွာ၊ အင်းကောက်ရွာတို့ကို စစ်ပုလိပ်များက မီးရှို့ခဲ့ကြသည်။ ဒီဇင်ဘာလ ၁ ရက်တွင်လည်း ကပ္ပတိန်ကင်းနင်း ဦးဆောင် သည့် စစ်တပ်က အင်းစိန်ခရိုင်၊ ဥက္ကံအရှေ့ဘက်ရှိ ရွာတစ်ရွာကို မီးရှို့ခဲ့ကြ၏။ ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် ဒေးဒရဲအပိုင် ထန်းတောရွာ၊ ရှမ်းတဲ၊ တော့ချိုက်နှင့် မရမ်းအရှေ့ရွာများကို အင်္ဂလိပ်စစ်တပ်က မီးရှို့ခဲ့ကြသည်။ ထို့ကြောင့် ကျေးရွာများ၌ ဝမ်းစာပါမကျန် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြရာ ကျေးရွာပေါင်းများစွာမှာ အတိဒုက္ခရောက်ခဲ့ရပေသည်။[၃]



အင်္ဂလိပ်အစိုးရသည် ၎င်းတို့အား ဆန့်ကျင်သူမှန်သမျှကို နှိမ်နင်းရန် ကျေးရွာအက်ဥပဒေကိုလည်း လက်နက်သဖွယ် အသုံးပြုခဲ့သည်။ အစိုးရသည် ဓားပြအသင်းများကို လက်ခံကြောင်းသို့မဟုတ် ကူညီကြောင်းသိရသည့်ကျေးရွာများကို ကျေးရွာအက်ဥပဒေပုဒ်မ ၂၀ အရ တင်းမာစွာ အရေးယူသည့်အနေဖြင့် သာယာဝတီမြို့ရှိ သူပုန်ဘက်သို့ ပါဝင်သူတို့ကို နေရာချထားရေးစခန်းတစ်ခုသို့ ပို့ထားကြသည်။[၄]

ကျေးရွာအက်ဥပဒေပုဒ်မ ၂၀ တွင် ခရိုင်အုပ်ချုပ်ရေးမှူးသည် ကျေးရွာသူကြီး၏ သတင်းပို့ချက်အရဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သည့်နေရာတွင် နေထိုင်သူ မည်သူ့ကိုမဆို ဓားပြလုယက်သူနှင့် ကျွဲနွားတိရစ္ဆာန် ခိုးသူကို လက်ခံအကူအညီပေးသူတို့အား သတ်မှတ်ထားသော အခြားဒေသသို့ ထွက်ခွာသွားစေရန် ဆင့်ဆိုနိုင်သည်။ ၎င်းဆင့်ဆိုချက်ကို လိုက်နာရန် ပျက်ကွက်ပါက မည်သူမဆို ဒဏ်ငွေ ၅၀၀ ထိ ဖြစ်စေ၊ ထောင်ဒဏ် ၆ လ ဖြစ်စေ၊ ဒစ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဟု ပြဋ္ဌာန်းထားသည်။

---

**၃။ (က) ဦးလေးမောင်၊ မြန်မာနိုင်ငံသမိုင်း (ဒုတိယတွဲ)၊ စာ-၁၅၄။**

**(ခ) စိုးရိုန်၊ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံမှတ်တမ်း၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် (၁၀၅)၊ မတ်လ ၁၉၆၉ ခုနှစ်၊ စာ-၁၇၂-၁၇၃။**

**၄။ စစ်ကိုင်းဟန်တင်၊ မြန်မာနိုင်ငံမှတ်တမ်း (တတိယတွဲ)၊ စာ-၄၁၂။**

ထို့ကြောင့် ကျေးရွာအက်ဥပဒေပုဒ်မ ၂၀ အရ အရေးယူသည့်အနေဖြင့် သာယာဝတီနယ်မှ ဇီမ်ဇာ၊ အင်းကောက်၊ ရေတိုက်၊ ဖားရွှေကျော်၊ စီနှစ်ခွ၊ လှည်းလမ်းကူး အစရှိသော ကျေးရွာများမှ အရေးတော်ပုံဂဠုန်တပ်သားများ၏ မိသားစုဝင်များ၊ ဆွေမျိုးညာတိများနှင့် အားပေးကူညီသူဟု မသင်္ကာသူများအား အစုလိုက်အပြုံလိုက် ဖမ်းဆီးကာ သာယာဝတီမြို့၌ ပြုလုပ်ထားသော အကျဉ်းစခန်းသို့ ပို့ခဲ့ကြသည်။[၅]

အင်္ဂလိပ်အစိုးရသည် သာယာဝတီမြို့ ဘောလုံးကွင်း (ယခု ခရိုင်အားကစားကွင်း)နှင့် အနီးအနား မြေကွက်လပ်တို့တွင် တဲတန်းလျားကြီးများဆောက်လုပ်ကာ အဆိုပါကျေးရွာများမှ ဖမ်းဆီးခေါ်ဆောင်လာကြသူများအား နေရာချထားပေးခဲ့သည်။ သူပုန်အကျဉ်းစခန်းတွင် လမ်းအလိုက်ပိုင်းခြားကာ ယာယီလူကြီးများကိုလည်း ခန့်ထားကြသည်။ အကျဉ်းစခန်းရှိ အိမ်ထောင်စုဝင်များ၏ စားရေးသောက်ရေးအတွက်ကိုမူ ကန်ထရိုက်စနစ်ဖြင့် အစိုးရက စီမံထားသည်။ အကျဉ်းစခန်းသို့ ရိက္ခာပေးသွင်းရသည့် ကန်ထရိုက်တာက လိုအပ်သည့် ဟင်းသီး၊ ဟင်းရွက်များနှင့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် စသည့် မီးဖိုချောင်သုံးပစ္စည်းများကို မိသားစုဦးရေအလိုက် ခွဲဝေပေးကြသည်။[၆]

ထိုအချိန်က မျိုးချစ်စိတ်ဓာတ် ထက်သန်နေကြသည့် သာယာဝတီခရိုင်၊ စကောက် ကော်မရှင်နာဝတ်လုံ ဦးမြ (အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး သခင်မြ) နှင့် စကောက်တပ်ဖွဲ့ဝင်

---

[၅]။ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ၊ စာ-၁၅၉။
[၆]။ စိန်စိန်၊ ခရီးဝင်္ကပါ၊ စာ-၂၈-၂၉။



များကလည်း စေတနာရှင် မြို့လူထုထံမှ အလှူခံကာ ဒုက္ခသည်များအား တစ်ဖက်တစ်လမ်းမှနေကာ ကူညီခဲ့ကြသည်။ စေတနာရှင်မြို့လူထုကလည်း အိုး၊ ခွက်၊ ပန်းကန်များမှအစ မီးဖိုချောင်သုံးပစ္စည်းများအပြင် အဝတ်အထည်နှင့် စောင်များကိုပါ စေတနာထက်သန်စွာ လှူဒါန်းခဲ့ကြသည်။ စကောက်တပ်ဖွဲ့ဝင်များ အလှူခံ၍ရသော ပစ္စည်းများမှာ အဟောင်းအနွမ်းများသာ ဖြစ်ကြ၏။ ထိုအချိန်က မြန်မာတစ်နိုင်ငံလုံး စီးပွားရေးလွန်စွာကျပ်တည်းနေချိန်ဖြစ်သဖြင့် ငွေကြေးများလှူဒါန်းနိုင်သူ နည်းပါးလှပေသည်။

သူပုန် အကျဉ်းစခန်းရှိ ဒုက္ခသည်များ နာမကျန်းဖြစ်သည့်အခါ စကောက်တပ်ဖွဲ့ဝင်များက ပြုစုပေးခဲ့ကြသည်။ အရေးတကြီးလူနာများကို သာယာဝတီဆေးရုံသို့ တင်ပို့ပေးကြသည်။ သူပုန် အကျဉ်းစခန်းတွင် ဒုက္ခသည်ပေါင်း ၄၀၀ ခန့်ရှိရာ သန်သန်မာမာယောကျ်ားဟူ၍ မရှိပေ။ အမျိုးသမီးများနှင့် ကလေးငယ်များသာဖြစ်ကြသည်။ သက်ကြီးရွယ်အို အဘိုးအဘွားအချို့လည်း ဒုက္ခသည်စခန်းသို့ ပါလာကြသည်။ ကျောင်းသားအရွယ် ကလေးသူငယ် အယောက် ၇၀ ခန့်သည် သူပုန်အကျဉ်းစခန်းသို့ပါလာရာ ကလေးငယ်များ၏ စာသင်ကြားရေးကိုလည်း သာယာဝတီ စကောက်တပ်ဖွဲ့ဝင်များက တာဝန်ယူ သင်ကြားပေးခဲ့ကြသည်။

ဝတ်လုံသခင်မြနှင့် သူ၏စကောက်တပ်ဖွဲ့ဝင်များသည် သာယာဝတီမြို့ရှိ သူပုန်အကျဉ်းစခန်းရှိ ဒုက္ခသည်တို့၏ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးနှင့် ကလေးငယ်များ၏ ပညာသင်ကြားရေးများကို ကူညီစောင့်ရှောက်ပေးလာရာ သုံးလကျော်မျှ ကြာလာခဲ့ပေသည်။ သူပုန် ဆူပူမှုများလည်း ငြိမ်းအေးစ

ပြုလာပြီဖြစ်သဖြင့် အစိုးရက သူပုန်အကျဉ်းစခန်းရှိ ဒုက္ခသည်များအား နေရပ်အသီးသီးသို့ ပြန်ခွင့်ပေးခဲ့သည်။[၇]

သာယာဝတီ ဘောလုံးကွင်းအတွင်း သူပုန်အကျဉ်းစခန်းရှိ ဒုက္ခသည်များ၏ဖြစ်ရပ်မှာ လူသားချင်း စာနာမှုကင်းမဲ့သော အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ရက်စက်မှုအဖြစ် တောင်သူလယ်သမားအရေးတော်ပုံသမိုင်းတွင် မှတ်တမ်းတင်ရမည်ဖြစ်ပေသည်။

အင်္ဂလိပ်အစိုးရသည် အရေးတော်ပုံဂဠုန်တပ်ဖွဲ့ဝင်များအား နှိမ်နင်းရန် စစ်တပ်များကို ကျေးရွာများတွင် ဖြန့်ချထားသည်။ အရေးတော်ပုံလှုပ်ရှားမှုထဲ ပါဝင်သည်ဟု မသင်္ကာသော ကျေးရွာ ဂျီစီဘီအေ ဝံသာနုခေါင်းဆောင်များအား အစိုးရက ဖမ်းဆီးကာ ထောင်များတွင် ချုပ်နှောင်ထားကြသည်။

အရေးတော်ပုံလှုပ်ရှားမှုထဲ မပါဝင်သော်လည်း မြန်မာလူမျိုးတို့ ဂုဏ်ယူမြတ်နိုးတန်ဖိုးထားကာ ထိုးကွင်းအနက် ထိုးထားသူများကိုလည်း အစိုးရက သိမ်းကျုံးကာ ဖမ်းဆီးကြသည်။ အဖမ်းခံရသည့် အရေးတော်ပုံတပ်သားများကို အစိုးရက အမှုမစစ်ဘဲ ထောင်ထဲတွင် ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။[၈] သာယာဝတီဂတ်

၇။ (က) ဝိဂူရ သခင်ချစ်မောင်၊ အမျိုးသားအာဇာနည် ခေါင်းဆောင်ကြီး သခင်မြ၊ စာ–၁၂၀။
(ခ) အသက် ၇၅ နှစ်အရွယ်ရှိ သာယာဝတီမြို့၊ ဗုဒ္ဓဘာသာ၊ နေရှင်နယ်ကျောင်းမှ အငြိမ်းစားပုံဆွဲ ဆရာကြီး ဦးအုံးခင်က သူကိုယ်တွေ့အဖြစ်အပျက်ကို ၁၉၈၂ ခုနှစ်တွင် စာရေးသူအားပြောပြချက်။
၈။ ဒေါ်စန်းရွှေ၊ တောင်သူလယ်သမားအရေးတော်ပုံ၊ ပညာလောကစာစောင် အတွဲ (၉)၊ အမှတ် (၃)၊ ဇူလိုင် ၁၉၇၀ ခုနှစ်၊ စာ–၃၁။



အချုပ်တွင် တိုက်ပွဲ၌အဖမ်းခံထားရသော ဂဠုန်တပ်သားများအား ပုလိပ်ရာဇဝတ်အုပ်များက ပက်လက်လန်ကာ ဖနောင့်နှင့်နင်းဆောင့်ခဲ့ကြသည်။ ဂဠုန်တပ်ဖွဲ့ထဲ ဝင်ရောက်လာခဲ့ပုံအကြောင်းကိုလည်းကောင်း၊ ဂဠုန်တပ်တွင် သေနတ်ကိုင်သောသူအမည်နှင့် တပ်တာဝန်ခံဗိုလ်အမည်များကိုလည်းကောင်း စစ်မေးခဲ့ကြသည်။ ဤကဲ့သို့ မဖြေလျှင်သော်လည်းကောင်း၊ ဖြေသော်လည်း ကျေနပ်ဖွယ်ရာ မရှိခဲ့လျှင်သော်လည်းကောင်း၊ နယ်ချဲ့လက်ပါးစေ ပုလိပ်တို့က ဂဠုန်တပ်သားများအား ခြေထောက်နှင့်ကန်၊ ပါးရိုက် လုပ်ခဲ့ကြသည်။ နှိပ်စက်၍ တစ်နည်းရိုးလျှင် နောက်တစ်နည်းကို ပြောင်း၍ သုံးကြပြန်၏။ ကျောပြင်ကို ဒူးနှင့်တိုက်သည်။ မျက်နှာကို ရေနှင့်လောင်းသည်။ အင်္ဂလိပ်အစိုးရ၏ ရက်စက်ပုံမှာ နည်းမျိုးစုံလှပေသည်။[၉]

အရေးတော်ပုံတပ်ဖွဲ့ဝင်များက အစိုးရကင်းဂတ်များနှင့် ကျေးရွာသူကြီးများ၏ အိမ်များကို မကြာခဏ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသဖြင့် မြို့ရွာများမှာ အထိတ်တလန့် ဖြစ်နေခဲ့ကြသည်။ ထို့ကြောင့် ကြွက်မနိုင် ကျီမီးနဲ့ရှို့ဆိုသော စကားကဲ့သို့ အစိုးရသည် လက်လှမ်းမီသော ကျေးရွာများကို ပုလိပ်တပ်ဖွဲ့နှင့် စစ်တပ်များ စေလွှတ်ကာ ဂဠုန်ဆေးထိုးထားသူများ၊ တိုက်ပွဲတွင် ဒဏ်ရာရသူများနှင့် ဂဠုန်တပ်သားဟု မသင်္ကာသူများအား သိမ်းကျုံးဖမ်းဆီးခဲ့ကြသည်။[၁၀]

၉။ ရဲဘော်ဖိုးဖြူ၊ ဗြိတိသျှစိုးမိုးသူအား ကျွန်ုပ်တို့ တော်လှန်ကြစဉ်က၊ စာ–၆၄–၆၅။
၁၀။ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ၊ စာ–၁၀၆။

သာယာဝတီမှ ပုလိပ်ရာဇဝတ်အုပ်အချို့သည် သူပုန်အားပေးသည်ဟု အကြောင်းပြပြီး ကျေးရွာများအား မီးရှို့ခဲ့ကြသည်။ ထွက်ပြေးသည့် ရွာသူရွာသားများကို ပန်ချာပီ စစ်သားများက သေနတ်များဖြင့် လိုက်၍ပစ်ခတ်ကြသည်။ ပုလိပ်အရာရှိများကလည်း အရက်များမူးကာ လက်ထဲမှခြောက်လုံးပြူးသေနတ်များဖြင့် လှမ်းပစ်ကြသည်။ ထိုသို့ပစ်ခတ်ကြသဖြင့် ဒဏ်ရာရသူရကာ သေဆုံးသူများလည်း ရှိကြသည်။ ထိုအခါ ပုလိပ်အရာရှိများက အဆိုပါဒဏ်ရာရသူ၊ သေဆုံးသူများကိုကြည့်ပြီး ရယ်မောစရာအဖြစ် သဘောထားကာ ရယ်မောခဲ့ကြသည်။ အချို့ပုလိပ်စုံထောက်များကလည်း ၎င်းတို့တွင် အသင့်ပါလာခဲ့ကြသော စုတ်တံများ၊ ဆေးများဖြင့် သေနတ်ဒဏ်ရာရခဲ့ကြသူ ရွာသားများအား "သုပဏ္ဏက ဂဠုန်ရာဇာ"ဟု ပုလိပ်များကိုယ်တိုင် ထိုးကွင်းများကိုထိုးပေးပြီး ဆရာစံဂိုဏ်းသားများဟုဆိုကာ ဂတ်အချုပ်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ ဂတ်အချုပ်သို့ရောက်သောအခါ ထင်သလို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ အချို့ပုလိပ်များကလည်း ရွာသားများ၏ လက်ယာပုခုံးတို့တွင် နဂါးကို ဂဠုန်စီးနေသည့်ပုံသဏ္ဌာန် ဆေးများထိုးပြီး ဂဠုန်သူပုန်ဂိုဏ်းသားများဟု စွပ်စွဲခဲ့ကြသည်။[၁၁]

ဝဝဝ

၁၁။ လူထုဦးလှ၊ ကျွန်တော်သတင်းထောက်၊ စာ-၂၀၀-၂၀၁။





ပြည်မြို့ ဂတ်တဲဝင်းအတွင်း၌ ဂဠုန်တပ်ဖွဲ့ဝင် ကျဆုံးသူများ၏ဦးခေါင်းတို့ကို နယ်သူနယ်သားများ ထိတ်လန့်ကြောက်ရွံ့စေရန် ဤသို့ ပြသထားခဲ့သည်။ (ဤကိစ္စနှင့်ပတ်သက်၍ ဘိလပ်ပါလီမန်အထိ ရောက်ရှိခဲ့ပြီး မေးမြန်းဝေဖန်ခြင်းခံခဲ့ရလေသည်။)

**နယ်သူနယ်သားများ ထိတ်လန့်ကြောက်ရွံ့စေရန် ကျဆုံးသွားသော ဂဠုန်တပ်ဖွဲ့ဝင်တို့၏ ဦးခေါင်းများကို ဖြတ်ယူကာ ပြသထားသည့်ပုံ**

## အခန်း (၉)

# သက်သေခံပစ္စည်းများကပြောသော တောင်သူလယ်သမားအရေးတော်ပုံ

အင်္ဂလိပ်အစိုးရက စီးပွားရေးအရလည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း ဖိနှိပ်ညှဉ်းပန်းနှိပ်စက်သဖြင့် ဆရာစံဦးဆောင်သော တောင်သူလယ်သမားများက အစိုးရအား လက်နက်ကိုင် တော်လှန်ခဲ့ကြသည်။ ထိုအခါ အစိုးရက ရက်ရက်စက်စက် နှိမ်နင်းခဲ့သည်။ မြန်မာနိုင်ငံမှ ပုလိပ်တပ်ဖွဲ့နှင့်မနိုင်သဖြင့် အိန္ဒိယမှ စစ်ပုလိပ်များကိုပင် ခေါ်ယူနှိမ်နင်းခဲ့သည်။ တစ်ဖက်တွင်လည်း အဂ္ဂမဟာပဏ္ဍိတ အလယ်တောရဆရာတော်ဦးဆောင်သော သံဃာတော်များထံချဉ်းကပ်ကာ အရေးတော်ပုံ ဂဠုန်တပ်သားများအား ရှေ့ပြည်အေးတရားဟောရန် လျှောက်ထားတောင်းပန်ခဲ့သည်။ တစ်ချိန်တည်းမှာပင်

အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များကိုလည်း ထုတ်ပြန်ကြေညာခဲ့သည်။

ဤသို့ အစိုးရက စစ်တပ်အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်နှိမ်နင်းသဖြင့်လည်းကောင်း၊ သံဃာတော်များက ရှေ့ပြည်အေးတရား ဟောသဖြင့်လည်းကောင်း၊ အစိုးရက လွတ်ငြိမ်းချမ်းသာခွင့် အမိန့်များကြောင့်လည်းကောင်း ဂဠုန်တပ်သားများ လက်နက်ချ ဝင်ရောက်ခဲ့ကြသည်။ ထိုသူများကို အစိုးရက သက်ညှာစွာ စဉ်းစားဆောင်ရွက်ပေးရမည့်အစား စဉ်းစားဆောင်ရွက်မပေးဘဲ ခုံရုံးတင်ကာ တရားစွဲဆိုခဲ့ကြသည်။

အစိုးရက အကြောင်းအမျိုးမျိုးဖြင့် လက်နက်ချ ဝင်ရောက်လာသော ဂဠုန်တပ်သားများနှင့် ဖမ်းဆီးရမိသူများကို မြန်မြန်စစ်ဆေးကာ မြန်မြန်ထောင်ချလိုသဖြင့် သာမန်တရားရုံးများတွင် မစစ်ဆေးလိုပေ။ သာမန်တရားရုံးများတွင် စစ်ဆေးပါက အချိန်ကြန့်ကြာမည်ကို စိုးရိမ်သောကြောင့် သာမန်တရားရုံးများတွင် မစစ်ဆေးလိုခြင်းဖြစ်ပေသည်။

ထို့ကြောင့် အိန္ဒိယဗဟိုအစိုးရ နယူးဒေလီမှ ၁၉၃၁ ခုနှစ်၊ မတ်လ ၁၂ ရက် နေ့စွဲဖြင့် အထူးအမိန့်ပြန်တမ်းစာအမှတ်-၃ ဖြစ်သည့် မြန်မာသူပုန် (စစ်ဆေးခြင်း) အထူးအမိန့်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအမိန့်အရ နယ်ချဲ့အစိုးရ တရားရေးဌာန၏ ၁၉၃၁ ခုနှစ်၊ မတ်လ ၁၉ ရက် နေ့စွဲပါအမိန့်ကြေညာစာ-၈၁ ဖြင့် သာယာဝတီ၊ အင်းစိန်၊ ဖျာပုံခရိုင်များတွင် ဖြစ်ပွားသည့် သူပုန်ထကြွမှုများကို စစ်ဆေးရန် အထူးခုံရုံးကို ဖွဲ့စည်းခဲ့သည်။ အထူးခုံရုံးတွင် ဥက္ကဋ္ဌအဖြစ် တရားသူကြီး မစ္စတာ ကန်းလစ်ဖ်၊ အဖွဲ့ဝင်များအဖြစ် အငြိမ်းစားတရားသူကြီး ဝတ်လုံတော်ရ



မစ္စတာ ဒါဝုဒ်နှင့် ဒီစတြိတ်စက်ရှင်တရားသူကြီး ဝတ်လုံတော်ရ ဦးဘဦး (နောင်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတ ဟောင်း) တို့ ပါဝင်ကြသည်။[၁]

သာယာဝတီစီရင်စုမှ အရေးတော်ပုံတပ်သားများကို စစ်ဆေးအပြစ်ပေးနိုင်ရန် အင်္ဂလိပ်အစိုးရအလိုကျ အရာရှိများနှင့် သူကြီးများအပါအဝင် တရားလိုပြသက်သေများကို အသင့်စုဆောင်းထားကြ၏။ သာယာဝတီအကျဉ်းထောင်မှ အရာရှိကြီးများကလည်း အရေးတော်ပုံ ဂဠုန်တပ်သားများအနက် ဘုရင်ခံ၏ အမိန့်ပြန်တမ်းနှင့် ငြိစွန်းသော "က" ဂဠုန် "ခ" ဂဠုန် ဆေးထိုးထားသူများနှင့် တိုက်ပွဲမှဒဏ်ရာဖြင့် ဖမ်းဆီးရမိသူများအား စစ်ဆေးရှာဖွေကာ သီးခြားအချုပ်ခန်းများ၌ ထားကြသည်။ အမှုစစ်သည့်အခါ အဆင်သင့်ဖြစ်စေရန် ရည်ရွယ်ပြီး သီးခြားထားခြင်းဖြစ်သည်။ ဘုရင်ခံ၏အမိန့်ပြန်တမ်းတွင် -

(၁) ရင်ဆိုင်တိုက်ပွဲများတွင် ဖမ်းဆီးရမိသူ၊

(၂) "က" ဂဠုန် "ခ" ဂဠုန် ဆေးထိုးထားသူ၊

(၃) တိုက်ပွဲတစ်ခုခုမှ ဒဏ်ရာဖြင့် ဖမ်းမိသူ

များကို သေဒဏ်ပေးရမည်ဟု ဖော်ပြထားသည်။ ဘုရင်ခံအမိန့်ကို ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလက ထုတ်ပြန်ခဲ့သည်။[၂]

အစိုးရရှေ့နေကြီးများသည် အထူးတရားခုံရုံးများတွင် အရေးတော်ပုံခေါင်းဆောင် ဆရာစံနှင့် အရေးတော်ပုံတပ်သား

---

**၁။ ဝိဇ္ဇာဘွဲ့ရ ရဲထွဋ်လှ၊ နယ်ချဲ့တော်လှန်ဆရာစံ၊ နိုဝင်ဘာလ ၁၉၈၈ ခုနှစ်၊ စာ-၈၂။**

**၂။ ရဲဘော်ဖိုးဖြူ၊ ဗြိတိသျှစိုးမိုးသူအား ကျွန်ုပ်တို့တော်လှန်ကြစဉ်က၊ စာ-၆၉-၇၀။**

များအား တရားစွဲဆိုကြရာတွင် ပုန်ကန်ထကြွမှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို တင်ပြခဲ့ကြသည်။ ယင်းသက်သေခံပစ္စည်းများထဲတွင် စာရွက်စာတမ်း သက်သေခံပစ္စည်းများလည်း ပါဝင်သည်။ အစိုးရကတင်ပြခဲ့သော ပုန်ကန်ထကြွမှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများအနက် စာရွက်စာတမ်း သက်သေခံပစ္စည်းများမှာ ဆရာစံနှင့် အရေးတော်ပုံဂဠုန်တပ်သားများက အင်္ဂလိပ်နယ်ချဲ့အစိုးရအား အဘယ်ကြောင့် တော်လှန်ပုန်ကန်ခဲ့ရသည်ကို ဖော်ပြနေသော အကြောင်းရင်းအဖြစ်မှန်များဟုလည်း ဆိုနိုင်ပေသည်။

အစိုးရရှေ့နေကြီးများက သက်သေခံအဖြစ် တင်ပြခဲ့သည့် စာရွက်စာတမ်း သက်သေခံပစ္စည်းများကို A,B,C,D စသည်ဖြင့် အမှတ်အသားပြုကာ ဖော်ပြခဲ့သည်။ စာရွက်စာတမ်း သက်သေခံပစ္စည်းများမှအပ အခြားသက်သေခံပစ္စည်းများကို နံပါတ် ၁၊ ၂၊ ၃၊ ၄ စသည်ဖြင့် အမှတ်အသားပြုကာ ဖော်ပြခဲ့သည်။ သာဓကအဖြစ်ဆိုရလျှင် "အောင်မောင်း" ဟူ၍ ကမ္ပည်းထိုးထားသော မောင်းတစ်လုံးအား သက်သေခံပစ္စည်းနံပါတ် ၁၀ ဟူ၍ အမှတ်အသားပြု ဖော်ပြထားသည်။ ထို့အတူ ဂဠုန်က နဂါးအား လည်မျိုညှစ်သတ်သည့်ပုံပါသော အလံကိုလည်း သက်သေခံပစ္စည်းနံပါတ် ၉ ဟု ဖော်ပြထားသည်။

စာရွက်စာတမ်း သက်သေခံပစ္စည်းများအနက် သက်သေခံပစ္စည်း (G) မှာ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက် နေ့စွဲဖြင့် ဆရာစံက ဗုဒ္ဓရာဇာမြို့ (အလံတောင်) မှ ထုတ်ပြန်သော ကြေညာချက်ဖြစ်သည်။



၁။ မြန်မာပြည်မှာ နေထိုင်ကြသော အမျိုးသားအပေါင်းတို့ ငါသည် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ ယခု စစ်ထိုးရခြင်းဖြစ်သည်။ ပြည်သူပြည်သားတို့ကို ညှဉ်းဆဲလို၍ စစ်ထိုးသည် မဟုတ်၊ အင်္ဂလိပ်လူမျိုးသာလျှင် ငါတို့၏ရန်သူ ဖြစ်သည်။ ရန်သူကိုသာလျှင် ငါတို့ နှိမ်နင်းရမည်။ ရန်သူမှတစ်ပါး ကုလား၊ တရုတ်၊ ရှမ်း၊ ကရင် တို့ကိုလည်း ငါတို့ နှိပ်စက်ခြင်းမပြုလို၊ အင်္ဂလိပ်လခစားဖြစ်သော်လည်း လက်နက်ချ၍ဝင်လာလျှင် ငါတို့ ချမ်းသာပေးမည်။ မည်သူမဆို မှားယွင်းမိသော်လည်း မှားယွင်းကြောင်း ဝန်ခံလျှင် ချမ်းသာပေးမည်။

၂။ ဖားရွှေကျော်ရွာ၊ ရွှေညောင်ပင်ရွာ၊ လှည်းလမ်းကူးရွာတို့ကို ငါ၏စစ်သည်တော်များက မီးရှို့ရခြင်းသည် မိစ္ဆာဒိဋ္ဌိ၊ အင်္ဂလိပ်တို့ဘက်မှနေ၍ ခုခံနေသောကြောင့် မီးရှို့ရခြင်းဖြစ်သည်။ မခုခံသော မြို့ရွာတို့ကို ငါတို့ မီးရှို့ခြင်း၊ ဖျက်ဆီးခြင်းမပြုကြောင်း ပြည်သူအပေါင်းတို့ သိစေရန် အမိန့်တော် ရှိလိုက်သည်။[၃]

သုပဏ္ဏက ---------- ၁၂၉၂ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် (၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)။

စာရွက်စာတမ်းသက်သေခံပစ္စည်း (J) မှာ ဆရာစံ၏ ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်းဖြစ်သည်။ ဆရာစံသည် ဒိုင်ယာရီခေါ် နေ့စဉ်

---

**၃။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၁၁။**

မှတ်တမ်းတစ်ခုကို သုပဏ္ဏက ဂဠုန်ရာဇာအကြောင်းဟု ခေါင်းစဉ်တပ်ကာ ရေးသားခဲ့သည်။ ဆရာစံက သူ့ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်းတွင် သူပုန်ထကြွမှုအကြောင်းများကို ရေးမှတ်မထားပေ။ သူကိုယ်တိုင် ပြုလုပ်သည့် အကြောင်းအရာများ၊ အသွားအလာများနှင့်ပတ်သက်သည့် ကိုယ်ရေးကိုယ်တာ အကြောင်းများကိုသာ ရေးထားသည်။ ၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၈ ရက် (၁၂၉၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်) ရက်မှစ၍ ဆရာစံက သူ့ ဒိုင်ယာရီကို အောက်ပါအတိုင်း ရေးသားထားသည်။

- ၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၈ ရက် (၁၂၉၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်) နေ့ မော်လမြိုင်မြို့မှ ထွက်၍ သာယာဝတီ၌နေပြီးလျှင် ခတ်လုံး ထပ်မံစီရင်သည်။
- ၁၉၃၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက် (၁၂၉၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်) အင်္ဂါနေ့ ညဉ့် ၁၁ နာရီ ၃၃ မိနစ်၊ သာယာဝတီအရှေ့၊ အင်းစိန်နယ် မြစိမ်းတောင်ညိုဘုရားတွင် ပထမအကြိမ်၊ ရာဇဘိသေကတင်မြှောက်၊ သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ကို လက်ခံတော်မူသည်။ ၎င်း ညဉ့် ၁၁ နာရီ ၅၀ မိနစ် အချိန်တွင် ၎င်းဘုရား၏ခြေတော်ရင်း၌ ဆေးမျိုတော်မူသည်။
- ၎င်းလဆုတ် ၂ ရက် (၁၉၃၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်) ဥပုသ် ထွက်တော်မူသည်။
- ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက် (နတ်တော်လပြည့်ကျော် ၁ ရက်) ဗုဒ္ဓရာဇာမြို့ဟူသော မြို့သစ်တစ်မြို့ သမုတ်တော်မူသည်။



- ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက် (ပြာသိုလဆန်း ၃ ရက်) ရက် နံနက် ၉ နာရီ ၃၀ မိနစ်တွင် တဲနန်းဆောက်သည်။
- ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ မင်းကြီးဇာတာတော် မသန့်၍ ဗုဒ္ဓရာဇာမြို့မှ ထွက်တော်မူသည်။ (အင်္ဂလိပ်အစိုးရက အလံတောင်ကို ထိုနေ့တွင် တိုက်ခိုက်ခဲ့သဖြင့် ဆရာစံသည် အလံတောင်မှ ထွက်ခွာလာခဲ့သည်ကို ရည်ညွှန်းသည်။)
- ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် မြင်းခြံရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ကိုရင်အဖြစ် သင်္ကန်းစည်းသည်။
- ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်တွင် မန္တလေး၌ ရှိသည်။
- ၁၉၃၁ ခုနှစ်၊ မတ်လ ၄ ရက်၌ ရှမ်းပြည်နယ်မြောက်ပိုင်း မက်ချင်းနုသို့ ရောက်သည်။
- ၁၉၃၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်၌ ဖက်ဝမ်းစခန်းတွင် အောင်ချမ်းသာမြို့ဟူသော အမည်နာမဖြင့် မြို့သစ်တစ်မြို့ကို တည်ထောင်ပြီး တဲနန်းတစ်ခု ဆောက်သည်။
- ၁၉၃၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်တွင် သင်္ကန်းချွတ်၍ လူဝတ်တစ်ဖန်လဲသည်။ ထိုနေ့ နံနက် ၉ နာရီ ၁၀ မိနစ်အချိန်တွင် ဘုရင်ဖြစ်ကြောင်း ဒုတိယအကြိမ် ကြေညာပြီး ရာဇဘိသေက မင်္ဂလာပွဲ ကျင်းပသည်။

- ၁၉၃၁ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ နံနက် ၅ နာရီ အချိန်တွင် ကျောက်မိုးကလေးမှထွက်ခွာ၍ ကန်ကြီး ရွာအရှေ့ဘက် တောင်သုံးလုံးစပ်ကြားရှိ စမ်းတစ်ခု သို့ ဆိုက်ရောက်သည်။[၄]

စသည်ဖြင့် ဒိုင်ယာရီတွင် ရေးထားသည်။

ဆရာစံကို ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်တွင် နယ်ချဲ့ အစိုးရက ဖမ်းမိသွားသဖြင့် ၁၉၃၁ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်အထိ သာ ဒိုင်ယာရီကို ရေးသွားခဲ့ခြင်းဖြစ်သည်။

စာရွက်စာတမ်း သက်သေခံပစ္စည်း (C) မှာ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့က ရွှေနားကွင်းရွာ ဝံသာနု အသင်း ဥက္ကဋ္ဌ၊ ဆေးဆရာ ဆရာစ အိမ်တွင်ပြုလုပ်သည့် အစည်း အဝေးသို့ တက်ရောက်ခဲ့ကြသော ကိုယ်စားလှယ် ၂၀ ဦးခန့်အနက် ကိုယ်စားလှယ်တစ်ဦး၏ဖြောင့်ချက်ဖြစ်သည်။ အရေးတော်ပုံ မစတင်မီ ၁၀ ရက်အလိုက အင်းစိန်စီရင်စုနယ်ရှိ ရွှေနားကွင်းရွာ အစည်းအဝေးတွင် အင်္ဂလိပ်နယ်ချဲ့အစိုးရအား ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် တော်လှန်တိုက်ခိုက်မည်ဟု ဆရာစံက ပြောဆိုကြောင်း အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်တစ်ဦးက တရားရုံးတွင် ဖြောင့်ချက်ပေးခဲ့သည်။ ဖြောင့်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

"၎င်းအစည်းအဝေးတွင် ဆရာစံက သဘာပတိ ပြုလုပ်၍ (လာရောက်သူအားလုံးအား) ဦးစွာ ငါးပါးသီလ ပေးပြီးလျှင် သစ္စာရေကိုသောက်စေသည်။ ပြုရသည့်

၄။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ-၁၀-၁၁။



သစ္စာမှာ သူတို့ကြံစည်သည့် အကြံအစည်အကြောင်းကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပြောကြားရန် ဖြစ်သည်။ လူခွန်တော် ကောက်ခံရန်အချိန်သည် ထိုအခါက လျင်မြန်စွာ နီးကပ်လာကြောင်း ဆရာစံက ပြောဆိုလေသည်။ လွန်ခဲ့သည့်ကာလက သာယာဝတီ စီရင်စုနယ်တွင် လူခွန်တော်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ စစ်သားများက ရွာသူရွာသားများအား နှိပ်စက်ခြင်းအကြောင်းကို ဆရာစံက ပြန်၍ပြောပြပြီးလျှင် ဤနှစ်တွင် စပါးဈေး၊ ဆန်ဈေး၊ အလွန်ညံ့ဖျင်း၍ ဆင်းရဲသားတို့မှာ အတိဒုက္ခနှင့် တွေ့ကြုံရသည်ဖြစ်သဖြင့် လူခွန်တော်နှင့် အခြားအခွန်တော်များကို ထမ်းဆောင်ရခြင်းမှ ကင်းလွတ်ရန် ပုန်ကန်ထကြွသင့်ကြောင်းဖြင့် ပြောဆိုလေသည်။ မည်သည့်အခါကာလမှစ၍ သူပုန်ထကြွမည်နည်းဟု ဆရာစ ကမေးမြန်းသောအခါ ပြာသိုလဆန်း ၄ ရက် (၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်) နေ့ကစ၍ နှောင့်နှေးခြင်းမရှိစေဘဲ သူပုန်ထကြွသင့်သည်ဟု ဆရာစံ က ပြန်ပြောလေသည်။ မည်ကဲ့သို့ သူပုန်ထကြွမှုကို စတင် ပြုလုပ်ရမည်နည်းဟု ဆရာစ တစ်ဖန်မေးမြန်းသောအခါ အချို့က မီးရထားလမ်းများကို ဖယ်ရှား၍ အချို့က ကြေးနန်းကြိုးများကို ဖြတ်ရမည့်အပြင် ရွာသူကြီးများထံမှ သေနတ်များကို လုယူရမည်။ ဤနည်းဖြင့် သူပုန်ထကြွမှုကို စတင်ပြုလုပ်ရမည်ဟု ဆရာစံက ပြန်ပြောလေသည်။ ဗုဒ္ဓရာဇာမြို့ကို ဆောက်လုပ်ထားပြီးဖြစ်သဖြင့် ကျွန်ုပ်တို့ ဘာမျှ ကြောက်စရာမလိုဟု ဆရာစံက

နောက်ထပ်ပြန်ပြောလေသည်။ ထို့နောက် လာရောက်သူ ခေါင်းဆောင်အားလုံး မိမိတို့နှင့်ဆိုင်ရာ နယ်အသီးသီး တွင် လူများစုဆောင်း၍ ပြာသိုလဆန်း ၄ ရက် (၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်) ညဥ့်တွင် ရွှေနားကွင်း ရွာသို့ ရောက်အောင်လာမည်ဟု ဆရာစံက ပြောဆိုလေ သည်။ လာရောက်သူ ခေါင်းဆောင်အားလုံးကလည်း သဘောတူညီပြီးလျှင် မိမိတို့၏ နေရာဌာနအသီးသီးသို့ ပြန်ကြလေသည်။[၅]

အထက်ဖော်ပြပါ သဘာပတိအဖြစ် ဆရာစံပြောကြား ခဲ့သော မိန့်ခွန်းကို ထောက်ရှုကြည့်လျှင် တောင်သူလယ်သမား များက အင်္ဂလိပ်အစိုးရအား တော်လှန်ပုန်ကန်ရသည်မှာ လူခွန် တော် ကောက်ခံရာ၌ စစ်သားများက ရွာသူရွာသားများကို နှိပ်စက် ခဲ့သဖြင့်လည်းကောင်း၊ စပါးဈေး၊ ဆန်ဈေး မကောင်းသဖြင့် တောင်သူလယ်သမား ဆင်းရဲသားများ အတိဒုက္ခရောက်ခဲ့သဖြင့် လည်းကောင်း တော်လှန်ပုန်ကန်ရခြင်းဖြစ်ပေသည်။

အထူးတရားရုံးတော်တွင် အစိုးရရှေ့နေကြီးများက သက်သေခံအဖြစ် တင်ပြခဲ့သော သက်သေခံ ပစ္စည်းများအနက် စာရွက်စာတမ်း သက်သေခံပစ္စည်း (A, F နှင့် H) တို့မှာ အရေးတော်ပုံတပ်သားများ သစ္စာပြုကြရသည့် ကျမ်းသစ္စာကျိန်ဆို လွှာများ ဖြစ်ကြသည်။ (ကျမ်းသစ္စာကျိန်ဆိုလွှာများတွင် ထင်ဟပ် သော ဂဠုန်တပ်သားကြီးများ၏ မျိုးချစ်စိတ်ဓာတ်အခန်း၌ ဖော်ပြ ထားပြီး ဖြစ်ပါသည်။)

---

၅။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ-၅-၆။



စာရွက်စာတမ်း သက်သေခံပစ္စည်း D မှာ စာရင်းစာအုပ် တစ်အုပ်ဖြစ်သည်။ အဆိုပါ စာအုပ်တွင် အစည်းအဝေးအရပ်ရပ် တွင် ပါဝင်ခဲ့ကြသူများ၏ အမည်များကိုလည်းကောင်း၊ သူပုန် လူစုတွင်ပါဝင်သည့် တပ်များကိုလည်းကောင်း ဖော်ပြထားသည်။ ၎င်းအပြင် သူပုန်ရန်ပုံငွေများအား အစည်းအဝေးအရပ်ရပ်က ပေးကမ်းသည့် ထောက်ပံ့ငွေများဆိုင်ရာစာရင်း၊ သူပုန်တို့ ကျိန်ဆို ရမည့် ကျမ်းသစ္စာကျိန်ဆိုချက်များတွင် သုံးစွဲသည့်စကားများကို လည်းကောင်း၊ ဗုဒ္ဓရာဇာမြို့မှ ထုတ်ပြန်ကြေညာသော ဥပဒေ များကိုလည်းကောင်း အဆိုပါစာအုပ်၌ ဖော်ပြထားသည်။

သက်သေခံပစ္စည်း (N,O) နှင့် (P) တို့မှာ ဆရာစံထံမှ ဆရာဒိုင်ထံသို့ ပေးပို့သောစာများဖြစ်သည်။ ယင်းတို့အနက် သက်သေခံပစ္စည်း (O) မှာ ၁၉၂၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် နေ့စွဲဖြင့် ဆရာစံရေးသားထားသော စာဖြစ်သည်။

သက်သေခံပစ္စည်း (M) မှာ ထားဝယ်မြို့တွင်နေသော ကျောင်းဆရာ ဆရာဒိုင်ထံမှ ဆရာစံထံသို့ ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် နေ့စွဲဖြင့် ပေးပို့သောစာ ဖြစ်သည်။ ၎င်းစာ အား ကောက်နုတ်ဖော်ပြပါမည် -

> "မှန်းချိန်အတိုင်းပေါက်ပါက နေရာကောင်းတစ်ခု ကျွန်တော့်ထံ အသင့်ရှိပါသည်၊ ၎င်းနေရာသည် ကျွန်တော်တို့၏ ဆွေမျိုးများဖြစ်၍ ကျွန်တော်၏မျိုးအုပ်စု ကြီးဖြစ်သည့်အပြင် ကျွန်တော်၏စကားကိုပင် နားထောင် သူများဖြစ်၍ ကျွန်တော့်ကိုမူကား အထူးပင်မှာနေကြပါ သည်။ ကျွန်တော်လည်း လွန်ခဲ့သော နှစ်နှစ်လောက်က သွားရောက်ဖူးသဖြင့် များစွာကောင်းသောနေရာဖြစ်

ပါသည်။ ××× ၎င်းတို့တွင် သေနတ်လက်နက် စုံလင်စွာ နှင့် လှေသမ္ဗာန်ကြီးများ၊ ဆင်များ အပြည့်အစုံ၊ အထူး လုံလောက်ခြင်းဖြစ်သောနေရာ ဖြစ်သောကြောင့် ကျွန်တော်တို့သည် ဤကဲ့သို့သောနေရာတွင် ဆက်လက် ပြီးလုပ်ပါက အထူးသဖြင့် လွယ်လင့်စွာနှင့် ပေါက်မြောက် နိုင်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်ပါသည်။ ××× ဆရာ သဘောကျပါက စာပြန်စေရန် ကျွန်တော် မေတ္တာရပ်ခံပါ သည် ခင်ဗျာ။[၆]

ဆရာစံသည် ဆရာဒိုင်ထံမှ စာရပြီး တစ်လကျော်ကျော် ကြာသည့်အခါ ဆရာဒိုင်ထံသို့ စာတစ်စောင်ပြန်ကြားခဲ့သည်။ သက်သေခံပစ္စည်း (R) မှာ ဆရာစံက ဆရာဒိုင်ထံ ပြန်ကြား သည့်စာ ဖြစ်သည်။ အဆိုပါစာကို ဂျီစီဘီအေအသင်း စာခေါင်းစီး ဖြင့် ပုံနှိပ်ထားသည့် စက္ကူပေါ်တွင် ရေးထားသည်။ ၎င်းစာမှာ အောက်ပါအတိုင်းဖြစ်သည်။ (မူရင်းအတိုင်း ဖော်ပြထားပါသည်)။


သံဃသြဝါဒခံ
ဂျီစီဘီအေစုံစမ်းရေးအဖွဲ့

စာပေးသူ ............ ဆရာစံ
ရာထူး ............ ၎င်းအဖွဲ့ ဥက္ကဋ္ဌ
နေရပ် ............ ကမာဆို

ကလွှဲစာတိုက် – မော်လမြိုင်

မောင်ရွှေမြင့် ............ သို့
ရာထူး ............ ကျောင်း အုပ်
နေရပ် ............ ထားဝယ်မြို့



၁၂၉၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် (၁၉၂၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

၁။ တန်ဆောင်မုန်းလဆန်း ၂ ရက် နေ့စွဲနှင့် ကျောင်း ဆရာပေးလိုက်သော စာရပါသည်။ သို့သော် တိုင်းရေး ပြည်ရေးကိစ္စတွေ ရှုပ်ထွေးနေ၍ ရုတ်တရက် စာ မပြန်ရပါ။

၂။ ကျောင်းဆရာစာတွင် နေရာထိုင်ခင်းကောင်းသည်ဟု ပါလာတာ များစွာဝမ်းမြောက်ပါသည်။ သို့သော် အစိုးရအမှုထမ်းတို့နှင့် ကျွန်ုပ်တို့ဝါဒ ဆန့်ကျင်နေပါ သဖြင့် သင့်လျော်မည် မထင်ပါ။

၃။ တန်ဆောင်မုန်းလမှာ အကြံမအောင်ပါ၊ ပြာသိုလမှာ သာယာဝတီနယ်သို့ သွား၍လုပ်ကိုင်ရပါမည်။

၄။ ၁၉၂၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်က ပါဆယ် နံပါတ် ၂၃ အရ၊ နောက်ထပ်ပို့လိုက်သော ဆေး ဒိ သား ရပါ၏လား။ ပဌမ ဒိ၊ ဒုတိယ ဒိ၊ ပေါင်း ၃ ပို့သည်။[၇]

ဆရာစံ
ဥက္ကဋ္ဌ
စုံစမ်းရေးဂျီစီဘီအေ

ဆရာဒိုင်နှင့် ဆရာစံတို့ အပြန်အလှန် ပေးပို့ခဲ့ကြသည့် စာများကို လေ့လာစိစစ်ကြည့်ပါက ဆရာစံသည် အင်္ဂလိပ်အစိုးရ

၆။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၂၀။

၇။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ–၂၁။

အား လက်နက်ကိုင်တော်လှန်တိုက်ပွဲဝင်ရန် စတင်ရမည့် နေရာဒေသနှင့်ပတ်သက်၍ အချိန်ယူကာ လေ့လာစုံစမ်းပြီးမှ သာယာဝတီကို ရွေးချယ်ခဲ့သည်ဟု ယူဆရပေသည်။

ဆရာစံသည် ထားဝယ်မြို့နေ ကျောင်းဆရာ ဆရာဒိုင်နှင့် ဆက်သွယ်ကာ စတင် တော်လှန်တိုက်ပွဲဝင်ရမည့်နေရာဒေသအတွက် စုံစမ်းခဲ့သည့်နည်းတူ သာယာဝတီ အင်းရွာ၊ မန်ကျီးကုန်းဘုန်းကြီးကျောင်းမှ ဘုန်းကြီး၏ဒကာရင်းဖြစ်သူ ဆရာစံညွန့်ထံသို့လည်း စာရေးဆက်သွယ်ကာ လေ့လာစုံစမ်းခဲ့သည်။

နောက်ဆုံးတွင် ဆရာစံသည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ အဖိနှိပ်၊ အညှဉ်းပန်း၊ အနှိပ်စက်အခံရဆုံး နယ်ဖြစ်သော သာယာဝတီနယ်အား ရွေးချယ်လိုက်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ ထို့ကြောင့် ဆရာစံသည် ၁၉၃၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၈ ရက် (၁၂၉၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်) တွင် မော်လမြိုင်မြို့မှ သာယာဝတီသို့ ထွက်လာခဲ့ပြီး အင်္ဂလိပ်အစိုးရအားတော်လှန်တိုက်ပွဲဝင်ရန် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

အင်္ဂလိပ်အစိုးရက အထူးတရားခုံရုံးတွင် ဆရာစံနှင့် အရေးတော်ပုံဂဠုန်တပ်သားကြီးများအား တရားစွဲဆိုရာတွင် အထောက်အထားအဖြစ် တင်ပြကြသော စာရွက်စာတမ်းသက်သေခံပစ္စည်းများမှာ ဆရာစံနှင့် အရေးတော်ပုံ ဂဠုန်တပ်သားများက အင်္ဂလိပ်အစိုးရအား အဘယ့်ကြောင့် တော်လှန်ပုန်ကန်ခဲ့ရသည်ကို ဖော်ပြနေသော အကြောင်းရင်းအဖြစ်မှန်များဖြစ်သည်ဟု ဆိုနိုင်ပေသည်။

○○○

## အခန်း (၁၀)

# ဆရာစံနှင့် တောင်သူလယ်သမား အရေးတော်ပုံအား ဝေဖန်ရေးသားကြသူများ

ဆရာစံဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီး ဖြစ်ပွားနေစဉ် အတောအတွင်း ဆရာစံနှင့် အရေးတော်ပုံအား ကြိုဆိုထောက်ခံကြသူများရှိသကဲ့သို့ အပြစ်ပြောကာ ဝေဖန်ရှုတ်ချခဲ့ကြသူများလည်း ရှိပေသည်။ ထို့အတူ တောင်သူလယ်သမား အရေးတော်ပုံပေါ်ပေါက်ခဲ့ပြီး နောက်ပိုင်းတွင်လည်း ဆရာစံနှင့် အရေးတော်ပုံအား ဝေဖန်ထောက်ခံကြသူများရှိသကဲ့သို့ ဝေဖန်ရှုတ်ချခဲ့သူများလည်း ရှိပေသည်။

ဆရာစံဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီး အရှိန်အဟုန်ဖြင့် ဖြစ်ပွားနေစဉ်က လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် ဆရာစံနှင့် တောင်သူလယ်သမား အရေးတော်ပုံအား ရဲရဲဝံ့ဝံ့ထောက်ခံရေးသားခဲ့သည်။ ဗြိတိသျှ

အစိုးရက အရေးတော်ပုံကြီးအား ဂဠုန်သူပုန်ဟု ခေါ်ဝေါ်သမုတ်ကြ၏။ ထိုစဉ် လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် "သူပုန်ဟူသော စကားအဓိပ္ပာယ်ကို အကျယ်ဖော်ပြချက်" ဟူသော ခေါင်းစဉ်ဖြင့် ရေးသားကာ အင်္ဂလိပ်အစိုးရအား အကြံပြုထောက်ပြခဲ့သည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးက တောင်သူလယ်သမား အရေးတော်ပုံကြီးနှင့် စပ်လျဉ်းပြီး သူပုန်ထကြွမှုဟူ၍ ခေါ်ဆိုနေကြသော်လည်း သူပုန်အင်္ဂါနှင့် မညီညွတ်သဖြင့် သူပုန်ဟူ၍ မခေါ်ဆိုထိုက်ကြောင်း အောက်ပါအတိုင်း ရေးသားခဲ့ပေသည်။

> "အင်အားနှင့်ပြည့်စုံသော လူတစ်စုကိုသာ သူပုန်ဟူ၍ ခေါ်ဆိုထိုက်သောကြောင့် သူပုန်ဟူသော အမည်အစစ်ကို ရခြင်းမှာ လွန်စွာခဲယဉ်းလျက်ရှိပေသည်၊ လွယ်လွယ်နှင့် သူပုန်မဖြစ်နိုင်ဟူ၍ ဆိုလိုပေသည်၊ သူပုန်ဖြစ်ခဲ့ပါလျှင် လွန်စွာနာမည်ကြီး၍ အရေးယူထိုက်လှသောကြောင့် ရှင်ဘုရင်နှင့်တကွ မှူးမတ်သေနာပတိတို့ကပင် များစွာ ဂရုစိုက်၍ယှဉ်ပြိုင်ကာ တိုက်ခိုက်ကြရလေသည်၊ ယခု ပစ္စုပ္ပန်ခေတ်အခါ သာယာဝတီနယ်ကစ၍ ဂဠုန်ဟူသော အမည်ဖြင့် ထကြွသူများပေါ်ပေါက်နေပေသည်၊ ရာဇဝင် အလိုအားဖြင့် ထိုဂဠုန်လူတစ်သိုက်ကို သူပုန်အင်္ဂါနှင့် ညီညွတ်သည် မဟုတ်သောကြောင့် သူပုန်ဟူ၍ခေါ်ဆိုရန် ခဲယဉ်းပေလိမ့်မည်၊ သူပုန်ဟူသော မြန်မာစကားဖြင့် ခေါ်ဆိုခဲ့ပါလျှင် ထိုသူတို့၏အပေါ်၌ အထင်အမြင်ကြီးရာ ရောက်ပေလိမ့်မည်၊ ထိုဂဠုန်တစ်စု၏ ထကြွဆူပူခြင်းမှာ စီးပွားရေးကျပ်တည်းခြင်း၊ အခွန်အကောက်မပေးနိုင်ခြင်းကို အရင်းခံ၍ တစ်နိုင်ငံလုံး ပြောဆိုခဲ့ကြသည်မှာ အထင်အရှားပင် ဖြစ်တော့သည်။ သို့ဖြစ်၍ အစိုးရမင်းတို့က တိုင်းပြည်နိုင်ငံ သာယာဝပြောရေးကို အလေးထားပြီးလျှင် ရာဇပရိယာယ်အရာတွင် လိမ္မာကြပြီးသည့် အတိုင်း တိုင်းပြည်သာယာ၍ သာသနာပွင့်လင်း အောင် သင့်လျော်သောနည်းလမ်းတို့ဖြင့် ရွက်ဆောင်စေလိုကြောင်း ကောင်းသောစိတ်ထားဖြင့် သတိပေးစကား ရေးသားခဲ့ရပေသည်"[၁]



ဆရာစံနှင့် အရေးတော်ပုံကြီးအား ကြိုဆိုထောက်ခံအားပေးကာ ရေးသားခဲ့ကြသူများထဲတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းမှာ ရှေ့ဆုံးက ပါဝင်ခဲ့သော မျိုးချစ်စာရေးဆရာကြီး ဖြစ်သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ဂဠုန်ပျံ ဒီပနီဋီကာမှ ဂဠုန်ပျံဂါထာသွားနှင့် ဂဠုန်ဘုရားရှိခိုးဘွဲ့ ကဗျာ မဟာလေးချိုးကြီးကိုရေးကာ ဆရာစံနှင့် အရေးတော်ပုံအား ချီးကျူးခဲ့သည်။

၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် သာယာဝတီနယ်မှစတင်ကာ ဆရာစံဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီး ဖြစ်ပွားသောအခါ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် တောင်သူလယ်သမားအရေးတော်ပုံကြီးအား လက်ပိုက်ကြည့်မနေခဲ့ပေ။ ဆရာကြီးသည် ထောင်နှုတ်ခမ်းကိုလျှောက်ကာ ဆရာစံနှင့် အရေးတော်ပုံကြီးအား ချီးကျူးသောစာကို ရေးသားခဲ့သည်။ ဤသို့ ချီးကျူးသောစာအား ရေးသားခဲ့သည်ကို ဆရာစံ

---

**၁။ လယ်တီ ပဏ္ဍိတဦးမောင်ကြီး၊ သူပုန်ဟူသော စကားအဓိပ္ပာယ်ကို အကျယ်ဖော်ပြချက်၊ ဒဂုန်မဂ္ဂဇင်း၊ အတွဲ-၁၁၊ အမှတ် (၁၃၂)၊ ဩဂုတ်လ ၁၉၃၀ ခုနှစ်၊ စာ-၄-၁၂။**

အား ထောက်ခံသည်ဟု မရိပ်မိစေရန် ဂျွန်ဘုရားရှိခိုးဂါထာ သဖွယ် သွယ်ဝိုက်ပြီး ရေးခဲ့သည်။ အရေးတော်ပုံခေါင်းဆောင် ဆရာစံအား ချီးကျူးရေးသားသည့် လေးချိုးရှည်ကြီးမှာ အောက်ပါ အတိုင်း ဖြစ်သည်။

## ဂျွန်ပုံဂါထာသွားနှင့် ဂျွန်ဘုရားရှိခိုးဘွဲ့
## ကဗျာ- မဟာလေးချိုးကြီး

(သြော် မဟာဒုက္ခ မဟာဒုက္ခဟဲ့၊ . . . ဇရာဒုဗ္ဗလအရွယ် . . . အသွမ်းမသွေးသင့်တဲ့၊ နှုတ်ခမ်းမွေး အမြင်မဟုတ်အောင်မှ၊ ဆရာ ဥက္ကဋ္ဌမကွယ်- ကြဋ္ဌန်းဝေးသော်လဲ့၊ ဘန်းနေဘေး- ရှင်ဘုရင် လုပ်ရပါတော့၊ ကမ္ဘဋ္ဌာန်းပေး-အသွင်သရုပ်ကယ်နှင့် နုပ်သမို့ မကောင်းပေ။ (အိုကွယ်) အမှန်မတွေး၊ စခန်းဝေးရပါတဲ့၊ (သြော်) မန္တလေး ခင်တုတ်တို့နှင့် ကျုပ်တို့အကြောင်းပေ။ ။ (သြော်) မြန်မာ ပြည် တစ်ဝန်းတွင်ဖြင့် သာယာဝတီစခန်းဆီက၊ အာဇာနည် အစွမ်းတွေ- ဟိုအရင်ယမန်က။ ဗဟိုဋ္ဌပလ္လင်ပျံမှာ-သမထ မတိမ်း အောင်လို့တဲ့၊ ဗိုလ်ဝင်ခံကာ မြန်မာ့ကိန်းတွေနှင့်၊ မြစိမ်းတောင် ညိုညိုက၊ ချောင်ခိုကာ-အောင်ပဟိုရ် ရွှန်းခဲ့တယ်၊ ထွန်းလှဲ့ခေါင် ပရမေပေနော်ကွယ်။ အစွန်းမနွဲ့။ အညွန်းတဲ့နေကြ။ (သြော်) လွန်း ဘွဲ့အောင်မြေ။ ။ ယင်းအတိတ်မှာ- မြန်မာ တသတ်ပေမို့။ အင်္ဂလိပ်စာ-တစ်ဘာသာ မတတ်တာကြောင့်။ နဝင်း ဟိတ်အလာ- ယတြာခေတ်တွေနှင့်။ (သြော်) အာဏာပါဏာကပ် တွင်မှ၊ ဘာမမှတ်ညာမမှတ်၊ ပုန်ကန်ပလေ။ ဘုံပြန်သပြေမှာဖြင့်၊ တြင်းကြေမလော။ (အိုကွယ်) ဂျွန်အလံတွေနှင့် တနင်္ဂနွေ သဘော။ ။ ရတက်ကယ်လှိုင်၊ နှစ်ဖက်တူပြိုင်လို့မို့။ ဇမ္ဗူတစ်ပိုင်- ကမ္ဘာမှာမုန်းကြစို့ရဲ့လို့၊ သူအနိုင် ငါအရှုံးသာပ၊ သမ္ဘာစက်ဘုန်း အမူအရာမှာ- မတူသာတူသာနှင့် အာဏာလက်ရုံး ထူကာထူကာ ဖြင့် ဘယ်သူသာမသာကို-ခေတ်အလိုက် ပြုံးရမလိုနှင့်၊ နှစ်ဗျူဟာ စစ်တိုက်တုံးတွင်မှ၊ ဓမ္မရာဇ် ယမိုက်ဘုန်းတော် အသရေဂုဏ်နှင့်၊ ရေယမုန်သောင်ငွေကမ်းတွင်မှ ရွှေဒဂုန်အောင်မြေစခန်းပေပ၊ တောင်ခြေဘဟန်းသူ-သပိတ် အမကလေးတွေ-မဖြင့်၊ ထိတ်စရာ့ အရေးပုံမှာ ဗျာပါလျှံဘို့လို့။ မဟာဆန်ဆန် အထပ်ထပ်သော ပြာဿဒ်အချွန်းတွေ အမွှန်းတွေနဲ့၊ သာလာယံဇရပ်ကွန်းတွင်မှ၊ နတ်ညွှန်းသိုက်စာ- အလိုက်ဘာသာကျသလိုပ၊ . . . (သြ) မြန်မာ အချင်းချင်း၊ ဂါထာနှင့်းမပေ့ါလို့ . . . . . သာကွင်းအပြီးနီးစရာကို၊ ပြဟ္မာမင်းကြီးပဲလာလို့ချရော့သလ၊ သာမျှို့အရကို အစုံဖန်ပေ့၊ ရဂုံစံ ချစ်စရာတပည့်တို့မှာဖြင့်၊ ဦး-အရဟံ-သစ္စာကတိတွေနှင့်၊ ဂျွန်သရဏံ၊ ဂစ္ဆာမိကြပေတော့၊ (အမယ်မင်း) အပြစ်ဘယာမသိ စေချင်တဲ့ ပဏိတစေတနာ မနောတွင်မှ၊ ရှိရှိသမျှ-အဝေရာ သဘောပါကွဲ့၊ . . . . (သြော်) ခေတ်အခါကြီး ပြေရွာတစ်ကြောကို ဖြင့်၊ . . . . . ရှစ်ခါတိတိ၊ ဖြစ်မှာသိပြီး။ . . . . . (အို. . . မယ် စန္ဒာရဲ့) မေတ္တာရှိတာကြောင့်၊ ကဝိက သေသေချာချာဟော။[၂]



ဆရာစံနှင့် တောင်သူလယ်သမားအရေးတော်ပုံအား အကောင်းဘက်မှရှုမြင်ကာ ရေးသားခဲ့ကြသူများထဲတွင် ထိုစဉ်က အထူးတရားရုံးအဖွဲ့ဝင် တရားသူကြီးအဖြစ် ဆောင်ရွက်ခဲ့သော ဦးဘဦး (နောင်ပြည်ထောင်စုမြန်မာနိုင်ငံ သမ္မတဟောင်း) လည်း တစ်ဦး ပါဝင်ပါသည်။ ဦးဘဦးက သူ၏ ကျွန်ုပ်၏မြန်မာပြည်

---

၂။ မစ္စတာမောင်မှိုင်း၊ ဂျွန်ပုံဒီပနီဋီကာ၊ ၁၉၃၃ ခုနှစ်၊ စာ-၂၀-၂၁။

(My Burma) တွင် အရေးတော်ပုံ ဂဠုန်တပ်ဖွဲ့ဝင်များ၏ သူရသတ္တိနှင့် မျိုးချစ်စိတ်ဓာတ်ကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားပါသည်။

"ပုန်ကန်မှုကို နှိမ်နင်းရန် အစိုးရတွင် တပ်ဖွဲ့အင်အား အလုံအလောက်မရှိသဖြင့် အိန္ဒိယအစိုးရထံမှ ဒီဝီဇံနှစ်ခု မှာယူခဲ့ရသည်၊ ယင်းသည့်တိုင် ပုန်ကန်ထကြွမှုအား နှိမ်နင်းရန် နှစ်နှစ်နီးပါး အချိန်ယူခဲ့ရသည်၊ ပုန်ကန်သူတို့သည် ဓားများ၊ လှံများ၊ လုပ်သေနတ်များ ကိုင်စွဲလျက် သူရသတ္တိနှင့် မျိုးချစ်စိတ်ဓာတ်တို့ဖြင့် အင်္ဂလိပ်အစိုးရအား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်"

ဦးဘဦးသည် တရားခွင်တွင် သူတွေ့မြင်ရသော ဆရာစံ၏ရုပ်ပုံလွှာကိုလည်း အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

"ဆရာစံသည် ကိုယ်လုံးကိုယ်ထည် အရွယ်အစား သင့်ရုံမျှရှိသော ပိန်ပိန်သေးသေး လူတစ်ယောက်ဖြစ်သည်၊ သူ့အကြောင်းကိုမသိလျှင် သူပုန်ခေါင်းဆောင်ဟု မည်သူမျှထင်ကြမည် မဟုတ်ပါ၊ သူသည် ကိုယ်လုံးကိုယ်ထည် အရုပ်အမောင်း မကောင်းသော်လည်း မျက်နှာနှင့် မျက်လုံးများက ထိန်းထားသည်၊ သူ့မျက်နှာသည် သန္နိဋ္ဌာန်ချထားသော ယတိပြတ်မျက်နှာမျိုးဖြစ်ပြီး မျက်လုံးများမှာ အရောင်တလက်လက် တောက်ပလျက် ရှိသည်"

ဆရာစံအား ဗြိတိသျှအစိုးရက မဖမ်းမိခင် ၁၉၃၁ ခုနှစ်၊ ဇူလိုင်လက ကျင်းပသော ဗြိတိသျှပါလီမန် အောက်လွှတ်တော်တွင်



ကာဒစ် (Cardit) အလယ်ပိုင်း၊ မဲဆန္ဒနယ်မှ အမတ်ဖြစ်သူ Sir Emest Ennett က ဆရာစံဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဝေဖန်ထားပါသည်။[၃]

"ကြီးမားသော အခက်အခဲများကို ရင်ဆိုင်၍ နှိုင်းယှဉ်စရာမရှိသော သတ္တိဖြင့် တိုက်ခိုက်နေခြင်းဖြစ်သည်၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် တိုက်ပွဲဝင်နေကြခြင်းဖြစ်သည်၊ ချုံခိုတိုက်ခိုက်ခြင်း၊ ညအချိန်ကျေးရွာများကို တိုက်ခိုက်ခြင်းလုပ်ရပ်များမှာလည်း မျက်မှောက်ခေတ် စစ်ဆင်ရေးတွင် တရားဝင်လုပ်နေကျ၊ သမားရိုးကျ သဘောပင် ဖြစ်လေသည်"

အင်္ဂလိပ်အစိုးရက ဆရာစံနှင့် ဂဠုန်သူပုန်တို့ကို ဖမ်းဆီးပြီး သေဒဏ်အမိန့်ပေးခဲ့သည်။ ထိုအခါ ဗြိတိသျှပါလီမန် အောက်လွှတ်တော်တွင် ပါလီမန် အမတ်ဆာဘားနဒ် (Sir Barnard) က သူပုန်ခေါင်းဆောင် ဆရာစံနှင့် ဂဠုန်သူပုန်တို့ကို သေဒဏ်မပေးထိုက်ကြောင်း အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"အင်္ဂလိပ်တို့ အုပ်ချုပ်ခြင်းကို မကြိုက်သဖြင့် သူပုန်ထခြင်းဖြစ်သည်၊ ဂဠုန်သူပုန်တို့သည် အလံ အစရှိသော အမှတ်အသားထင်ရှားစွာတို့ဖြင့် စည်းကမ်းတကျ ယူနီဖောင်းဝတ်လျက် စစ်တပ်အဖြစ် ဖွဲ့စည်းပုန်ကန်ခြင်း ဖြစ်သောကြောင့် ဂဠုန်သူပုန်ခေါင်းဆောင် ဆရာစံနှင့် ဂဠုန်သူပုန်တို့အား ကြိုးမပေးထိုက် ကမ္ဘာသူကမ္ဘာသားတို့

၃။ ဝိဇ္ဇာဘွဲ့ရ ရဲထွဋ်လှ၊ နယ်ချဲ့တော်လှန်ဆရာစံ၊ စာ-၁၂၃။

လိုက်နာရန်ဥပဒေ(International Law) အရသာ အရေးယူ ထိုက်ပေသည်။[၄]

ဆရာစံနှင့် တောင်သူလယ်သမားအရေးတော်ပုံ အကြောင်းကို ဗြိတိသျှ ပါလီမန်အောက်လွှတ်တော်တွင် ပါလီမန် အမတ်နှစ်ဦးက အထက်ပါအတိုင်း ဝေဖန်ဆွေးနွေးခဲ့သည်။ အလား တူပင် ဗြိတိသျှပါလီမန်၌ပင် ဝေဖန်ဆွေးနွေးခဲ့ရသည့်ဖြစ်ရပ် တစ်ခုလည်း ရှိသေးသည်။ အရေးတော်ပုံ ဖြစ်ပွားစဉ်အခါက ကျဆုံး သွားခဲ့သော ဂဠုန်တပ်ဖွဲ့ဝင်တို့၏ ဦးခေါင်းများကိုဖြတ်ပြီး နယ်သူ နယ်သားများ ထိတ်လန့်ကြောက်ရွံ့စေရန် ပြည်မြို့ ဂတ်တဲဝင်း အတွင်း၌ ပြသထားသည်။ ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာလူထု မခံမရပ်ဖြစ်ကာ ဆူပူကြသဖြင့် ဗြိတိသျှပါလီမန်၌ပင် မေးမြန်းကာ ဝေဖန်ခဲ့သည်။[၅]

ဆရာစံနှင့် တောင်သူလယ်သမားအရေးတော်ပုံအား အပြစ်တင်ကာ ရှုတ်ချရေးသားခဲ့သူများအကြောင်း တင်ပြပါဦး မည်။ ဆရာစံနှင့် တောင်သူလယ်သမားအရေးတော်ပုံအကြောင်း ရှုတ်ချရေးသားခဲ့သူများထဲတွင် သိပ္ပံမောင်ဝလည်း ပါဝင်သည်။ သိပ္ပံ မောင်ဝသည် "သူပုန်အငွေ့" ဝတ္ထုတိုဖြင့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးအတွက် အသက်စွန့်ကာ တိုက်ပွဲဝင်ခဲ့ ကြသော တောင်သူလယ်သမားခေါင်းဆောင် ဆရာစံနှင့် အရေး တော်ပုံ ဂဠုန်တပ်သားများအား လူဆိုးဓားပြများအဖြစ် ရှုမြင်ကာ

၄။ (က) ဦးလေးမောင်၊ မြန်မာနိုင်ငံရေးသမိုင်း (ဒုတိယတွဲ)၊ စာ-၃၆၄။
(ခ) ပျော်ဘွယ်သခင်ဗဆွေ၊ ဗမာ့ပုန်ကန်မှုများ၊ စာ-၁၄၄။
၅။ နှစ်ငါးဆယ် ကမ္ဘာ့ရေးရာ (ဒုတိယတွဲ)၊ စာ-၁၄၆။



ရှုတ်ချရေးသားခဲ့သည်။ သိပ္ပံမောင်ဝသည် 'သူပုန်အငွေ့' ဝတ္ထုကို ၁၂၉၅ ခုနှစ်၊ သီတင်းကျွတ်လ (၁၉၃၃ ခုနှစ်၊ အောက်တိုဘာလ) ထုတ် ဂန္ထလောကမဂ္ဂဇင်း၌ ရေးထားသည်ကို ကောက်နုတ် ဖော်ပြ ပါမည်။

"သက္ကရာဇ် ၁၂၉၂ ခုနှစ်တုန်းက မြန်မာပြည်တွင် ခပ်ပြင်းပြင်းကလေး သူပုန်ထလိုက်၏၊ ဆရာစံ ခေါင်း ဆောင်ဖြစ်လေသည်၊ ဂဠုန် 'က' ဂဠုန် 'ခ' တွေနှင့် နိုင်ငံဆူအောင်လုပ်လိုက်ပေ၏။

ဆရာစံကား ရှင်ဘုရင်ဖြစ်ချင်သူတည်း၊ အလံတောင် တွင် နန်းတော်တွေကိုဆောက်၊ စည်တော်တွေကို ယွန်း၊ ဘိသိက်တွေကို သွန်းလျက်နေပေသည်။

နောက်လိုက်ငယ်သားတို့အား ပြီးဆေးတွေကို ထိုးပေး၏၊ ဂဠုန်ဆေးတွေကို ဆောင်စေ၏၊ ထုံးမန်းတွေကို မျိုစေ၏၊ ခမျာတောသူ တောင်သားတို့မှာ သူ့စကားကို အကောင်း ထင်မှတ်ပြီးလျှင် သူပုန်ထကြလေ၏။

အစိုးရမင်းလည်း ငြိမ်ငြိမ်မနေနိုင်တော့ပေ၊ လှုပ်ရှား ရ၏၊ စစ်တပ်တွေနှင့် နှိမ်နင်းကြရ၏၊ ထို ဂဠုန်ဆေး ဆရာတွေ၊ လက်ဖွဲ့ဆရာတွေ၊ ထုံးမန်းဆရာတွေမှာ စက် အမြောက်တွေရှေ့တွင် ကားခနဲ၊ ကားခနဲ နေကြလေ တော့သည်၊ ဆရာစံ၏ ပယောဂပင် ဖြစ်လေသည်။

များမကြာမီ ဆရာစံသည် စက်တိုင်ထက်တွင် အသက် ကုန်ရ၏။ အချို့က ဆရာစံနတ်ပြည်ရောက်သည်ဟု အယူရှိကြ၏၊ တချို့ကမူ ဆရာစံ အဝီစိရောက်သည်ဟု

အယူရှိကြ၏၊ နတ်ပြည်သို့ ဆရာစံရောက်လျှင် နတ်သား
တွေကို သူပုန်ထရန် ခေါင်းဆောင်မည်ဖြစ်သောကြောင့်
သိကြားမင်း အလုပ်များတော့မည်၊ အဝီစိသို့ရောက်လျှင်
လည်း ငရဲသားတို့ သူပုန်ထရန် ခေါင်းဆောင်မည်ဖြစ်
သောကြောင့် ယမမင်းအလုပ်ရှုပ်တော့မည်၊ ရောက်သည့်
နေရာတိုင်းတွင် သူပုန်ထမည့် ဆရာစံတည်း”[၆]

သိပ္ပံမောင်ဝသည် သူပုန်အငွေ့ဝတ္ထုတိုတွင် လယ်သမား ခေါင်းဆောင်ဆရာစံနှင့် အရေးတော်ပုံဂျူနိတပ်သားများအား ဓားပြများအဖြစ်မှတ်ယူကာ ရေးသားခဲ့သဖြင့် သူ့အား စာရေးဆရာများ၊ သုတေသီများက အမျိုးမျိုးဝေဖန်ဆွေးနွေးကာ အပြစ်တင်ခဲ့ကြသည်။ ဝေဖန်သူများမှာ သိန်းဖေမြင့်၊ ဦးကျော်အောင်၊ ဦးကျော်ဆွေ၊ ဦးမောင်မောင်ညွှန့်နှင့် ချက်ကိုစလိုဗက်ကီးယားနိုင်ငံမှ ဒဂ္ဂမာဘက်ကိုးဗား တို့ဖြစ်ကြသည်။

သိန်းဖေမြင့်က သိပ္ပံမောင်ဝသည် သူပုန်အငွေ့ဝတ္ထုကို ရေးကာ ဆရာစံခေါင်းဆောင်သော ဂျူနိအရေးတော်ပုံအကြောင်း အား သရော်ခဲ့၊ ရှုတ်ချခဲ့သည်ဟူ၍လည်းကောင်း၊ ဦးကျော်အောင်၊ ဦးကျော်ဆွေ၊ ဦးမောင်မောင်ညွှန့် တို့က သိပ္ပံမောင်ဝသည် အမှုထမ်းစိတ် လွှမ်းမိုးမှုကိုခံရသဖြင့် ဆရာစံခေါင်းဆောင်သော လယ်သမား သူပုန်အကြောင်းကိုပင် ဆန့်ကျင်သောဝတ္ထုတိုကို ရေးသားခဲ့သည်ဟူ၍လည်းကောင်း၊ ချက်ကိုစလိုဗက်ကီးယားနိုင်ငံမှ အမျိုးသမီး၊ ဘာသာဗေဒပညာရှင် ဒဂ္ဂမာဘက်ကိုးဗားက သိပ္ပံမောင်ဝသည်

၆။ သိပ္ပံမောင်ဝနှင့်အခြား၊ ခေတ်စမ်းပုံပြင်များခေါ် ခေတ်စမ်းဝတ္ထုတိုများ၊ (ပထမတွဲ၊ ဒုတိယတွဲ) နှစ်တွဲပေါင်း၊ စာ-၃၂၄-၃၂၅။



လယ်သမားအရေးတော်ပုံခေါင်းဆောင် ဆရာစံကို ဝေဖန်ရေးသား ခဲ့သည်ဟူ၍လည်းကောင်း ဝေဖန်ရေးသားခဲ့သည်။[၇]

ဗြိတိသျှအစိုးရက ဆရာစံအား သူပုန်ဟူ၍လည်းကောင်း၊ မျက်လှည့်ဆရာဟူ၍လည်းကောင်း၊ ဘုရင်စိတ်ပေါက်နေသည်ဟူ၍လည်းကောင်း၊ အဂ္ဂိရတ်ဆရာဟူ၍လည်းကောင်း၊ ဆေးဆရာဟူ၍လည်းကောင်း၊ အမျိုးမျိုးကင်ပွန်းတပ်ပြီး နှိမ်ကာ ခေါ်ဝေါ်ခဲ့ကြသလို သိပ္ပံမောင်ဝကလည်း ဆရာစံကား ဘုရင်လုပ်ချင်သူဟူ၍လည်းကောင်း၊ ဆရာစံကား သူပုန်ဥက္ကဋ္ဌကြီး ဖြစ်သည်ဟူ၍လည်းကောင်း၊ ငရဲပြည်ရောက်ရောက်၊ နတ်ပြည်ရောက်ရောက်၊ ရောက်သည့်နေရာတွင် သူပုန်ထမည့် ဆရာစံတည်းဟူ၍လည်းကောင်း ဆရာစံအား သမိုင်းမလှအောင် ရေးသားခဲ့သည်။

ထို့ပြင် သိပ္ပံမောင်ဝသည် အရေးတော်ပုံဂျူနိတပ်သားကြီးများကိုလည်း လူဆိုး၊ ဓားပြများအဖြစ် ရှုမြင်ကာ သူပုန်အငွေ့ဝတ္ထုတိုတွင် အောက်ပါအတိုင်း ရှုတ်ချရေးသားထားသေးသည်။

“ဆရာစံသေပြီးနောက် သူပုန်သစ်ပင်ကြီး လဲလေ
တော့သည်၊ သို့သော် သူပုန်အငွေ့ကား ကျန်ပေသေး၏၊
တော်တော့အငွေ့မဟုတ်၊ အင်မတန် အငွေ့ဖြစ်လေသည်၊
ဆရာစံ၏ တပည့်လက်သားတို့သည် သူပုန်ဘဝမှ ဓားပြ
ဘဝသို့ ကူးပြောင်းကြကုန်၏၊ သူပုန်ဗိုလ်ဘဝမှ ဓားပြ
ဗိုလ်ဘဝသို့ ကူးပြောင်းကြကုန်၏၊ ဇော်ဂျီများနှင့်
တူလေ၏”

၇။ ဇွဲသန်းသျှင်း (သုံးဆယ်)၊ သိပ္ပံမောင်ဝနှင့် သူပုန်အငွေ့၊ နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း၊ စက်တင်ဘာလ ၂၀၀၇ ခုနှစ်၊ စာ-၁၄။

ဆရာစံနှင့် အရေးတော်ပုံအကြောင်း ဝေဖန်ရှုတ်ချ ရေးသားခဲ့ကြသူများအနက် ပြည်ထဲရေးဌာန အတွင်းဝန် မစ္စတာ လိချ်က ဆရာစံအား အမျိုးမျိုးကင်ပွန်းတပ်ခဲ့သည်။

"အရှင်ဧကရာဇ် ဘုရင်မင်းမြတ်၏ အခွင့်အာဏာနှင့် အစိုးရကို တွန်းလှန်ဖြိုဖျက်ရန် ဆိုးသွမ်းလှသော အကြံ အစည်ကို သာယာဝတီ စီရင်စုနယ်တွင် နေထိုင်၍ လူဆိုး လူသွမ်းအဖြစ် ကျော်စောသော အဂ္ဂိရတ်ဆရာ တစ်ယောက်ဖြစ်သည့် ဆရာစံဆိုသူက စီမံဆောင်ရွက် သည် ဟူ၍လည်းကောင်း၊ ဆရာစံသည် ပတ်ဝန်းကျင်ရှိ ရွာများက လူများနှင့် အစည်းအဝေးအမျိုးမျိုးပြုလုပ်ပြီး လျှင် မှော်ဝိဇ္ဇာအတတ်နှင့် စပ်ဆိုင်သော တန်ခိုးသတ္တိ ကို ပြသသည်ဟူ၍လည်းကောင်း၊ ဆရာစံသည် မျက် လှည့်ဆရာလည်း ဖြစ်တန်ရာသည်ဟူ၍လည်းကောင်း၊ လူတို့အား ရှိန်းပြီးစေနိုင်ရန် ဂဠုန်ဆေးများထိုးနှံခြင်း၊ ဆေးဝါးများနှင့် အင်းအိုင်ခလှဲ့ လက်ဖွဲ့ စသည်များဖြင့် ယုံကြည်လောက်အောင် ဟောပြောတတ်သည့် ဆရာစံ ဟူ၍လည်းကောင်း၊ မစ္စတာလိချ်က သူ၏ အစီရင်ခံစာ ထဲတွင် အထက်ပါအတိုင်း ရှုတ်ချရေးသားထားသည်။"[၈]

ဗြိတိသျှအုပ်ချုပ်ရေးဆိုင်ရာ နယ်ပိုင်၊ အရေးပိုင်၊ ရန်ကုန် ဒီစတြိတ်ရာဇဝတ်တရားသူကြီး၊ ယစ်မျိုးမင်းကြီး စသည့်တာဝန် များကို မြန်မာနိုင်ငံတွင် ၁၈ နှစ်ခန့်ကြာ ထမ်းဆောင်ခဲ့သော အိုင်းရစ်လူမျိုး ဗြိတိန်နိုင်ငံသား မစ္စတာမောရစ်ကောလစ် (၁၈၈၉

၈။ သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်း၊ စာ-၁-၃-၄။



-၁၉၇၂) ကလည်း ဆရာစံနှင့် တောင်သူလယ်သမား အရေး တော်ပုံအား မဟုတ်မမှန် ဝေဖန်ရေးသားခဲ့သည်။ မစ္စတာမောရစ် ကောလစ်က သူ၏ မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်း များ (Trails in Burma) တွင် သူပုန်ထကြွခြင်းခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ဝေဖန်ထားသည် -

"ဆရာစံသည် မြန်မာပြည်၏ ရှင်ဘုရင်ဟုကြေညာကာ သုပဏ္ဏကဂဠုန်ရာဇာဟူသော ဘွဲ့ကိုခံယူပြီး မင်းမြောက် တန်ဆာငါးပါးဖြစ်သော ထီးဖြူ၊ မကိုဋ်၊ သံလျက်၊ သားမြီး ယပ်၊ ခြေနင်း တို့ဖြင့် ဘိသိက်ခံသည်၊ ဒီဇင်ဘာလ ၂၁ ရက်တွင် သာယာဝတီ ဒီစတြိတ်တွင်ရှိသော အလံတောင် ပေါ်၌ မိဖုရားငါးပါး၊ ဝန်ကြီးလေးပါးတို့နှင့်အတူ နံနက်စာ ပွဲတော်တည်ကြသည်၊ ထို့နောက် သီဟာသန ပလ္လင်ပေါ်မှနေ၍ ဗိုလ်မှူးသီရိနော်ရထာအုပ်ချုပ်ကွပ်ကဲ သော တပ်မကြီးလေးတပ်ကို ရှုစားတော်မူသည်"

အိုင်စီအက်စ်ဝန်ထမ်း ဂျီအီးဟာဗေး (GE Harvey) ကလည်း ဆရာစံနှင့် တောင်သူလယ်သမားအရေးတော်ပုံ အကြောင်း မဟုတ်မမှန်ရေးသားကာ မြန်မာလူမျိုးတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအား သေးသိမ်မှေးမှိန်စေရန် ပြုလုပ်ခဲ့ပေသည်။ မစ္စတာ ဂျီအီးဟာဗေး (GE Harvey) က 'ဗြိတိသျှ အုပ်စိုးခံ မြန်မာပြည် ၁၈၂၄-၁၉၄၂' (British Rule in Burma 1824-1942) စာအုပ် P-37 တွင် ၁၉၃၁ ခုနှစ် သူပုန်ထကြွခြင်း ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးထားပါသည်-

"သူပုန်ထကြွမှုဖြစ်ပွားရခြင်းအကြောင်းရင်းမှာ မြန်မာ တို့၏အစွဲအလမ်းများသည်သာ အရင်းခံအကြောင်း

ဖြစ်သည်၊ ဘုန်းကြီးလူထွက်ဆရာစံက မှော်ဝိဇ္ဇာအတတ် နှင့်ဆိုင်သော တန်ခိုးသတ္တိများကို ပြသခဲ့သည်။ ဂါထာ မန္တာန်၊ အင်းအိုင်ခလှဲ့၊ လက်ဖွဲ့၊ ဆီမန်းနှင့် ခန္ဓာကိုယ် ထဲသို့ သွင်းမြှုပ်ရန်အပ်များမှာ လူတို့အား ရှိန်းပြီးစေကာ လူတို့၏ခန္ဓာကိုယ်များ လေထဲသို့မြောက်ကြွကာ ပျံတက် သွားစေနိုင်သည်ဟူ၍လည်းကောင်း၊ မောင်းကိုတီးလိုက် သဖြင့် မောင်းသံကြားရသော အစိုးရတပ်များမှာ လက်နက်များလွတ်ကျကုန်သည်ဟူ၍ လည်းကောင်း၊ လေယာဉ်ပျံကို လက်ညှိုးထိုးလိုက်ရုံဖြင့် လေယာဉ်ပျံ အောက်သို့ ကျသွားစေနိုင်သည်ဟူ၍လည်းကောင်း ဆရာစံက အခိုင်အမာပြောဆိုခဲ့သည်”

သူပုန်များမှာ အသိဉာဏ်နည်းပါးကြပြီး ခန္ဓာကိုယ် အတွင်း အပ်သွင်းမြှုပ်နှံခြင်း၊ အင်းအိုင်ခလှဲ့၊ လက်ဖွဲ့ စသည် များနှင့် ဆေးထိုးနှံခြင်းတို့ကြောင့် ရှိန်းပြီးစေနိုင်သည်ဟု ယုံကြည်ကြကာ သူပုန်ထကြွမှုဖြစ်ပွားခဲ့ရ သယောင်ယောင် ဂျီအီး ဟာဗေးက သူ့စာအုပ်တွင် ရေးထားသည်။

ဆရာစံနှင့်တောင်သူလယ်သမား အရေးတော်ပုံအကြောင်း ဝေဖန်ရေးသားခဲ့ကြသော စာရေးဆရာနှစ်ဦး၏ ဝေဖန်စာများ ကို တင်ပြပါဦးမည်။ စာရေးဆရာတစ်ဦးမှာ ဂျာနယ်ကျော် ဦးချစ်မောင်ဖြစ်ပြီး နောက်တစ်ဦးမှာ ဂျပန်နိုင်ငံမှ ဂျပန်လူမျိုး Ino, Kenji ဖြစ်သည်။

မြန်မာပြည်တွင် သာယာဝတီ၌ သူပုန်ထရခြင်းအကြောင်း ရင်းအား ဂျပန်တို့က သိချင်သည်ဟုဆိုကာ တောင်းသဖြင့် ဗိုလ်



စကြာ်က ဂျာနယ်ကျော် ဦးချစ်မောင်အား သေချာစွာဝေဖန်ပြီး အမြန်ရေးသားပေးပါရန် အကူအညီတောင်းခဲ့သည်။ ထို့ကြောင့် ဂျာနယ်ကျော် ဦးချစ်မောင်က The real orgin and causes of the Burma Rebellion (1930-1932) ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ကို ၁၉၄၃ ခုနှစ်က အင်္ဂလိပ်ဘာသာဖြင့် အကျယ်တဝင့်ရေးသားကာ ဗိုလ်စကြာ်မှတစ်ဆင့် ဂျပန်တို့အား ပေးခဲ့သည်။[၉]

သာယာဝတီ သူပုန်ထရခြင်း အကြောင်းရင်းမှန်များ စာတမ်း (The real origin and causes of The Burma Rebellion 1930-1932) ၌ ဂျာနယ်ကျော် ဦးချစ်မောင်က သူလိုလူ စာအုပ် နောက်ဆက်တွဲ (ဃ)တွင် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထား ပါသည်။

“သာယာဝတီသူပုန်ထကြွမှု ဖြစ်ပွားရခြင်းအကြောင်း မှာ စပါးဈေး အလွန်အမင်းကျဆင်းပြီး စီးပွားရေး ကပ်ဆိုက်ရောက်သဖြင့် ဖြစ်ပွားခဲ့ရသည် ဟူ၍လည်း ကောင်း၊ ငွေရေးကြေးရေး ကျပ်တည်းခြင်းကြောင့် ဖြစ်ပွားခဲ့ရသည်ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံ မင်း တိုင်ပင်အစည်းအဝေး၊ အတွင်းအပြင် နှစ်ရပ်စလုံး၌ အခိုင်အမာပြောဆိုနေကြသည်ဟု အစိုးရ၏အစီရင်ခံစာ တွင် ဖော်ပြထားသည်မှာ အပြည့်အစုံမမှန်ကန်ပေ၊ သူပုန် ထကြွမှု ဖြစ်ပွားရခြင်း အကြောင်းအရင်းများတွင် နိုင်ငံရေးနိုးကြားမှုသည်လည်း အကြောင်းအရင်းတစ်ရပ်

၉။ ဂျာနယ်ကျော်မမလေး၊ သူလိုလူ၊ စာ–၄၅၆။

ဖြစ်ကြောင်း အထောက်အထားရှိပေသည်။ အထောက်အထားမှန်ကန်ကြောင်း ဆေးဆရာ၊ ဗေဒင်ဆရာ၊ ဘုန်းကြီး စသည်ဖြင့်လုပ်ခဲ့သော အထက်မြန်မာနိုင်ငံ ရွှေဘိုနယ်သား ဆရာစံက သက်သေပြခဲ့ပေသည်၊ ဆရာစံသည် ပထမတွင် ဦးချစ်လှိုင် ဂျီစီဘီအေတွင် အဖွဲ့ဝင်ဖြစ်ပြီး နောင်တွင် ဦးစိုးသိမ်း ဂျီစီဘီအေသို့ ဝင်ခဲ့သည်၊ ဆရာစံသည် ၁၉၂၈ ခုနှစ်တွင် ပုန်ကန်ထကြွရန်စိတ်ကူး ပေါ်လာကာ ၁၉၃၀ ပြည့်နှစ်တွင် ပုန်ကန်မှုကို ခေါင်းဆောင်မှု ပေးခဲ့သည်”

ဂျပန်နိုင်ငံမှ ဂျပန်လူမျိုး Ino, Kenji သည် A Note on the Burmese Peasant Rebellion 1930-1932 အမည်ဖြင့် စာတမ်းတစ်စောင် ရေးသားပြုစုခဲ့သည်။ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်မှ စတင်ဖြစ်ပွားခဲ့သည့် တောင်သူလယ်သမားအရေးတော်ပုံသည် ခရိုင်အတော်များများ၌ဖြစ်ပွားခဲ့ရာ ဖြစ်ပွားခဲ့သည့် ခရိုင်များအနက် ပြည်၊ ဟင်္သာတ၊ ဇီးကုန်း၊ သာယာဝတီ၊ သရက်ခရိုင်တို့တွင် ဖြစ်ပွားခဲ့သည့် သူပုန်ထကြွမှုဆိုင်ရာ စစ်ဆေးစီရင်မှုမှ သက်သေထွက်ဆိုချက်များကို Ino, Kenji က သူ့စာတမ်းတွင် အကျယ်တဝင့် ဖော်ပြထားသည်။

A Note on the Burmese Peasant Rebellion, 1930-1932, P-241-242 တွင် Ino, Kenji က အောက်ပါအတိုင်း ဝေဖန်ထားပါသည်။

“စစ်ဆေးစီရင်မှုများကို စိစစ်လေ့လာကြည့်သည့်အခါ သူပုန်အဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်မှု နှစ်မျိုးရှိကြောင်း တွေ့ရသည်။ ပထမတစ်မျိုးမှာ အခွန်တော်ဆန့်ကျင်ရေး၊ အစိုးရကို ဆန့်ကျင်ရေး၊ နိုင်ငံခြားသား တရုတ်၊ ကုလားများကို ဆန့်ကျင်ရေးအတွက် လှုံ့ဆော်ရာတွင် သူပုန်အဖွဲ့များ၊ ဖွဲ့စည်းမှုမပြုမီက ဝံသာနုအသင်း အစည်းအဝေးများ ပြုလုပ်၍သော်လည်းကောင်း၊ ကျေးရွာများရှိ ဘုန်းကြီးကျောင်းများ၌ ရွာသူရွာသားများ စုရုံး၍သော်လည်းကောင်း လှုံ့ဆော်စည်းရုံးခဲ့ကြသည်၊ နောင်တွင် ဝံသာနုအသင်းခေါင်းဆောင်များ၊ ဘုန်းကြီးများသည် သူပုန်အဖွဲ့တွင် ခေါင်းဆောင်များဖြစ်လာကြသည်၊ သူပုန်အဖွဲ့ ဖွဲ့စည်းခြင်း၊ ဒုတိယအမျိုးအစားမှာ အခြားအရပ်ဒေသမှ ရောက်လာကြသော ဝံသာနုအသင်းခေါင်းဆောင်များက သူပုန်အဖွဲ့များ ဖွဲ့စည်းပေးရာမှ ပေါ်ပေါက်လာခဲ့သည်”



ဆရာစံနှင့် တောင်သူလယ်သမားအရေးတော်ပုံကို အကောင်းမြင်ကာ ဝေဖန်ရေးသားခဲ့ကြသူများရှိသလို အပြစ်ပြောကာ ဝေဖန်ရှုတ်ချသူများလည်း ရှိကြပေသည်။ အင်္ဂလိပ်နယ်ချဲ့ အလိုတော်ရိများ၊ အင်္ဂလိပ်အစိုးရမှိုင်းမိနေသူများ၊ ဝံသာနုစနရှင် ခေါင်းဆောင်များက တောင်သူလယ်သမား အရေးတော်ပုံ ခေါင်းဆောင် ဆရာစံကို ဘုရင်ရူး ရူးနေသည်ဟု စွပ်စွဲရေးသားခဲ့ကြသည်။ ဂါထာမန္တာန်၊ အင်းအိုင်ခလှဲ့၊ လက်ဖွဲ့များ၊ ထုံးမန်း၊ ဆီမန်းများကို အားကိုးပြီး လက်နက်အင်အားချင်းမမျှသည့် အင်္ဂလိပ်အစိုးရအား အန်တုခြင်းမှာ မိုက်ရူးရဲဆန်သည်ဟု အပြစ်တင်ကြသည်။ အရေးတော်ပုံကြီး အကြောင်းအမျိုးမျိုးကြောင့်

အရေးနိမ့်သွားသောအခါ မူလကတည်းက ဆရာစံကို မထောက်ခံခဲ့သောလူစုသည် သူပုန်ထသဖြင့် တိုင်းပြည်ပျက်ခဲ့ရသယောင် အပြစ်ပြောခဲ့ကြသလို သူပုန်ထသဖြင့် ဆန်ရေစပါး ရှားပါးခဲ့ရသယောင် ဝေဖန်ရေးသားခဲ့ကြပါသည်။

၀၀၀

## အခန်း (၁၁)

# ဆရာစံနှင့် အရေးတော်ပုံအကြောင်း ဝတ္ထု၊ ရုပ်ရှင်နှင့် ကာတွန်းများ

### ဆရာစံနှင့် အရေးတော်ပုံအကြောင်း ဝတ္ထုများ

ဆရာစံနှင့် တောင်သူလယ်သမားအရေးတော်ပုံအကြောင်း နောက်ခံထားကာ ရေးသားကြသော ဝတ္ထုများသည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ထွက်ပေါ်လာကြသည်။ ဝတ္ထုရေးဆရာများမှာ မဟာဆွေ၊ ဗန်းမော်တင်အောင်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ တင့်ဆန်းနှင့် စာရေးဆရာမ စိန်စိန် တို့ဖြစ်ကြသည်။ မဟာဆွေသည် အရေးတော်ပုံခေါင်းဆောင် ဂဠုန်ဆရာစံ၏ နယ်ချဲ့တော်လှန်ရေးနှင့် တော်လှန်ရေးကြောင့် ရရှိလာသော အကျိုးအပြစ်များကို ဇာတ်လမ်းဖွဲ့ကာ "အကျိုးဆောင်ကြီး" ဝတ္ထုကို ရေးသားခဲ့သည်။ ရန်ကုန်မြို့ သူရိယသတင်းစာတိုက်မှ ၁၉၅၃ ခုနှစ်တွင် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည်။

ဗန်းမော်တင်အောင်သည် 'ငသြ' ဝတ္ထုကိုရေးဖွဲ့ကာ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားအရေးတော်ပုံအား ဂုဏ်ပြုထားသည်။ ဗန်းမော်တင်အောင်၏ 'ငသြ' ဝတ္ထုအမှာစာတွင် 'ငသြ'အမည်ရှိ ဝတ္ထုကို ရေးသားခြင်းပြုရာ၌ ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၁ ခုနှစ်များအတွင်းက မြန်မာနိုင်ငံ၌ ဖြစ်ပွားပေါ်ပေါက်ခဲ့သော တောင်သူလယ်သမားစစ်ပွဲကြီး ဖြစ်ပွားရခြင်းအကြောင်းရင်းများနှင့် ရှုံးနိမ့်ရသော အကြောင်းအချက်များကို အတတ်နိုင်ဆုံး စုံစမ်းလေ့လာ၍ ဝတ္ထုဖတ်သော စာဖတ်ပရိသတ်များပါ လွယ်လင့်တကူ သဘောပေါက် နားလည်လွယ်အောင် ရေးသားဖော်ပြရန် အားထုတ်ထားသည်ဟု ရေးထားသည်။ 'ငသြ' ဝတ္ထု၏ဇာတ်လမ်းမှာ ဤသို့ဖြစ်သည်။

သုံးဆယ်မြို့ ပန်းဆွဲရွာသား ငသြသည် ချမ်းသာသော လယ်သမားမိသားစုမှ ဆင်းသက်လာသူဖြစ်သည်။ ငသြသည် ပိုက်ဆံကိုသုံးဖြုန်းကာ အချိန်ရှိသ၍ သောက်စားမူးယစ်ကာနေသည်။ ငသြသည် မဟုတ်လျှင်မခံတတ်သောစိတ် ရှိသဖြင့် ပုလိပ်စသော အာဏာပိုင်များနှင့် မကြာခဏ ရန်ဖြစ်လေ့ရှိသည်။ ငသြသည် သူကြီးနှင့် ပုလိပ်တို့၏ ညှဉ်းပန်းနှိပ်စက်မှုကိုခံရပါများလာသောအခါ နာကြည်းခံပြင်းလာသည်။ နာကြည်းခံပြင်းမှုကြောင့် ငသြသည် တိုင်းရေးပြည်ရေးဘက်သို့ တစ်စတစ်စ ပါဝင်လာသည်။

တစ်ခါတွင် ငသြနှင့် ငယ်စဉ်ကတည်းက အတူနေလာသူ မယ်အိမ်ဆိုသော မိန်းကလေးအား သူကြီးဦးမင်းခေါင်က မတော်မတရား ကြံစည်ကြိုးပမ်းခဲ့သဖြင့် ငသြက ဝင်ရောက်ကာကွယ်ပေးခဲ့ရာမှ ငသြဝရမ်းပြေးဘဝသို့ ရောက်သွားခဲ့သည်။ ဝရမ်းပြေးဘဝတွင် ကုလားနှင့် တရုတ်သူဌေးများထံ အဓမ္မငွေတောင်းမှုကြောင့် ဗြိတိသျှအစိုးရ၏ ဝရမ်းထုတ်ခြင်းခံရ၏။ ၁၉၃၀ ပြည့်နှစ် တောင်သူလယ်သမားအရေးတော်ပုံကြီး ဖြစ်ပွားလာသောအခါ ငသြသည် ဂဠုန်တပ်သားအဖြစ် ပါဝင်ခဲ့သည်။ ဆရာစံ ကြိုးပေးခံရပြီးနောက်ပိုင်းတွင်လည်း ငသြသည် အင်္ဂလိပ်အစိုးရအား ဆက်လက်ပြီး ပုန်ကန်ခဲ့သည်။ နောက်ဆုံးတွင် ချစ်သူ ထားကြည်၏ အဒေါ် ယုတ်မာမှုကြောင့် အင်္ဂလိပ်အစိုးရ၏ ချောင်းမြောင်းပစ်ခတ်ခြင်းခံရကာ ငသြသေဆုံးခဲ့သည်။

'ငသြ' ဝတ္ထုမှာ စာမျက်နှာ-၄၀၄ မျက်နှာရှိပြီး ၁၉၆၁ ခုနှစ်က တိုင်းကျော်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ကာ အုပ်ရေ ၃၅၀၀ ထုတ်ဝေခဲ့သည်။

ဆင်ဖြူကျွန်းအောင်သိန်းသည် 'ဂဠုန်ဆရာစံ' အမည်ဖြင့် ဝတ္ထုတစ်ပုဒ်ရေးသားခဲ့သည်။ ဆရာစံနှင့် တောင်သူလယ်သမားအရေးတော်ပုံကို အခြေခံထားသော ဝတ္ထုဖြစ်သည်။ ၁၉၃၀ ပြည့်နှစ် အရေးတော်ပုံဖြစ်ပွားရခြင်းအကြောင်းများ၊ တောင်သူလယ်သမားများက အင်္ဂလိပ်နယ်ချဲ့အစိုးရကို တော်လှန်ကြပုံများနှင့် တောင်သူလယ်သမားခေါင်းဆောင် ဂဠုန်ဆရာစံအကြောင်းကို ရေးဖွဲ့ထားသည်။

ဂဠုန်ဆရာစံဝတ္ထု အမှာစာတွင် ဆင်ဖြူကျွန်းအောင်သိန်းက 'ကျွန်ုပ်တို့ကြားရည်ဝနေသော ဆရာစံ၏အကြောင်းအရာသည် ဤဝတ္ထုနှင့်ခြားနားကောင်း ခြားနားပေမည်၊ သို့သော် ဤဝတ္ထုကား အမှားကိုအမှန်ဟု ကြံစည်လီဆယ်၍ ရေးသားခြင်းမဟုတ်ကြောင်းကို ဝန်ခံလိုသည်၊ အမှန်ကိုပေါ်လွင်စေ၍ ဤခေတ် တောင်သူလယ်သမားတို့၏ ကြီးမားသောလှုပ်ရှားမှု အစိတ်အပိုင်းအချို့ကို ပေါင်းစပ်၍ ဂုဏ်ပြုထုတ်ဖော်ပြပါသည်'ဟု ရေးထားသည်။

ဂျူန်ဆရာစံဝတ္ထုကို ၁၉၆၄ ခုနှစ်က ပုဂံစာအုပ်တိုက်တွင် ရိုက်နှိပ်သည်။ စာမျက်နှာ ၃၆၇ မျက်နှာ ရှိသည်။

စာရေးဆရာမ စိန်စိန်သည် သာယာဝတီထောင်တွင် ကြိုးပေးခံရသော အရေးတော်ပုံ ဂျူန်ဗိုလ် ဗိုလ်လှအုန်းအကြောင်းကို 'နှင်းသက်ဆယ်ပြန်' အမည်ဖြင့် ဝတ္ထုတစ်ပုဒ်ရေးခဲ့သည်။ တကယ့်အဖြစ်မှန်အား ဝတ္ထုအဖြစ် ဖန်တီးရေးဖွဲ့ထားခြင်းဖြစ်သည်။ နှင်းသက်ဆယ်ပြန် ဝတ္ထုဇာတ်လမ်း အကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်။

သာယာဝတီမြို့နယ် ဖြေူကလေးရွာသား မောင်လှအုန်းသည် ခေတ်ပညာတတ်ဖြစ်သည်။ ချမ်းချမ်းသာသာနေနိုင်သော်လည်း မနေခဲ့ပေ။ ဗြိတိသျှအစိုးရ၏ လယ်ခွန်နှင့် လူခွန်တောင်းခံမှု၊ ညှဉ်းပန်းနှိပ်စက်မှုများကို မခံမရပ်နိုင်ဖြစ်ကာ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကြီးတွင် သူပုန်အဖြစ် ပါဝင်ခဲ့သည်။ ဗိုလ်လှအုန်းမှာ ကန်နီရွာတွင် အစိုးရစစ်တပ်နှင့် တိုက်ပွဲဖြစ်ပွားရာ တိုက်ပွဲတွင် ခြေထောက်ဒဏ်ရာရသဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ အိမ်ရောက်ပြီး မကြာမီ ဖြေူကလေးရွာသူကြီး ဦးသာမြတ်၏ သတင်းပေးချက်အရ ဗိုလ်လှအုန်း အဖမ်းခံရသည်။ သာယာဝတီထောင်တွင် အချုပ်သားအဖြစ် အင်္ဂလိပ်တို့၏ နှိပ်စက်မှုကိုခံရကာ ၁၉၃၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်တွင် တရားသူကြီး မစ္စတာ ကန်းလစ်ဖ် ခေါင်းဆောင်သော အဖွဲ့က ဗိုလ်လှအုန်းအား သေဒဏ်အပြစ်ပေးခဲ့သည်။ သေခါနီးတွင် ဗိုလ်လှအုန်းသည် မိခင်၊ ဇနီးနှင့် မြန်မာပြည်သူပြည်သားများအတွက် စာသုံးစောင် ရေးခဲ့သည်။



စိန်စိန်သည် ဗိုလ်လှအုန်းအကြောင်း ဂုဏ်ပြုရေးဖွဲ့ထားသည့် 'နှင်းသက်ဆယ်ပြန်' ဝတ္ထုကို မြင့်မြင့်သန်းစာပေမှ ၁၉၆၆ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေခဲ့သည်။

တင့်ဆန်းသည် ဆရာစံဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံအကြောင်းကို အခြေခံကာ 'အငတ်မခံ' ဝတ္ထုကို ရေးဖွဲ့ခဲ့သည်။

မြန်မာတောင်သူလယ်သမားများသည် အင်္ဂလိပ်နယ်ချဲ့တို့ စိုးမိုးအုပ်စိုးစဉ်ကာလက မတရားဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုး ခံခဲ့ကြရသည်။ မခံရပ်နိုင်သည့်အဆုံးတွင် ဆရာစံဦးဆောင်ကာ တောင်သူလယ်သမားများသည် အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်ခဲ့ကြသည်။ ဖောင်ကြီးဒေသတစ်ဝိုက်မှ အဖိနှိပ်ခံတောင်သူလယ်သမားများသည် ဆရာစံနှင့်ဆက်သွယ်ကာ အင်္ဂလိပ်အစိုးရအား တော်လှန်တိုက်ပွဲဝင်ခဲ့သည့်အကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်သည်။

အငတ်မခံဝတ္ထုကို ပုဂံစာအုပ်တိုက်မှ ၁၉၆၇ ခုနှစ်က ထုတ်ဝေခဲ့သည်။

**ဆရာစံနှင့် အရေးတော်ပုံအကြောင်း ရုပ်ရှင်များ**

ဆရာစံအား ရှမ်းပြည်တွင်ဖမ်းမိကာ သာယာဝတီထောင်သို့ ပို့လိုက်ပြီဖြစ်ကြောင်း သတင်းစာများတွင် ဖော်ပြခဲ့ကြသည်။ ထိုအခါ သတင်းစာဆရာများသည် သာယာဝတီထောင်သို့ သွားရောက်သတင်းယူကြသည်။ မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ ဦးမောင်မောင်ခင်သည် သာယာဝတီသို့ ဆရာစံသတင်းယူရန် လာသောအခါ ၎င်း၏မိတ်ဆွေဖြစ်သူ မြန်မာ့အဆွေ

ရုပ်ရှင်ကုမ္ပဏီမှ ဦးမောင်မောင်စိုးလည်း ဆရာစံသတင်းအား ရုပ်ရှင်ရိုက်ကူးရန် ဦးမောင်မောင်ခင်နှင့်အတူ သာယာဝတီသို့ လိုက်လာသည်။

သာယာဝတီသို့ရောက်သောအခါ ဦးမောင်မောင်စိုးသည် မျက်နှာဖြူအရာရှိ စစ်ဗိုလ်ထံ ဆရာစံသတင်းကားအား ရိုက်ကူးခွင့်တောင်းရာ ရိုက်ကူးခွင့်ရခဲ့သည်။ ရိုက်ကူးခွင့်ရသည်ဆိုသော်လည်း ဆရာစံနှင့် ၁၀ ပေ အကွာမှ ရိုက်ကူးခွင့်ရခဲ့ခြင်းဖြစ်သည်။ ၎င်းအပြင် ဓာတ်ပုံဆရာနှင့် ဒါရိုက်တာတို့ကိုသာ ခွင့်ပြုသည်။ အခြားလူပိုများကို ခွင့်မပြုပေ။ ဤသို့ဖြင့် ဦးမောင်မောင်စိုးသည် အသင့်ခေါ်လာသော ဓာတ်ပုံဆရာနှင့်အတူ ဆရာစံအား ချုပ်ထားရာ သာယာဝတီထောင်တွင်လည်းကောင်း၊ ဆရာစံအား စစ်ဆေးရန် ရုံးထုတ်လာပုံအားလည်းကောင်း၊ ဆရာစံအား တရားရုံးတွင် စစ်ဆေးနေပုံတို့ကိုလည်းကောင်း သတင်းကား ရိုက်ကူးခဲ့သည်။

ဆရာစံသတင်းကားရိုက်ကူးရာတွင် ဦးမောင်မောင်စိုးသည် ဆရာစံအား သာယာဝတီထောင်မှ တရားရုံးသို့ စစ်ဆေးရန်ထုတ်လာသည့်အခါ ဆရာစံကို အချုပ်ကားပေါ် တင်မခေါ်ခင် လက်ထိပ်ခတ်ပြီး ပုလိပ်နှစ်ယောက်က ဆရာစံဘေးမှညှပ်၍ ဆရာစံအား လမ်းလျှောက်ခိုင်းပြီး ရိုက်ကူးကာ ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်စွဲဖြင့် ပြသခွင့်ရသည်။ ဆရာစံသတင်းကားအား ရုံတင်ပြသည့်အခါ ကြည့်ရသူတိုင်း စိတ်မကောင်းဖြစ်ခဲ့ကြသည်။[၁]

---

**၁။ ရွှေလေးမောင်၊ ပြည်သူချစ်ခဲ့သော ရုပ်ရှင်အနုပညာသည်ကြီးများ၊ စာ–၃၀၅။**



၁၉၃၀ ပြည့်နှစ် ဆရာစံဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကြီးအကြောင်း ရုပ်ရှင်ရိုက်ကူးသော ဇာတ်ကားတစ်ကားရှိသည်။ အလံတောင်အမည်ရှိ ဇာတ်ကားဖြစ်သည်။ ဒါရိုက်တာမှာ ဦးပါကြီး ဖြစ်သည်။ မင်းသားဘချစ်နှင့် မင်းသမီး ခင်မြရင်တို့ သရုပ်ဆောင်ထားကြသည်။ ဆရာစံ၏ ဂဠုန်တပ်ဖွဲ့များသည် သာယာဝတီနယ်၊ အလံတောင်တောတွင်း စခန်းတွင် အခိုင်အမာတပ်စွဲကာ ဗြိတိသျှအစိုးရအား လက်နက်ကိုင် ပုန်ကန်ခဲ့သော မြန်မာတို့၏ သူ့ကျွန်မခံလိုသောစိတ်ဓာတ်ကို ဖော်ကျူးထားသည့် တော်လှန်ရေးဇာတ်ကားဖြစ်သည်။ ထိုဇာတ်ကားသည် အထိုးအခုတ်၊ အသတ်အပုတ်၊ ခုန်ပျံကျော်လွှားများပါသည့် စတန့်ဇာတ်ကားဖြစ်သည်။[၂]

## ဆရာစံနှင့် အရေးတော်ပုံအကြောင်း ကာတွန်းများ

ကာတွန်းဆရာ ဦးဘကလေး (ရွှေတလေး)၏ ကာတွန်းသက်တမ်းတစ်လျှောက်တွင် လယ်သမားအကြောင်း ကာတွန်းများကို အများဆုံးရေးဆွဲခဲ့သည်။ ၁၉၃၀ ပြည့်နှစ် ဆရာစံ ဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်လာသောအခါ ဖြစ်ပွားရသည့်အကြောင်းရင်း အဖြစ်မှန်များကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများက ဖော်ပြခဲ့ကြသည်။ သို့ရာတွင် အင်္ဂလိပ်အစိုးရက အဖြစ်မှန်များကို ဖုံးဖိကာ ဆရာစံ ဘုရင်

---

**၂။ မောင်လွမ်းနွယ် (အောင်လံ)၊ ထိုးခုတ်၊ သတ်ပုတ်၊ ခုန်ပျံကျော်လွှား စတန့်ဇာတ်ကားများနှင့် နိမိတ်ပုံ၊ ရုပ်ရှင်အမြုတေ၊ အတွဲ (၁)၊ အမှတ် (၉)၊ (ဒီဇင်ဘာလ၊ ၂၀၀၄ ခုနှစ်)၊ စာ–၆၅။**

လုပ်ချင်၍ အရေးတော်ပုံကြီးဖြစ်ပွားခဲ့သယောင်ယောင် ဝါဒဖြန့်ခဲ့ကြသည်။ ထိုအခါ ကာတွန်းဦးဘကလေးက မြန်မာ့အလင်းသတင်းစာ၊ ဗန္ဓုလဂျာနယ်နှင့် ဒီးဒုတ်ဂျာနယ် စသည်တို့တွင် ကာတွန်းများရေးဆွဲကာ အရေးတော်ပုံ ဖြစ်ပွားရသည့် အကြောင်းရင်း အဖြစ်မှန်များကို ပြည်သူတို့အား တင်ပြခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် စပါးဈေးမှာ ကျပ် ၁၀၀ ထက်မပိုပေ။ ၁၉၂၄ ခုနှစ်က စပါးဈေးနှင့်နှိုင်းယှဉ်လျှင် လေးချိုးတစ်ချိုးကွာနေသည်။ ထို့ကြောင့် တောင်သူလယ်သမားတို့၏ဝင်ငွေမှာလည်း လေးချိုးတစ်ချိုးသာရတော့သည်။ ဤကဲ့သို့ စပါးဈေးနှုန်းများ ကျဆင်းသဖြင့် တောင်သူလယ်သမားများမှာ စီးပွားရေးကျပ်တည်းကာ ငွေလိုနေကြ၏။ အင်္ဂလိပ်အစိုးရက တောင်သူလယ်သမားများလိုနေသောငွေကို ထုတ်ချေးသော အမတော်ကြေးငွေမှာလည်း ရွာတစ်ရွာအတွက် လုံလောက်သော စရိတ်မဟုတ်ပေ။ ထို့ကြောင့် တောင်သူလယ်သမားတို့မှာ ဒုက္ခပင်လယ်ဝေလျက်ရှိသည်။ အစိုးရက အိန္ဒိယတိုင်းသား ချစ်တီးလူမျိုးများအား ၎င်းတို့ကြိုက်သည့်အတိုးနှင့် ကြိုက်သလို ငွေချေးခွင့်ပြုထားရာ ချစ်တီးကုလားများကလည်း ငွေတစ်ရာလျှင် ၁၅/-တိုး၊ ၂၀/-တိုး၊ ၂၅/-တိုး စသည်ဖြင့် အတိုးကြီးယူကာ ငွေချေးကြသည်။ ချေးငွေကိုလည်း စပါးဖြင့် ဆပ်ခိုင်းကြသည်။ စပါးမပေးနိုင်က လယ်ကိုသိမ်းယူသည်။ တောင်သူလယ်သမားများမှာ ငွေတိုးချေးစားသည့် ချစ်တီးကုလားများ၏ ညစ်ပတ်မှုဒဏ်ကို ခံရသည့်အပြင် အစိုးရ၏ ကြီးလေးသော အခွန်တော်စည်းကြပ်မှုကိုပါ ခံနေကြရသဖြင့် ဆရာစံဦးဆောင်သော တောင်သူလယ်သမားများက အင်္ဂလိပ်



အစိုးရအား လက်နက်ကိုင်တော်လှန်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့သည်။ ဤသည်ကို ဦးဘကလေးက 'ချစ်တီးကဆူ၊ အခွန်တော်ကပူ၊ လူစင်စစ်က ဂဠုန်ဖြစ်' ဟု ကာတွန်းဆွဲပြီး ၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်ထုတ် ဗန္ဓုလ ဂျာနယ်တွင် ဖော်ပြခဲ့သည်။



(ဗန္ဓုလဂျာနယ် ၂၂-၂-၃၃)

အရေးတော်ပုံဖြစ်ပွားစ ပထမပိုင်းတွင် အရေးတော်ပုံ ဂဠုန်တပ်သားများက အစိုးရကင်းဂတ်များနှင့် ကျေးရွာသူကြီးများ၏အိမ်များကို မကြာခဏ ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ သေနတ်များလုယူခဲ့ကြသဖြင့် လူအများအထိတ်တလန့်ဖြစ်နေကြသည်။ ထို့ကြောင့် အစိုးရက သူပုန်များ သွားလာလှုပ်ရှားမှုများအား သတင်းပေးသူများကို ဆုငွေများပေးမည်ဟု ကြေညာခဲ့သည်။ ၎င်း

အပြင် သူပုန်တစ်ယောက်ကိုဖမ်းမိလျှင် ဆုငွေ ၂၀၀ိ/-၊ ၅၀၀ိ/- စသည်ဖြင့် ပေးမည်ဟူ၍လည်းကောင်း၊ ဆရာစံအား ဖမ်းဆီးပေးလျှင် ဆုငွေ ၁၀,၀၀၀ိ/- ပေးမည်ဟူ၍လည်းကောင်း ကြေညာခဲ့သည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်ကမျှ သူပုန်များကို လက်ညှိုးညွှန်ပြပြီး အင်္ဂလိပ်အစိုးရထံ၌ ဆုငွေမထုတ်ကြောင်းကို ဦးဘကလေးက ‘ဂဠုန်ပေါက်စျေးနဲ့ ရွှေတလေးစိတ်ကူး’ ဟု ခေါင်းစဉ်တပ်ကာ ၁၉၃၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်ထုတ် ဗန္ဓုလဂျာနယ်တွင် ရေးဆွဲပြီး သရော်ထားပါသည်။



(၁၇-၆-၃၁ ဗန္ဓုလဂျာနယ်)



တောင်သူလယ်သမားအရေးတော်ပုံကြီး ဖြစ်ပွားသည့်အခါ အစဦးပိုင်းတွင် အရေးတော်ပုံဂဠုန်တပ်သားများက အစိုးရအပေါ် အောင်ပွဲခံ အသာရနေသောအချိန် ဖြစ်သည်။ အစိုးရဘက်မှ ပုလိပ်များ အရေးနိမ့်ပြီး အကျအရှုံးများစွာဖြင့် ထွက်ပြေးရသည့်သတင်းကို ကာတွန်းဦးဘကလေးက ကာတွန်းရေးဆွဲပြီး သရော်ခဲ့သည်။

ပုလိပ်ရာဇဝတ်ဝန်ထောက် ဦးဖိုးကြွင်နှင့် ပုလိပ်ပတ္တရောင် ၂၀ ဦးခန့်သည် ၁၉၃၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်က လက်ပံတန်းအရှေ့ မှော်အင်းကျပ်ကလေးရွာသို့ သွားသောလမ်းတစ်လျှောက် ကင်းလှည့်မည့်သတင်းကို ဗိုလ်စံထူးခေါင်းဆောင်သော ဂဠုန်တပ်ဖွဲ့တစ်ဖွဲ့က သတင်းရခဲ့သည်။ ဗိုလ်စံထူးနှင့် ဂဠုန်တပ်ဖွဲ့တစ်ဖွဲ့သည် ကင်းလှည့်လာသော ရာဇဝတ်ဝန်ထောက်ကားကို စီးနင်းတိုက်ခိုက်ရာ ပုလိပ်ပတ္တရောင်အဖွဲ့မှာ ကစဉ့်ကလျားဖြစ်ကာ လက်နက်အချို့ကို စွန့်ခဲ့ပြီး အနီးရှိကြို့ပင်စခန်းရွာထဲသို့ ဝင်ရောက်ထွက်ပြေးခဲ့ကြသည်။ ထို့နောက် ပုလိပ်များသည် ရွာထဲရှိ အိမ်များမှ အဝတ်များကိုယူ၍ ပုလိပ်ယူနီဖောင်းများဖြင့် လဲလှယ်၍ဝတ်ကာ ပုန်းအောင်းနေကြသည်။ ထိုအကြောင်းကို အရေးတော်ပုံ ဂဠုန်တပ်သားများကသိသဖြင့် ဝင်ရောက်ရှာဖွေရာ ပုလိပ်မောင်ပျိုဆိုသူကို မိန်းမထဘီဝတ်လျက်နှင့် တွေ့ရသည်။ ထိုအခါ ပုလိပ်မောင်ပျိုက သူ့အားမသတ်ရန် အကြိမ်ကြိမ်တောင်းပန်သဖြင့် အရေးတော်ပုံဂဠုန်တပ်ဖွဲ့က ပုလိပ်မောင်ပျိုအား ဆုံးမပြီး လွှတ်လိုက်ကြသည်။[၃]

---

၃။ ရဲဘော်ဖိုးဖြူ၊ ဗြိတိသျှစိုးမိုးသူအား ကျွန်ုပ်တို့တော်လှန်ကြစဉ်က၊ (နိုင်ငံဘာလ၊ ၁၉၆၉)၊ စာ-၁၃၇-၁၃၈။



ဤတွင် ကာတွန်းဆရာ ဦးဘကလေးက ပုလိပ်များ အရေးနိမ့်ကာ ပုလိပ်မောင်ပျိုဆိုသူ မိန်းမထဘီဝတ်ပြီး ထွက်ပြေး၍ အသက်ဘေးမှ လွတ်မြောက်သွားသည့်သတင်းကို မှီပြီး 'အချိတ်ထဘီနဲ့ ပုလိပ်မဒီဘွဲ့၊ လေးဆစ်သဖြန်' အမည်ဖြင့် ၁၉၃၁ ခုနှစ်ထုတ် ဒီးဒုတ်ဂျာနယ်တွင် ရေးဆွဲကာ သရော်ထားသည်။

အဆိုပါ ကြို့ပင်စခန်းတိုက်ပွဲ၌ ထွက်ပြေးခဲ့ကြသည့် ပုလိပ်



များအနက် ရာဇဝတ်အုပ် မောင်တင်မြင့်၊ ပုလိပ်တပ်သား မောင်ဘထွန်းနှင့် ပုလိပ်တပ်သား မောင်ပျိုတို့ကို အစိုးရက ရာထူးမှ ခေတ္တချကာ တရားစွဲဆိုခဲ့သည်။

ဆရာစံဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကြီး ဖြစ်ပွားနေချိန်က ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီးနှင့် ကြုံနေချိန်ဖြစ်သဖြင့် မြန်မာတစ်နိုင်ငံလုံး တောရောမြို့ပါ ဆင်းရဲကျပ်တည်းကြသည်။ လုပ်ကိုင်စားသောက်စရာမရှိဖြစ်ကာ ကြံရာမရဖြစ်ကြသည်။ ထိုစဉ်က အင်္ဂလိပ်အစိုးရက ဂဠုန်သူပုန်များကို



ဖမ်းပေးသူအား ဆုငွေပေးမည်ဟု ကြေညာခဲ့သည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် ဆရာစံလုပ်ပြီး အဖမ်းခံကာ ဆုငွေထုတ်ယူချင်သည်ဟု ဆင်းရဲကျပ်တည်းနေသူများက ကြံမိကြံရာ ကြံချင်သည့် ကာတွန်းကို ဦးဘကလေးက 'ကြံမိကြံရာ ဘွဲ့ဒွေးချိုး' အမည်ဖြင့် ကာတွန်းရေးဆွဲကာ ၁၉၃၁ ခုနှစ် ဗန္ဓုလဂျာနယ်၌ ဖော်ပြခဲ့သည်။

ဤသို့ဖြင့် ကာတွန်းဦးဘကလေးသည် တောင်သူလယ်သမားအရေးတော်ပုံကြီး ဖြစ်ပွားစဉ်အခါက ထုတ်ဝေခဲ့ကြသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ကာတွန်းများရေးဆွဲကာ အရေးတော်ပုံဖြစ်ပွားရခြင်း အကြောင်းရင်း အဖြစ်မှန်များကို ဖော်ထုတ်တင်ပြခဲ့သလို ကာတွန်းများဖြင့် အင်္ဂလိပ်အစိုးရအား သရော်ခဲ့ပေသည်။

၀၀၀



**နောက်ဆက်တွဲ (က)**

## ဆရာစံ၏ ဘဝဖြစ်စဉ်ရက်စွဲများ

၁၈၇၆ - ၁၂၃၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ အင်္ဂါနေ့ည ၁၁ နာရီ ၅၅ မိနစ် အချိန်တွင် အဘဦးကြေး၊ အမိဒေါ်ဖက်တို့မှ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ သရက်ကန်အရှေ့ရွာတွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်စံရှား ဖြစ်သည်။ မွေးချင်း ငါးယောက်အနက် အငယ်ဆုံးဖြစ်သည်။ အစ်ကိုနှင့် အစ်မများမှာ ကိုရာကြူး၊ ကိုရာဒန်၊ မအေးမြင့်၊ မအေးဆင့်တို့ ဖြစ်ကြသည်။

- ဆရာစံတွင် မရွက်အမည်ရှိ ဖအေတူ မအေကွဲ အစ်မတစ်ယောက်ရှိသေးသည်။

၁၈၈၁ - ရွှေဘိုနယ် မင်းကုန်းကျောင်း၊ ဦးမင်္ဂလာဆရာတော်ထံ ပညာစတင်သင်ကြားသည်။

၁၈၈၃ - မြင်းသူကြီးရွာ ဘုန်းကြီးဦးကလျာဏ (လူအမည် ဦးမူဒယ်) ကျောင်း၌ ပညာဆက်လက်သင်ကြားသည်။

၁၈၈၈ - သရက်ကန်ကျေးရွာ ဘုန်းတော်ကြီး ဦးသူရိယကျောင်း၌ ပညာသင်ကြားပြန်သည်။

၁၈၉၀ - ဖခင် ဦးကြေး ကွယ်လွန်သည်။

၁၈၉၁ - ရှင်သာမဏေ ဝတ်သည်။ တစ်နှစ်ခန့် ကြာသည်။

၁၈၉၂ - ထိပ်တင်ကြီး ဦးစောဖိတ် (အိမ်ရှေ့မင်းသားကြီး) နှင့်အတူ မိုးကုတ်မြို့သို့တက်၍ ဆေးကုရန်၊ ဇာတာဖွဲ့ရန် သွားသည်။

၁၈၉၃ - သရက်ကန်ရွာသို့ ပြန်လာပြီး လယ်လုပ်သည်။

၁၈၉၅ - အောက်ပြည်အောက်ရွာသို့ ဆင်း၍ အလုပ်လုပ်သည်။

၁၈၉၆ - မိခင်ဒေါ်ဖက် ကွယ်လွန်သည်။ ထို့နောက် မန္တလေးမြို့သို့သွားပြီး မြတောင်တိုက်တွင် နှစ်နှစ်ခန့် သက်န်းစည်းသည်။

၁၈၉၉ - တော်ငူဘက်သို့ သွားရောက်နေထိုင်စဉ် ဖြူးမြို့ အရှေ့ဘက် ငါးကောင်းအင်းရွာနေ မမယ်ကေနှင့် အိမ်ထောင်ပြုသည်။ မမယ်စိန်နှင့် မောင်ရွှေရင်အမည်ရှိ သမီးတစ်ယောက်၊ သားတစ်ယောက် ထွန်းကားသည်။

၁၉၀၈ - ဇနီးသည် မမယ်ကေနှင့်လင်မယား ကွာရှင်းသည်။ ထို့နောက် မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်း၊ ထန်းပင်ကုန်းရပ် ဒေါ်ဖွား၏နေအိမ်တွင် နေထိုင်ရင်း ဆေးဆရာအဖြစ် ဆေးကုသနေသည်။

၁၉၀၉ - ကော့ကရိတ်မြို့သို့သွားကာ ဆေးကုသည်။ ထိုစဉ် ရဟန်းခံ၍ ရဟန်းဘဝဖြင့် နှစ်နှစ်ခန့်နေပြီး လူထွက်သည်။

၁၉၁၁ - မော်လမြိုင်၊ ပေါင်၊ ကျွဲခြံနှင့် ဘီလူးကျွန်းတို့တွင် လှည့်လည်ကာ ဆေးကုသသည်။ ထိုစဉ်က ကော့ကရိတ်နှင့် မော်လမြိုင်မြို့တို့တွင် ဆေးဆိုင်တစ်ဆိုင်စီ ဖွင့်ထားသည်။

၁၉၁၂ - ပေါင်၊ ကျွဲခြံမှ သူဌေး ဦးဘိုးတင်၊ ဒေါ်သဲရီတို့ နေအိမ်တွင် နေထိုင်ကာ ဆေးကုသရင်း ဆန်စပါး အရောင်းအဝယ်လုပ်သည်။



၁၉၁၄ - ကမာမိုရွာသို့သွားကာ နှစ်နှစ်ခန့် ဆေးကုသသည်။

၁၉၁၆ - ဇွန်လတွင် ကျိုက်ထီးရိုးဘုရားတွင် ၁၀ ရက်ကြာ ဥပုသ်စောင့်သည်။ ထို့နောက် ဇင်းကျိုက်ဘုရား၌ ဥပုသ်ရက်ရှည်စောင့်သည်။ ထိုစဉ် အသက် ၄၀ ပြည့်သဖြင့် ရည်ရွယ်ထားသည့်အတိုင်း လက္ခဏာဗေဒကျမ်းကို စတင်ရေးသားသည်။

၁၉၁၇ - ကမာမိုရွာသို့ ပြန်လာကာ ဓမ္မရက္ခိတအသင်းတစ်သင်းကို ဦးစီးဦးဆောင်ပြုကာ ဖွဲ့စည်းသည်။ ထိုအသင်းတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ ထို့နောက် သမဝါယမအသင်းနှင့် ဆက်သွယ်ကာ ဓမ္မရက္ခိတအသင်းကို ငွေစုငွေချေးအသင်းအဖြစ် စီမံဆောင်ရွက်သည်။

၁၉၂၀ - ဘီလူးကျွန်းတွင် နေထိုင်ကာ ညောင်ကျောင်းဝင်းအတွင်း၌ သိမ်ဆောက်ရန်၊ မဟာဒုတ် စာရေးတံမဲများပြုလုပ်ပြီး အလှူငွေကောက်ခံသည်။ ထိုအခါ အစိုးရက ထီဖွင့်လှစ်သည်ဟု တရားစွဲဆိုကာ ထောင်ဒဏ်အပြစ်ပေးသဖြင့် မော်လမြိုင်ထောင်၌ ခုနစ်လခွဲတိတိ ထောင်ကျသည်။

၁၉၂၂ - ထောင်ကလွတ်ပြီးနောက် ကမာမိုရွာတွင် ဆေးကုသသည်။

၁၉၂၃ - ကမာမိုရွာတွင် သီရိဥတ္တမအသင်းကိုဖွဲ့စည်းကာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ထို့နောက် လှိုင်ပုကျော်၊ ဂျီစီဘီအေအသင်းနှင့် ဆက်သွယ်သည်။

၁၉၂၄ - မေလ ၁၀ ရက်မှ ၁၃ ရက်အထိ ပေါင်းတည်မြို့၌ ကျင်းပသော ၁၁ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ဂျီစီဘီအေ နှစ်ပတ်လည်ညီလာခံသို့ မော်လမြိုင်ခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၂၅ - ဇွန်လ ၁၆ ရက်မှ ၁၈ ရက်အထိ ရွှေဘိုမြို့၌ကျင်းပသော ၁၂ ကြိမ်မြောက် လှိုင်ပုကျော် ဂျီစီဘီအေ ညီလာခံကြီးသို့ ခရိုင်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၂၆ - ဧပြီလ ၇ ရက်မှ ၁၀ ရက်အထိ မိတ္ထီလာမြို့၌ကျင်းပသော ၁၃ ကြိမ်မြောက် ဦးစိုးသိမ်း ခေါင်းဆောင်သော ဂျီစီဘီအေ အသင်းချုပ်ညီလာခံကြီးသို့ ခရိုင်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၂၇ - မတ်လတွင် ပဲခူးမြို့၌ကျင်းပပြုလုပ်ခဲ့သော ဦးစိုးသိမ်း ဂျီစီဘီအေ အသင်းချုပ်ကြီး၏ ၁၄ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ညီလာခံကြီးသို့ မကျန်းမာသဖြင့် မတက်ရောက်နိုင်ခဲ့ပါ။

၁၉၂၈ - ဖေဖော်ဝါရီလတွင် မင်းဘူးမြို့၌ကျင်းပသော ၁၅ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ညီလာခံကြီးသို့ ခရိုင်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ထိုညီလာခံကြီးက စုံစမ်းရေးကော်မတီကို ဖွဲ့စည်းသောအခါ ထိုအဖွဲ့၏ဥက္ကဋ္ဌတာဝန်ကိုယူရသည်။



- မင်းဘူးညီလာခံကြီးသို့ တက်ရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့ ဂျီစီဘီအေ အသင်းတိုက်၌ နေထိုင်ကာ စုံစမ်းစစ်ဆေးရေးကိစ္စအား လုံးပမ်းခဲ့သည်။
- ဖေဖော်ဝါရီလ ၂၅ ရက်မှ ဇူလိုင်လအထိ ငါးလကြာ စုံစမ်းရေးကော်မတီဥက္ကဋ္ဌအဖြစ် သာယာဝတီခရိုင်၊ ဖျာပုံခရိုင်၊ ပြည်ခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ သရက်ခရိုင်၊ အင်းစိန်ခရိုင်များအတွင်းရှိ ကျေးရွာများသို့ လှည့်လည်သွားလာကာ စုံစမ်းစစ်ဆေးခဲ့သည်။

၁၉၂၉ - မတ်လ ၂၄ ရက်မှ ၂၇ ရက်အထိ တောင်ငူမြို့၌ ကျင်းပသော ၁၆ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ညီလာခံကြီးသို့ ခရိုင်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၃၀ - ဇန်နဝါရီလ ၁၇ ရက်တွင် မော်လမြိုင်မှ သာယာဝတီသို့ ထွက်ခွာလာခဲ့သည်။
- အောက်တိုဘာလ ၂၆ ရက်တွင် အင်းရွာ၊ မကျီးကုန်းဘုန်းကြီးကျောင်း၌ ဝံသာနုလယ်သမားခေါင်းဆောင်ကြီးများနှင့် အစည်းအဝေးပြုလုပ်ကာ ဂဠုန်အသင်းတစ်သင်းကို စတင်ဖွဲ့စည်းသည်။
- အောက်တိုဘာလ ၂၈ ရက်ည ၁၁ နာရီ ၃၇ မိနစ် အချိန်တွင် အင်းစိန်ခရိုင် (ယခု ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်) မြစိမ်းတောင်ဘုရားရှိ ဇရပ်တွင် ဘိသိက်မင်္ဂလာပွဲကျင်းပကာ သုပဏ္ဏကဂဠုန ရာဇာဘွဲ့ကို ခံယူသည်။ ည ၁၁ နာရီ ၅၀ မိနစ်

အချိန်တွင် အပေါင်းပါ ဝံသာနုလယ်သမား ခေါင်းဆောင်ကြီးအချို့နှင့်အတူ ဘုရားခြေတော်ရင်းတွင် ဆေးမျိုခဲ့သည်။ ထိုနေ့မှစတင်ကာ ၁၀ ရက်ကြာ ဥပုသ်ဝင်ကြသည်။

- နိုဝင်ဘာလ ၆ ရက်တွင် ဥပုသ်ထွက်ခဲ့သည်။
- ဥပုသ်ထွက်ပြီးနောက် ဟသ်ာတနှင့် ဖျာပုံခရိုင်များသို့ သွားရောက်ကာ ဝံသာနုလယ်သမားခေါင်းဆောင်ကြီးအချို့နှင့် လက်နက်ကိုင်တော်လှန်ပုန်ကန်ရန် ဆွေးနွေးသည်။
- ဒီဇင်ဘာလ ၅ ရက်၊ ညနေ ၅ နာရီအချိန်တွင် အလံတောင်၌ ပန္နက်ချ၍ ဗုဒ္ဓရာဇာမြို့ဟူသော မြို့သစ်တစ်မြို့ကို သမုတ်သည်။
- ဒီဇင်ဘာလ ၁၂ ရက်တွင် အင်းစိန်ခရိုင် (ယခု ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့)၊ ရွှေနားကွင်းရွာ ဝံသာနုခေါင်းဆောင် ဆရာစံအိမ်တွင် အစည်းအဝေး ပြုလုပ်ရာ အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ် ၂၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။ ဒီဇင်ဘာလ ၂၂ ရက်တွင် အင်္ဂလိပ်အစိုးရအား တော်လှန်ပုန်ကန်မည်ဟု ထိုအစည်းအဝေးတွင် သဘာပတိအဖြစ် မိန့်ခွန်း ပြောကြားရာ၌ ဆရာစံက ထည့်သွင်းပြောကြားသည်။
- ဒီဇင်ဘာလ ၂၁ ရက်၊ နံနက် ၉ နာရီ ၃၀ မိနစ် အချိန်တွင် အလံတောင်ပေါ်၌ တဲနန်းဆောက်လုပ်သည်။



- ဒီဇင်ဘာလ ၂၂ ရက်တွင် အင်္ဂလိပ်အစိုးရအား စတင်တော်လှန်ခဲ့သည်။
- ဒီဇင်ဘာလ ၃၁ ရက်တွင် အင်္ဂလိပ်အစိုးရက အလံတောင်ဌာနချုပ်စခန်းအား တိုက်ခိုက်သဖြင့် အလံတောင်မှ ထွက်ခွာသွားသည်။

၁၉၃၁ - ဇန်နဝါရီလ ၈ ရက်တွင် မြင်းခြံမြို့ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ကိုရင်အဖြစ် သင်္ကန်းစည်းသည်။
- ဇန်နဝါရီလ ၁၃ ရက်တွင် မန္တလေး၌ ရှိသည်။
- မတ်လ ၄ ရက်တွင် ရှမ်းပြည်တောင်ပိုင်း၊ မက်ချင်းနုသို့ ရောက်သည်။
- ဇွန်လ ၁၇ ရက်၌ ဖက်ဝန်းစခန်းတွင် အောင်ချမ်းသာမြို့ဟူသော အမည်ဖြင့် မြို့သစ်တစ်မြို့တည်ပြီး တဲနန်းတစ်ခု ဆောက်သည်။
- ဇူလိုင်လ ၁ ရက်တွင် သင်္ကန်းချွတ်၍ လူဝတ်လဲသည်။ ထိုနေ့ နံနက် ၉ နာရီ ၁၀ မိနစ် အချိန်တွင် ဘုရင်ဖြစ်ကြောင်း ဒုတိယအကြိမ် ကြေညာပြီးလျှင် ရာဇဘိသေက မင်္ဂလာပွဲကို ကျင်းပသည်။
- ဩဂုတ်လ ၂ ရက်၊ ညနေ ၃ နာရီအချိန်တွင် အဖမ်းခံရသည်။
- ဩဂုတ်လ ၄ ရက်တွင် စစ်တပ်အစောင့်အကြပ်ဖြင့် နောင်ချိုမှ သီပေါသို့ ပို့လိုက်သည်။
- ဩဂုတ်လ ၁၄ ရက်၊ ည ၈ နာရီ ၅၀ မိနစ် အချိန်တွင် သာယာဝတီဘူတာသို့ ရောက်လာသည်။

- ဩဂုတ်လ ၁၅ ရက်တွင် အထူးတရားခုံရုံးအဖွဲ့ ရုံးထိုင်ရာ သာယာဝတီခရိုင်၊ ရာဇဝတ်တရားသူကြီး ရုံး၌ စွဲချက် ၁၄ ချက်ဖြင့် စွဲချက်တင်သည်။
- ဩဂုတ်လ ၂၈ ရက်တွင် သေဒဏ်အမိန့်ချမှတ်သည်။
- စက်တင်ဘာလ ၂၉ ရက်တွင် တရားဝန်ကြီးများက အယူခံကိုပယ်ပြီး သေဒဏ်ကို အတည်ပြုခဲ့သည်။
- နိုဝင်ဘာ ၂၈ ရက် နံနက်အချိန်တွင် သာယာဝတီ ထောင်၌ ကြိုးပေးအသတ်ခံရသည်။

၀၀၀



**နောက်ဆက်တွဲ (ခ)**

## ဆရာစံ၏ ပုံပန်းသဏ္ဌာန်

အရပ် ငါးပေ လေးလက်မ၊ ပိန်ပိန်ပါးပါး၊ ခေါင်းတုံး၊ ခေါင်းသေး၍ရှည်သည်။ နဖူးကျယ်၍ ရှောသည်။ မျက်ခုံးမွေး ထူထူ၊ မျက်လုံးကြီး၍မည်းသည်။ နှာခေါင်းချွန်ချွန်၊ ပါးစပ် ကျယ်ပွင့်၍ သွားပေါ်သည်။ ရင်ကျယ်သည်။ မျက်နှာသွယ်သွယ်၊ အသားညိုညို၊ လက်ယာနဖူးတွင် အရှည် တစ်လက်မခွဲခန့် အမာရွတ်ရှိသည်။ ပေါင်နှစ်ဖက်တွင် ထိုးကွင်းအပြည့်ရှိသည်။ စကားဖြည်းဖြည်း ပြောတတ်သည်။ မတ်မတ်လမ်းလျှောက်သည်။ အတွင်းပိတ်ဖြူ လုံချည်ခံ၍ လုံချည်နှစ်ထည်ထပ်၍ ဝတ်လေ့ ရှိသည်။

အထက်ဖော်ပြပါ ဆရာစံ၏ပုံသဏ္ဌာန်မှာ အင်္ဂလိပ် အစိုးရက ဆရာစံအား ဖမ်းဆီးရမိလျှင်ဖြစ်စေ၊ ဖမ်းဆီးရမိအောင် သတင်းပေးနိုင်လျှင်ဖြစ်စေ ထိုသူအား ဆုငွေ ၅၀၀၀ိ/- ချီးမြှင့် မည်ဟု ဆရာစံ၏ဓာတ်ပုံနှင့်တကွ ကြေညာထားသော ကြော်ငြာ စာရွက်မှ ဆရာစံ၏ပုံပန်းသဏ္ဌာန် ဖော်ပြချက်ဖြစ်သည်။

၀၀၀

## နောက်ဆက်တွဲ (၈)

## ဆရာစံ၏ ဇာတာခွင်

| | | |
|---|---|---|
| | | ဝ၈ |
| လ | ၃ | ၂ |
| u ၆၉ / ၃၄ | ၁ | ၅ |

သူပုန်ထစဉ်က ဆရာစံ၏လက်ပေါ်တွင် ကောဇာအင်္ဂါဂြိုလ်သည် ရှစ်လတိုင်တိုင် နီယထုံ ကျင့်ခဲ့သဖြင့် အဘယ်မျှလောက် တော်လှန်ရေးစိတ်ဓာတ် ပြင်းထန်မည်ကို သိနိုင်၏။

၁၂၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ အင်္ဂါနေ့ ည ၁၁ နာရီ ၅၅ မိနစ်တွင် ရွှေဘိုမြို့၌ ဖွားမြင်ခဲ့သော ဆရာစံ၏ လဂ်စန်းမွေးနံမှာ စံဖဲနှင့် တူသည်ကို အံ့သြစွာတွေ့ရ၏။

တနင်္ဂနွေနေ့ကို နပ်ပကျွန်းဂြိုလ် သမသတ်မြင်သဖြင့် တော်လှန်ရေးခေါင်းဆောင်ဖြစ်ရသည်။ မူလ မရဏ စနေရာဟုကို ကောဇာဓနု စနေဂြိုလ်ဖြစ်ဆဲတွင် ကြိုးဒဏ်ခံရသဖြင့် ဗေဒင်အရ မထူးဆန်းချေ။ သေရမည်ဖြစ်၏။ အကျယ်မရေးလိုပေ။



ရာဇဝင်ပြောင်ရသည့် ဆရာစံမှာ ဆိုင်ရာပုဂ္ဂိုလ်တို့က စီစဉ်ရေးသားပေးသော အသနားခံလွှာကို လက်မှတ်ထိုးမိသဖြင့် နိုင်ငံရေးသူပုန်ခေါင်းဆောင်အဖြစ်ဖြင့် မသေရဘဲ သူခိုးဓားပြ ခေါင်းဆောင်အဖြစ်နှင့် သေရ၏။

အထက်ပါ ဆရာစံဇာတာခွင်မှာ ၁၃၁၄ ခုနှစ်၊ တန်ခူး လဆန်း ၁၃ ရက် (၁၉၅၃ ခုနှစ်၊ မတ်လ ၂၉ ရက်) တနင်္ဂနွေ နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင်ပါသော ပျဉ်းမနား ဦးသန်းမောင်၏ 'တော်လှန်ခဲ့သူ သုံးဦးနှင့် တော်လှန်ရေးဗေဒင်' ဆောင်းပါးမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

၀၀၀

## နောက်ဆက်တွဲ (ဃ)

## သာယာဝတီနယ် အရေးတော်ပုံဆိုင်ရာမြေပုံ



## ကျမ်းကိုးစာရင်း


၁။ ကောလစ်၊ မောရစ်။ ဘာသာပြန်သူ၊ လူထုဒေါ်အမာ မြန်မာပြည်တွင် စစ်ဆေးခဲ့သောအမှုအခင်းများ။ ၂ ကြိမ်။ ရန်ကုန်၊ စာပေလောက၊ ၁၉၉၉။

၂။ ချစ်မောင်၊ သခင်၊ ဝိဓူရ။ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး သခင်မြ။ ရန်ကုန်၊ ဗော့စတာ့စာပေ၊ ၁၉၇၉။

၂။ စံ၊ ဆရာ။ လက္ခဏာဗုဇကျမ်း။ ၂ ကြိမ်၊ ရန်ကုန်၊ ယမုံနာစာပေ၊ ၁၉၆၈။

၃။ စိန်စိန်။ ခရီးဝက်ပါ။ ရန်ကုန်၊ ဝင်းသစ္စာပုံနှိပ်တိုက်၊ ၁၉၇၀။

၄။ စိန်စိန်။ နှင်းသက်ဆယ်ပြန်။ ရန်ကုန်၊ မြင့်မြင့်သန်းစာပေ၊ ၁၉၆၆။

၅။ တို့ဗမာအစည်းအရုံးသမိုင်း (ပထမတွဲ၊ ဒုတိယတွဲ)။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၆။

၆။ တင်အောင်၊ ဗန်းမော်။ ငြေ။ ရန်ကုန်၊ ကျော်ဦးစာပေ၊ ၁၉၆၁။

၇။ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမား အရေးတော်ပုံ။ ရန်ကုန်၊ ပြန်ကြားရေးဌာန၊ ၁၉၆၅။

၈။ ၁၉၃၀-၃၂ ခုနှစ်များအတွင်း မြန်မာပြည်တွင် သူပုန်ထကြွမှုဖြစ်ပွားရင်းအကြောင်းနှင့် မည်သည့်အတွက် ထိုသို့ဖြစ်ပွားရသည့်အကြောင်းအရာများ၊ ရန်ကုန်၊ ၁၉၃၄။

၉။ ထင်ကြီး၊ တက္ကသိုလ် ။ မြန်မာနိုင်ငံ သတင်းစာများအညွှန်း (ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန် ၁၉၉၂။

၁၀။ နှစ်ငါးဆယ်ကမ္ဘာ့ရေးရာ (ဒုတိယတွဲ)။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၅၆။

၁၁။ ဖေမောင်တင်၊ ဦး။ မြန်မာစာပေသမိုင်း။ ၂ ကြိမ်၊ ရန်ကုန်၊ အောင်စည်စာပေတိုက်၊ ၁၉၇၁။

၁၂။ ဖိုးကျား၊ ဦး၊ အမျိုးသားပညာဝန်။ မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ။ ရန်ကုန်၊ ၂ ကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၂၀၀၀။

၁၃။ ဖိုးဖြူ ရဲဘော်။ ဗြိတိသျှစိုးမိုးသူအား ကျွန်ုပ်တို့တော်လှန် ကြစဉ်က။ ရန်ကုန်၊ တော်ဝင်ပုံနှိပ်တိုက်၊ ၁၉၆၅။

၁၄။ ဗဆွေ၊ သခင်။ ဗမာ့ပုန်ကုန်မှုများ။ ရန်ကုန်၊ အောင်လံတော် စာအုပ်တိုက်၊ ၁၉၄၀။

၁၅။ ဘခိုင်၊ ဦး (ဖေဘီယန်)။ မြန်မာပြည်နိုင်ငံရေးရာဇဝင်။ ၃ ကြိမ်၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၉။

၁၆။ ဘမောင်၊ သခင်။ ဝံသာနုအရေးတော်ပုံသမိုင်း (၁၉၀၆-၁၉၃၆)။ ရန်ကုန်၊ စာလုပ်ငန်းပုံနှိပ်တိုက်၊ ၁၉၇၅။

၁၇။ ဘသောင်း၊ ဗိုလ်မှူး။ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ၅ ကြိမ်။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၀၂။

၁၈။ ဘဦး၊ ဒေါက်တာ၊ ဘာသာပြန်သူ စိန်ဝင်းစိန်။ ကျွန်ုပ်၏ မြန်မာနိုင်ငံ။ ရန်ကုန်၊ လောကသစ်စာပေ၊ ၂၀၁၀။

၁၉။ မမလေး၊ ဂျာနယ်ကျော်။ သူလိုလူ။ ၅ ကြိမ်။ ရန်ကုန်၊ ပုဂံ စာအုပ်တိုက်၊ ၁၉၆၇။

၂၀။ မဟာဆွေ၊ အကျိုးဆောင်ကြီး။ ရန်ကုန်၊ သူရိယ သတင်းစာ တိုက်၊ ၁၉၅၃။



၂၁။ မင်းခေါင်၊ ဗိုလ် (ရွှေတူ)။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော် သုံးကျိပ်။ ရန်ကုန်၊ ရွှေတူစာအုပ်တိုက်၊ ၁၉၆၈။

၂၂။ မြင့်ဆွေ၊ ဦး။ ကိုလိုနီခေတ်စာပေလှုပ်ရှားမှု။ ရန်ကုန်၊ မြန်မာ ပြည် စာအုပ်တိုက်၊ ၁၉၇၀။

၂၃။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၄) (စောင်း-တူ)။ ၃ ကြိမ်။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၇။

၂၄။ မှိုင်း၊ မောင်၊ မစ္စတာ။ ဂဠုန်ပျံဒီပနီဋီကာ။ ရန်ကုန်၊ သူရိယ သတင်းစာတိုက်၊ ၁၉၃၃။

၂၅။ ရဲထွဋ်လှ။ နယ်ချဲ့တော်လှန် ဆရာစံ။ ရန်ကုန်၊ ဗမာအမျိုးသမီး ပုံနှိပ်တိုက်၊ ၁၉၈၈။

၂၆။ ရွှေမျှား၊ ဒဂုန်။ ဆရာစံ (၁၉၃၀ ပြည့်နှစ်၊ အရေးတော်ပုံ မှတ်တမ်း)။ ရန်ကုန်၊ စာပေဗိမာန်၊ [ထုတ်ဝေခုနှစ် မတွေ့ရ။]

၂၇။ ရွှေလေးမောင်။ ပြည်သူချစ်ခဲ့သော ရုပ်ရှင်အနုပညာသည် ကြီးများ။ ရန်ကုန်၊ ပင်းယစာအုပ်တိုက်။ [ထုတ်ဝေခုနှစ် မတွေ့ရ။]

၂၈။ လေးမောင်၊ ဦး။ မြန်မာ့နိုင်ငံရေးသမိုင်း၊ (ပထမတွဲ၊ ဒုတိယ တွဲ)။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၃။

၂၉။ လှ၊ ဦး၊ လူထု။ ကျွန်တော်သတင်းထောက်။ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၇၁။

၃၀။ လှကြိုင်၊ ဦး (ပါရဂူ)။ မြန်မာအတ္ထုပ္ပတ္တိသမိုင်း၊ အတ္ထုပ္ပတ္တိ စာပေမှု။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁။

၃၁။ လှဒင်၊ ဦး (အမျိုးသား)။ သာယာဝတီသမိုင်း။ ရန်ကုန်၊ မြန်မာ့ တံခွန်ပုံနှိပ်တိုက်၊ ၁၉၇၆။

၃၂။ ခေတ်စမ်းပုံပြင်ခေါ် ခေတ်စမ်းဝတ္ထုတိုများ (ပထမတွဲ၊ ဒုတိယတွဲ)။ သိပ္ပံမောင်ဝ (နှင့်အခြား)။ ၃ ကြိမ်။ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၆။

၃၃။ သာတင်၊ ဦး (မာဃ)။ ဆေးပညာစာပေ၊ ပညာရပ်ဆိုင်ရာ မြန်မာစာပေစာတမ်းများ၊ (ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၄။

၃၄။ သာယာဝတီမြို့နယ် (၁၈၇၈-၁၉၇၈) နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာတမ်း (လက်နှိပ်စက်မူ)။ သာယာဝတီ၊ [ထုတ်ဝေသူမတွေ့ရ]၊ ၁၉၇၈။

၃၅။ ဟန်တင်၊ စစ်ကိုင်း။ မြန်မာနိုင်ငံတော်မှတ်တမ်း (တတိယတွဲ)၊ ရန်ကုန်၊ ပြည်သူ့အာဏာ စာအုပ်တိုက်၊ ၁၉၆၇။

၃၆။ အမာ၊ ဒေါ်၊ လူထု။ ရွှေရိုးဘကလေး(ပထမတွဲ)။ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၉။

၃၇။ အောင်သိန်း၊ ဆင်ဖြူကျွန်း။ ဂဠုန်ဆရာစံ၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၄။

၃၈။ Harvey, G.E. British Rule in Burma. 1824-1942. London, Faber& Faber, Ltd, 1946.

၃၉။ Kenji, Ino. A Note on the Burmese Peasant Rebellion 1930-1932 Burma and Japan; Basic Studies on their Cultural and Social Structure, Tokyo, Burma Research Group, 1987.


○○○



## စာတမ်းများနှင့် စာနယ်ဇင်းဆောင်းပါးများ


၁။ ကြီးမောင်။ သေသည်အထိ တော်လှန်ခဲ့သောလယ်သမားခေါင်းဆောင်ကြီး။ ရှုမဝမဂ္ဂဇင်း၊ အတွဲ-၁၇၊ အမှတ်-၂၀၂၊ မတ် ၁၉၆၄။

၂။ စိုးရှိန်။ ၁၂၉၂ ခုနှစ်၊ တောင်သူလယ်သမားအရေးတော်ပုံ မှတ်တမ်း။ ငွေတာရီမဂ္ဂဇင်း၊ အမှတ်-၁၀၅၊ မတ်လ၊ ၁၉၆၉။

၃။ စန်းရွှေ၊ ဒေါ်။ တောင်သူလယ်သမားအရေးတော်ပုံ။ ပညာလောက စာစောင်၊ အတွဲ-၉၊ အမှတ်-၃၊ ဇူလိုင်လ၊ ၁၉၇၀။

၄။ ဇွဲသန်းသျှင်း (သုံးဆယ်)။ ဇာတိဇွဲမာန် ဆရာစံ။ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၊ (၂၆) နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်စာစောင်၊ စက်တင်ဘာလ၊ ၁၉၉၈။

၅။ ဇွဲသန်းသျှင်း(သုံးဆယ်)။ သိပ္ပံမောင်ဝနှင့် သူပုန်အငွေ့။ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၇။

၆။ မောင်ကြီး၊ ဦး၊ လယ်တီပဏ္ဍိတ။ သူပုန်ဟူသောစကားအဓိပ္ပာယ်ကို အကျယ်ဖော်ပြချက်။ ဒဂုန်မဂ္ဂဇင်း၊ အတွဲ-၁၁၊ အမှတ်-၁၃၂၊ ဩဂုတ်လ၊ ၁၉၃၁။

၇။ မောင်မောင်ကြည်။ ရာမညရောက် ဆရာစံ။ မြဝတီ မဂ္ဂဇင်း၊ အတွဲ-၁၃၊ အမှတ်-၅၊ မတ်လ၊ ၁၉၆၅။

၈။ မင်းယုဝေ။ လယ်သမား သူပုန်ခေါင်းဆောင်ကြီးဆရာစံ။ ငွေတာရီမဂ္ဂဇင်း၊ အမှတ်-၆၉၊ မတ်လ၊ ၁၉၆၆။

၉။ မြင့်၊ ဆရာ၊ ဒါရိုက်တာ။ ဆရာစံတော်လှန်ရေး။ မြဝတီ မဂ္ဂဇင်း၊ အတွဲ-၇၊ အမှတ်-၃၊ ဇန်နဝါရီလ၊ ၁၉၅၉။

၁၀။ လွမ်းနွယ်၊ မောင် (အောင်လံ)။ ထိုးခုတ်သတ်ပုတ် ခုန်ပျံ ကျော်လွှား စတန့်ဇာတ်ကားများနှင့် နိမိတ်ပုံ။ ရုပ်ရှင် အမြုတေ၊ အတွဲ-၁၊ အမှတ်- ၉၊ ဒီဇင်ဘာလ၊ ၂၀၀၄။
၁၁။ လှကျော်၊ ဦး (မော်လမြိုင်)။ ကျွန်တော်သိခဲ့သော ဂဠုန် ဆရာစံ။ အိုးဝေဂျာနယ်၊ အမှတ်-၃၈၊ (၁-၃-၇၀)။
၁၂။ သစ်လွင်၊ မောင် (လူထု)။ ငါးမည်ရဆရာစံ၏ဘဝ အထွေထွေ။ ငွေတာရီမဂ္ဂဇင်း၊ အမှတ်-၁၀၅၊ မတ်လ၊ ၁၉၆၉။
၁၃။ သစ်လွင်၊ မောင် (လူထု)။ သီပေါရောက် ဆရာစံ။ ဟံသာဝတီ သတင်းစာ (၂-၁-၇၇)။
၁၄။ သန်းထွန်း၊ ဒေါက်တာ။ မြန်မာနိုင်ငံနှင့်ဆေးပညာ။ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ-၆၊ အမှတ်- ၃၊ ဇူလိုင်လ ၁၉၇၁။
၁၅။ သန်းမောင်၊ ဦး။ တော်လှန်ခဲ့သူသုံးဦးနှင့် တော်လှန်ရေး ဗေဒင်။ မြန်မာ့အလင်းသတင်းစာ၊ ၁၉၅၃ ခုနှစ်၊ မတ်လ ၂၉ ရက်၊ တနင်္ဂနွေနေ့။

ooo

## စာကြည့်တိုက်တွင်သုံးရန်

၉၂၃.၂
ဖွဲ့ ဖွဲ့သန်းသျှင်း (သုံးဆယ်)
သူ့ကျွန်မခံ ဆရာစံ/ဖွဲ့သန်းသျှင်း (သုံးဆယ်)။ -- ရန်ကုန်၊ စာပေဗိမာန်၊ ၂၀၁၉။
၁၉၂ စာ၊ ပုံများ၊ ၁၈ စင်တီ။ -- (စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်)
၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆုရ စာအုပ်ဖြစ်သည်။
၁။ စံ၊ ဆရာ
(၁) သူ့ကျွန်မခံ ဆရာစံ
(၂) စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်



၂၀၁၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု

သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆု

# သူ့ကျွန်မခံ ဆရာစံ

## ဇွဲသန်းသျှင်း (သုံးဆယ်)

အဖ ဦးမောင်လင်း၊ အမိ ဒေါ်မယ်သီတို့က ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ စံရွှေးကျေးရွာ၌ မွေးဖွားခဲ့သည်။ မွေးချင်း ရှစ်ယောက်တွင် ဆဋ္ဌမမြောက်သားဖြစ်သည်။

စံရင်းကျေးရွာ အလယ်တန်းကျောင်း၊ ရန်ကုန်မြို့ အ·ထ·က သမိုင်း (မြို့မ)၊ အ·ထ·က (၁) အင်းစိန်တို့တွင် ပညာသင်ယူခဲ့သည်။

တပ်မတော် (လေတပ်) အပတ်စဉ် ၁/၆၈ သို့ တက်ရောက်ခဲ့ပြီး ခြောက်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် ဒဿနိကအဓိကဖြင့် ပြင်ပဝိဇ္ဇာဘွဲ့နှင့် ၁၉၈၁ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲကို အောင်မြင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ပညာရေးဌာန၌ မူလတန်းပြဆရာအဖြစ် ခြောက်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည်။

၁၉၈၃ ခုနှစ်၊ မေလထုတ် သွေးသောက်မဂ္ဂဇင်းတွင် "ပီမိုးနင်းနှင့်ကဗျာ" ဆောင်းပါးဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ သွေးသောက်မဂ္ဂဇင်း၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ယုဝတီဂျာနယ်၊ ရန်ကုန်တိုင်းဂျာနယ်၊ မော်နီတာဂျာနယ်၊ ဒီလိုင်းစာစောင်တို့တွင် ဆောင်းပါးများ ရေးသားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် "ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများကပြောသည့် ပြည်သူချစ်သော ဗိုလ်ချုပ်အောင်ဆန်း" စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအထိမ်းအမှတ်အဖြစ် "ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ပြောသည့် . . ." စာအုပ်ကို ရေးသားခဲ့သည်။

အမည်ရင်း - ဦးသန်းသျှင်း ဖြစ်သည်။

နေရပ်လိပ်စာ - ဘုရားကြီးလမ်းရပ်ကွက်၊ အောင်မင်္ဂလာကွက်သစ်၊<br>သုံးဆယ်မြို့ ပဲခူးတိုင်းဒေသကြီး။